www.burmeseclassic.com

သူရဿတီမဂ္ဂဇင်း(၁၄)နှစ်ပြည့်လက်ဆောင်

BURMESE CLASSIC

ဆရာဦးမောင်မောင်သန်း
(ရှင်ကိုအေးမြင့်ဝေအား)

# မြန်မာနှစ် ၁၃၇၇ ခုနှစ်

(၁၇-၄-၂၀၁၅ မှ ၁၆-၄-၂၀၁၆ အထိ)

ခုနှစ်ရက်သားသမီးများအတွက်
အသက်အပိုင်းအခြားအလိုက်
ဆောင်ရန် ရှောင်ရန်နှင့်
အစီအရင်များ



www.burmeseclassic.com

www.burmeseclassic.com

(၁၄)နှစ်ပြည့်သူရဋ္ဌမဂ္ဂဇင်းနှင့်အတူ ပူးတွဲဖြန့်ချိပါသည်။

၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ

**အဖုံးပန်းချီ** ကိုကိုးအောင်၊ **ဖလင်** color king **ထုတ်ဝေသူ** ဦးအောင်မြတ် ပညာရွှေတောင်စာအုပ်တိုက် (မြဲ - ၀၃၉၄၅)၊ **မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်** ဦးဝင်းအောင် သန်းတိုက်ရတနာအော့ဖ်ဆက် မြဲ (၀၅၁၃၁)၊ အမှတ် ၈၄၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပညာရွှေတောင်စာအုပ်တိုက်

# မြန်မာနှစ် ၁၃၇၇ ခုနှစ်

## (၁၇-၄-၂၀၁၅ မှ ၁၆-၄-၂၀၁၆ အထိ)

## ခုနစ်ရက်သားသမီးများအတွက် အသက်အပိုင်းအခြားအလိုက် ဆောင်ရန်၊ ရှောင်ရန်နှင့် အစီအရင်များ

**ဆရာဦးမောင်မောင်သန်း**
(ရင်ကိုအေးမြစေသား)

သူရဋ္ဌမဂ္ဂဇင်း(၁၄)နှစ်ပြည့်လက်ဆောင်

ပညာရွှေတောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

## လူတို့သည်...

လောဘကို ဆုပ်ကိုင်လိုက်သည့်အခါ...
စည်းစိမ်ချမ်းသာတို့ လက်လွှတ်သွား၏။

ဒေါသကို ဆုပ်ကိုင်လိုက်သည့်အခါ...
သစ္စာတရားတို့ လက်လွှတ်သွား၏။

မောဟကို ဆုပ်ကိုင်လိုက်သည့်အခါ...
အကျင့်သီလတို့ လက်လွှတ်သွား၏။

တိုအခါ...
**မမြဲသောတရားတို့...**
မြဲလေတော့သတည်း။

**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**



*အသက်ရှင်သမျှကာလပတ်လုံးမှသည်...*
*နောက်ဆုံးထွက်သက်အထိ*
*မာတာမိခင် ကျေးဇူးရှင်ကြီး ဒေါ်ငွေသိန်း၏*
*ခြေအစုံကို ဦးခေါင်းဖြင့် ထာဝရ ရှိခိုးပါ၏။*
*ခုနစ်ရက်သားသမီးများအား...*
*ဤစာအုပ်ဖြင့် ပညာပါရမီဖြည့်လိုက်ရခြင်းသည်*
*ဆပ်၍မကုန်နိုင်သော...*
*မိခင်ကြီး၏ မေတ္တာတော် ကျေးဇူးအနန္တကို*
*သမုဒ္ဒရာပြင်ထက် ရေတစ်ပွက်မျှ*
*တုံ့ပြန်လိုက်ရသည်မည်ပါစေသတည်း...။*
*အာစရိယဆရာသခင် ကျေးဇူးရှင်ဖြစ်သော*
*ဆရာဦးသန့်ဇင်နှင့်*
*သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံးတို့အား*
*ရိုသေစွာ ရှိခိုးပါသည်။*

**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**



www.burmeseclassic.com

www.burmeseclassic.com

# ဝဆကြာဂါထာ

ဝရဗုဒ္ဓေါ
ဝရဓမ္မော
ဝရသံဃော
ဝရသရဏော
ဝရစေတော
ဝရံဒေတု
ဝရေဟိမေ
ဝရံ
ဝရံ။

✻

ပညာရွှေတောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

## သစ္စာအနက် (၁၆) ချက် ပထမံဂါထာ

ပထမံ သက လက္ခဏာ မေကပဒံ
ဒုတိယာဒိ ပဒဿ နိဒ္ဒဿနတော
သ·မ·နီ ဒု·နိ·မာ သ·မ·ဒူ သ·နို·ဒူ
ကမတော ဝိဘာဇေ ပထမေ န ဝိနာ။

✻

## အပြင်အောင်မြင် (၈) ပါးဂါထာ

မာရံ ယက္ခံ ဂဇံ စောရံ
စိဉ္စမာနဉ္စ သစ္စကံ
နာဂံ ဗကံ ဇိနိ ဇိနော
ဟောတု မေ ဇယ မင်္ဂလံ။

✻



## ဖုဋ္ဌဿဂါထာတော်

ဖုဋ္ဌဿ လောက ဓမ္မေဟိ
စိတ္တံ ယဿ န ကမ္ပတိ
အသောကံ ဝိရဇံ ခေမံ။

✻



www.burmeseclassic.com

www.burmeseclassic.com

## သရဏဂုံ (၃၀)

ဇာတိ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဇာတိ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဇာတိ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
ဘောဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဘောဂ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဘောဂ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
ဇီဝိတ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဇီဝိတ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဇီဝိတ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
ယာဝဇီဝံ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ယာဝဇီဝံ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
ယာဝဇီဝံ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
မရဏ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
မရဏ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
မရဏ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
မရဏ ကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
မရဏ ကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
မရဏ ကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။



အရဟတ္တ မဂ္ဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
အရဟတ္တ မဂ္ဂ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
အရဟတ္တ မဂ္ဂ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
အရဟတ္တ မဂ္ဂ ကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
အရဟတ္တ မဂ္ဂ ကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
အရဟတ္တ မဂ္ဂ ကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာန ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
နိဗ္ဗာန ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
နိဗ္ဗာန ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာန ကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
နိဗ္ဗာန ကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
နိဗ္ဗာန ကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

**အတိုကောက်မှတ်သားရန်-**

ဇာ-ဘော-ဇီ-ယာ-မ-မ-အ်-အ-နိ-နိ

*



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖို့ကတော့ ငွေကြေးနဲ့ပတ်သက်တဲ့အမှုအခင်းဖြစ်လာပြီး ကိုယ့်ဆီမှာ ညအိပ်မယ့်သူ့ကို ရှောင်ရပါလိမ့်မယ်။ ကူညီလို့ရပေမယ့် ညအိပ်မယ်ဆိုရင် စဉ်းစားပါ။

ကားဟောင်းမဝယ်ပါနဲ့။ အရှုပ်အရှင်းဖြစ်တတ်ပါတယ်။ စက်ပစ္စည်းဝယ်ချင်ရင်လည်း သေချာဂရုစိုက်ဝယ်ပါ။

အိမ်ဝယ်လို့ရပေမယ့် သေချာဂရုစိုက်ပါ။ ပြဿနာဟောင်းရှိထားတဲ့အိမ်မျိုး ဖြစ်နေတတ်ပါတယ်။

ဖြစ်နိုင်ရင်တော့ ဒီနှစ်ထဲမှာ ငွေပိုငွေလျှံရှိရင် ဘဏ်မှာအပ်ထားလိုက်ပါ။ လက်ထဲမှာထားရင် အကြောင်းအမျိုးမျိုးနဲ့ ကုန်တတ်ပါတယ်။ ရွှေဖြစ်ဖြစ် ဝယ်စုရင်စုပါ။ လုပ်ငန်းထဲ ထည့်ရင်ထည့်ပါ။ လက်ထဲမှာထားရင် သူများလာချေးတတ်ပါတယ်။

လုပ်ငန်းသစ် စတင်ချင်ရင် ဗုဒ္ဓဟူးနေ့ မနက် (၇) နာရီတိတိမှာ စတင်ပါ။

ပညာရေးကံတွေ တော်တော်ကောင်းနေပါတယ်။ သူများတတောင် ကိုယ့်ကို အတုယူရပါလိမ့်မယ်။ ကိုယ်ကသာ မပေါ့လိုက်ပါနဲ့။

လုပ်ငန်းခွင်ထဲမှာ ဆံင့်ကဲ တိုးတက် ပြောင်းလဲခြင်းတွေ၊ တာဝန်ပိုကြီးလာပြီး တာဝန်မြင့်မားတာတွေ ကြုံရပါလိမ့်မယ်။ အလုပ်စာမေးပွဲဖြေရင်လည်း အောင်ပါပြီ။

ချစ်တတ်သူတွေက အသက်ကြီးတဲ့ အမျိုးသမီးတစ်ယောက်ယောက်နဲ့ပတ်သက်ပြီး စကားပြောရင်း စိတ်သဘောထားမတိုက်





ဆိုင်မှုတွေဖြစ်တတ်လို့ စကားပြောဆင်ခြင်ပါ။ ငှက်လေးတွေ၊ ငါးလေးတွေကို ခဏခဏ အစာကျွေးပါ။

ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး ဘယ်ကိစ္စပဲဖြစ်ဖြစ် အရေးတကြီးကိစ္စတစ်ခုခုလုပ်တော့မယ်ဆိုရင် ဘုရားတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင်ငါးတိုင် ထွန်းညှိပူဇော်ပြီးမှ လိုရာကိစ္စဆီသွားပါ။ အောင်မြင်ပါပြီ။

ကျန်းမာရေးက ဆီးနဲ့ဆိုင်တဲ့ဝေဒနာမျိုးကို မဖြစ်အောင် ဂရုစိုက်ပါ။ ခါးနာတတ်၊ ခြေနာတတ်လို့ အလေးအပင် မ,မပါနဲ့။

ပရိမိတ္တဇာလသုတ်၊ ရတနာသုတ်၊ ဓာရဏပရိတ်တော်၊ မဟာသမယသုတ်တွေကို အမြဲ့နှုတ်ပြုပြီး ရွတ်ဖတ် ပူဇော်ပါ။ လမ်းများများလျှောက်ပေးပါ။ ရေများများသောက်သင့်ပါတယ်။

ကာယကံရှင်ဟာ မိန်းကလေးဖြစ်နေရင် ခင်ပွန်းသည်နဲ့ မကြာခဏ ရန်မဖြစ်ဖို့ အရေးကြီးပါတယ်။ ဒါမှ အိမ်ထောင်ရေး အဆင်ပြေမှာပါ။ အိမ်မှာရှိတဲ့ အကျိုးအစုတ်အပဲ့တွေ ထုတ်ပစ်ပါ။

တစ်နှစ်လုံးယကြာက ဘုရားရှင်ကို နံနက်တိုင်း သောက်တော်ရေ၊ မျက်နှာသစ်တော်ရေ ကပ်လှူပူဇော်ပါ။ (၁၅) မိနစ်၊ နာရီဝက် ဘုရားဝတ်ပြုပါ။ ဘုရား၊ စေတီ၊ ပုထိုးတွေကို မကြာမကြာသွားပြီး မုန့်လုံးရေပေါ်ဆွမ်းတော်ကပ်လှူပါ။ ကြာဟ် (၈) ခွင် ကပ်လှူနိုင်လေ ကောင်းလေပါပဲ။ ဘုရားရုပ်ပွားတော်ကို မကြာမကြာ ရွှေပြားသကန်းကပ်လှူပူဇော်ပါ။

ထီထိုးချင်ရင် ၄၊ ၈၊ ၅၊ ၆ ဂဏန်းတွေနဲ့ ကံစပ်ရေး



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူးနံ၊ ကြာသပတေးနံ့ထီဆိုင်တွေမှာထိုးပါ။

ကိုယ့်နာမည်ဟာ တနင်္ဂနွေစပြီး ကြာသပတေးပိတ်မှည့်ထား တဲ့ အေးဘုံ၊ အောင်ပန်၊ အိပိုင်လိုမျိုး ဖြစ်နေရင်တော့ လောင်း ကစားတို့၊ မူးယစ်တာတို့ ရှောင်ပါ။ စကားပြောဆင်ခြင်ပါ။ ရတနာမြတ် (၃) ပါးရဲ့အရိပ်တော်ကို ခိုလှုံပါ။ ကိုယ့်ကိုယ်ကိုယ် အသိတရားလေးနဲ့ အမြဲနေပါ။

**တနင်္ဂနွေသားသမီးများ-**

အသက် ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄၊ ၈၂၊ ၉၀ ဆိုတဲ့ အသက်အပိုင်းအခြားတွေရောက်ပြီဆိုရင်တော့-

စီးပွားရေး၊ လူမှုရေး၊ ပညာရေး အောင်မြင်လိုတဲ့ ဘယ် ကိစ္စပဲဖြစ်ဖြစ် စနေနာမည်ရှင်တွေနဲ့ ဘာမဆို တိုင်ပင်ပါ။ အကြံ ဉာဏ်ယူပါ။ ကိုယ်ကတော့ သည်းခံရပါလိမ့်မယ်။

မိတ်ဟောင်းဆွေဟောင်းတွေထဲက အင်္ဂါနာမည်ရှင်တွေဆို ရင်လည်း အကျိုးပေးပါလိမ့်မယ်။ မိတ်ဟောင်းဆွေဟောင်းထဲကပဲ ဗုဒ္ဓဟူးနာမည်ရှင်တွေဆိုရင်လည်း အကျိုးပေးပါတယ်။ ခက်ခက် ခဲခဲနဲ့ အကျိုးပေးပါတယ်။ ချက်ချင်းမဟုတ်ပေမယ့် တဖြည်းဖြည်း တော့ အောင်မြင်တတ်ပါတယ်။

ကြာသပတေးနာမည်ရှင်တွေနဲ့ဆိုရင်တော့ ခင်လို့ရပေမယ့် စီးပွား စပ်တူလုပ်တာမျိုးဆိုရင် ကံမစပ်ပါဘူး။

(၁) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။ အရေးတကြီးကိစ္စ





ဆောင်ရွက်မယ်ဆိုရင် အင်္ကျီအနီရဲရဲပြောင်ဝတ်မသွားပါနဲ့။

ရှောင်ဖို့ကတော့ သူတစ်ပါးကို အာမခံပေးခြင်းပါပဲ။ ရှောင် ပါ။ ဘယ်ကိစ္စမှ အာမမခံပါနဲ့။ ကိုယ်တိုင်လည်း သူများကြား မညပ်အောင် သတိထားပါ။ သူများပြဿနာဟာ ကိုယ့်ပြဿနာ ဖြစ်သွားတတ်ပါတယ်။ ဒီနှစ်မှာ အိမ်ဆောက်ရင်တောင် ကြွေး တင်သွားတတ်ပါတယ်။ အိမ်နဲ့ပတ်သက်ပြီး စိတ်ညစ်ရတတ်ပါ တယ်။

သော့ချိတ်တွေ၊ သံဟောင်းတွေ၊ သစ်ဟောင်းတွေဝင်လာရင် စိတ်ညစ်ရတတ်ပါတယ်။

ဝင်ငွေရှိပေမယ့်လည်း အကုန်အကျတွေက များနေတတ်လို့ ဘယ်လိုမှ တန်ဖိုးမရှိတဲ့ကျောက်တွေ ဝင်မလာပါစေနဲ့။ ခွေးတွေ၊ ကြောင်တွေ ဒီနှစ်မှစပြီး မွေးချင်စိတ်ပေါက်လာရင် နည်းနည်း ဆင်ခြင်လိုက်ပါဦး။

ပညာရေးနဲ့ပတ်သက်ပြီး ကောင်းပေမယ့် ကိုယ်တိုင်စိတ်က ထွက်ချင် သွားချင်လာချင်တာများနေတတ်လို့ မပေါ့စေချင်ပါဘူး။ အပေါင်းအသင်းခင်လို့ရပါတယ်။ ကိုယ့်ပညာရေးလည်း ဂရုစိုက် ပါ။

လုပ်ငန်းခွင်ထဲမှာ ပင်ပန်းတတ်ပါတယ်။ တာဝန်ယူရမှုက တစ်မျိုး၊ ကိုယ်လုပ်နေရတာက တစ်မျိုးဖြစ်ပြီး ကြားညပ်သလို စိတ်ဖိစီးမှုများနေတတ်ပါတယ်။

ကိုယ်ပိုင်လုပ်ငန်းရှိသူတွေက နောက်လုပ်ငန်းတွေကို ချဲ့



www.burmeseclassic.com

www.burmeseclassic.com



လှမ်းချင်နေပါလိမ့်မယ်။ အဆောက်အအုံနဲ့ပတ်သက်ရင်တော့ စဉ်းစားပါ။

လုပ်ငန်းသစ်စတင်ချင်ရင် စနေနေ့ မနက် (၇) နာရီတိတိမှာ စတင်လိုက်ပါ။

ချစ်တတ်သူတွေကတော့ အရေးအကြီးဆုံးပြောရရင် သစ္စာရှိဖို့ပါပဲ။ စိတ်ကစားခြင်းတွေ ခဏခဏဖြစ်နေတတ်လို့ပါ။ နှစ်ယောက်လုံး အနီရောင်ဝတ်ပြီး ဆုံစကားပြောတာရှောင်ပါ။ ငှက်လေးတွေကို ကြံ့တိုင်း အစာကျွေးပါ။

အရေးတကြီးကိစ္စတစ်ခုခုလုပ်တော့မယ်ဆိုရင် ဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ (၇) ဆူကုန်သော ဘုရားရှင်တို့ကို ရည်မှန်းပြီး ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၇) တိုင် ထွန်းညှိပူဇော်ပါ။ ပြီးမှသွားပါ။

တစ်နှစ်လုံးယတြာကတော့ အိမ်နဲ့နီးတဲ့ဘုရားကို ခြေကျင်လျှောက်သွားပါ။ ဘုရားရောက်ရင် တံမြက်စည်းလှည်း၊ အမှိုက်ကောက်ပါ။ ပြီးမှ ဘုရားရှိခိုးပါ။ တစ်လတစ်ကြိမ်ပြုလုပ်ပါ။

အိမ်မှာကတော့ မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို တနင်္လာန်းဆွမ်းတွေနဲ့ ကပ်လှူပါ။ ကော်ဖီ၊ ကျောက်ကျော၊ ကိတ်မုန့်။ ပြီးရင် ဂုဏ်တော်ကွန်ချာ၊ ဂုဏ်တော်စက်ဝန်း၊ ပုတီးစိပ်ပါ။ ရွတ်ပါ။ တစ်နှစ်လုံးပြုလုပ်ပါ။

ဦးခေါင်းမူးဝေလာတဲ့ထိ အစာမခံပါနဲ့။ အပူအစပ်တွေ အလွန်အကျွံမစားပါနဲ့။ တက်စာတွေ တော်တော်များများ သတိထားစားပါ။

စကားပြောဆင်ခြင်ပါ။ ကြမ်းလာတတ်လို့ အိမ်ထောင်ရေး၊ လူမှုရေး၊ အချစ်ရေးတွေမှာ မဖြစ်သင့်တာတွေ ဖြစ်လာတတ်ပါတယ်။

ကာယကံရှင်က အမျိုးသားဖြစ်ရင် ဇနီးသည်ကို စကားပြောဆင်ခြင်ပါ။

ကျန်းမာရေးနဲ့ဆိုင်ရင် ဓာရဏပရိတ်တော်ကို အမြဲသန့်နဲ့ ရွတ်ပါ။ ဆေးမကြာခဏလှူပေးပါ။ သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။ မကြာခဏလှူပါ။

ထီထိုးချင်ရင် ၇၊ ၂၊ ၉၊ ၃ ဂဏန်းတွေနဲ့ကံစပ်ပြီး စနေနံထီဆိုင်မှာ ကံစမ်းပါ။

ကိုယ့်နာမည်ဟာ တနင်္ဂနွေစပြီး ဗုဒ္ဓဟူးပိတ်နေတဲ့ အေးလှ၊ အိရှင်၊ အောင်လွှမ်း၊ အုန်းဝေ လိုမျိုး ဖြစ်နေပြီဆိုရင်တော့ ဘယ်သူ့ကိစ္စကိုမှ ဘာအကြောင်းနဲ့မှ အာမမခံပါနဲ့။ ဒုစရိုက်မှန်သမျှ အကုန်ရှောင်ပါ။ နှစ်စကစပြီး သမ္ဗုဒ္ဓေဂါထာတော်ကို (၁၀၈) ခေါက် ရအောင်ရွတ်ပါ။

### တနင်္ဂနွေသားသမီးများ–

အသက် ၁၉၊ ၂၀၊ ၂၇၊ ၂၈၊ ၃၅၊ ၃၆၊ ၄၃၊ ၄၄၊ ၅၁၊ ၅၂၊ ၅၉၊ ၆၀၊ ၆၇၊ ၆၈၊ ၇၅၊ ၇၆၊ ၈၃၊ ၈၄၊ ၉၂၊ ၉၃ ဆိုတဲ့နှစ်ရိုးတွေ ရောက်ပြီဆိုတာနဲ့–







www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် စနေနာမည်ရှင်တွေနဲ့ တိုင်ပင်တာတို့၊ အကြံဉာဏ်ယူတာတို့၊ အကူအညီတောင်းတာတို့ ပြုလုပ်ရတော့မှာ ဖြစ်ပါတယ်။ ဒါပေမယ့် စနေစ၊ ကြာသပတေး ပိတ်မှည့်ထားတဲ့ တိုးမြတ်၊ ထွန်းပ၊ တင်ပျိုလို နာမည်တွဲမျိုးဆိုရင်တော့ အကျိုးမပေးတော့ပါဘူး။ ရှောင်ပါ။

နောက်ထပ် အကျိုးပေးတာကတော့ အင်္ဂါပါ။ သည်းတော့ ခံရပါလိမ့်မယ်။ သောကြာနာမည်ရှင်တွေက အကျိုးပေးပေမယ့် ကိုယ့်အတွက် အချိန်အပြည့်မပေးနိုင်ဘဲ သွားသွားလာလာနဲ့သာ တွေ့နေရတတ်လို့ စိတ်တော့ရှည်ရပါလိမ့်မယ်။

ကြာသပတေးကတော့ ကောင်းကောင်း၊ ဆိုးဆိုး ဆက်ဆံနေရမှာပါ။ ဗုဒ္ဓဟူး၊ တနင်္ဂနွေနာမည်ရှင်တွေနဲ့က ခင်လို့ရပါတယ်။ အရေးတကြီးကိစ္စရှိရင် ခေါ်သွားတာတို့၊ တိုင်ပင်တာတို့၊ စီးပွားစပ်တူလုပ်မှာတို့ဆိုရင် ရှောင်လိုက်ပါ။

တနင်္လာကတော့ ကိုယ့်အပေါ် စေတနာရှိပေမယ့် သူကိုယ်တိုင် မနည်းရုန်းကန်နေရတဲ့သူမျိုး ဖြစ်နေတတ်ပါတယ်။

၄၊ ၈ ဂဏန်းတွေကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ရန်ကတော့ မော်ကီမာခြင်းတို့၊ မာနတို့ လုံးဝဖယ်ရပါလိမ့်မယ်။ ဂါရဝတရား၊ နိုဝါတတရားတွေနဲ့ နေရတော့မယ့်နှစ်တွေ ရောက်လာပါပြီ။ ဘာသာတရားကို အထူး လိုက်နာကျင့်ကြံအားထုတ်ရမယ့်နှစ်တွေ ရောက်လာပါပြီ။

ငွေကြေးကိစ္စနဲ့ပတ်သက်လာရင် ဘယ်လိုလူမျိုးနဲ့မှ မပတ်





သက်ပါနဲ့တော့။ ကြားက အာမခံပေးရင် စိုက်ဆပ်ရတဲ့ပြဿနာတွေ ဝင်လာပါလိမ့်မယ်။ ချေးရင် ဆုံးပါလိမ့်မယ်။ စပ်တူလုပ်ရင် စိတ်မချရတာတွေ ဖြစ်လာတတ်ပါတယ်။

ရွှေဟောင်း၊ ရွှေပျက်၊ အင်း၊ လက်ဖွဲ့ လုံးဝ ဝင်လို့မရတော့ပါဘူး။ အိမ်ထောင်ရေးသောက၊ ကျန်းမာရေးသောက၊ ငွေသောက ရောက်နေရသူကို ညအိပ်လက်ခံတော့မယ်ဆိုရင် စဉ်းစားပါ။ ကူညီလို့တော့ ရပါတယ်။ ရာဟုထောင့်အရပ်ကလာရင် ပိုဆိုးတတ်ပါတယ်။ ကိုယ်တိုင်လည်း အဲဒီအရပ်မသင့်ပါဘူး။ သွားနေကျဆိုရင်တောင် ဒီနှစ်မှာ ကျန်းမာရေးဂရုစိုက်ပြီးသွားပါ။

ရင်၊ ဝမ်း ကျန်းမာရေးဂရုစိုက်ပါ။ အဆာခံလို့မရသလို သွေးတက်စာတွေရှောင်ပါ။ အိပ်ရေးမပျက်ဖို့ အရေးကြီးပါတယ်။

တစ်နှစ်လုံးကုသိုလ်ပြုရမှာက-

မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေ ကပ်လှူ ပူဇော်ပါ။ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို ရွတ်တတ်တတ်၊ မရွတ်တတ်တတ် နေ့စဉ် ရွတ်ဖတ်ပူဇော်ပြီး အမျှအတန်းပေးဝေ မေတ္တာပို့ပါ။

ဒီလိုနှစ်မျိုးတွေက အလုပ်များတယ်ဆိုပြီး ရတနာမြတ်(၃)ပါးနဲ့ ဝေးနေလို့ မရပါဘူး။ နေ့စဉ် မဖြစ်မနေ အချိန်ပေးပြီး အားထုတ်မှ ကြုံနေရတဲ့အခက်အခဲတွေ ပြေသွားမှာ ဖြစ်ပါတယ်။

ဆွမ်းတော်ကပ်တာကတော့ ကပ်နေကျအတိုင်းကပ်ပါ။

အတိုက်အခံ အရန်များနေတတ်လို့ ဘယ်လိုမှမခံနိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးဆိုရင် ၂၄ ပစ္စည်းကို အနုလုံပဋိလုံရွတ်ပါ။ အေးချမ်းလာပါလိမ့်မယ်။ ဒီနှစ်ဟာ နှစ်စဝင်ကတည်းက သမ္ဗုဒ္ဓေဂါထာဖြစ်ဖြစ်၊ သိရသွိဂါထာဖြစ်ဖြစ်၊ ဂုဏ်တော် (၉) ပါးဖြစ်ဖြစ် မဖြစ်မနေ နေ့စဉ် (၁၀၈) ခေါက် ရွတ်သင့်ပါတယ်။ ဖြစ်နိုင်ရင်တော့ သားစားရှောင်ကြဉ်ပါ။

ရှင်ဥပဂုတ္တရဟန္တာမထေရ်အရှင်မြတ်ကြီးကို ရည်မှန်းပူဇော်ကန်တော့ပါ။

အရေးတကြီးကိစ္စကြုံရင် ဘုရားတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်မြတ်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၇) တိုင်ထွန်းညှိပြီး ပွင့်တော်မူပြီးကြကုန်သော ဘုရားရှင် (၇) ဆူကို ကြည်ညိုစွာ ကန်တော့ပူဇော်ပြီးမှသွားပါ။ အောင်မြင်ပါလိမ့်မယ်။

ရန်ကုန်မှာနေကြရင် ရေမြင်း၊ ဝက်ဝံတွေကို ခဏခဏ သွားပြီး အစာကျွေးပါ။

လုပ်ငန်းချဲ့မယ်ဆိုရင် စဉ်းစားပါ။

မကျွမ်းကျင်ရင် မလုပ်ပါနဲ့။

ကံကောင်းရက်ကိုရွေးပြီး ဆိုင်ဖွင့်ချင်ရင် စနေနေ့ မနက် (၇) နာရီတိတိမှာ စဖွင့်ပါ။

ပညာရေးကံတွေ ကောင်းပါတယ်။

မအောင်မြင်ဘူးသေးတဲ့ စာမေးပွဲတွေ ဖြေဆိုအောင်မြင်ရတတ်ပါတယ်။ မတက်ရသေးတဲ့သင်တန်းတွေ တက်ရပါလိမ့်မယ်။ ရာထူးအတွက်ဆိုရင်လည်း သင်တန်းအရင်တက်ပြီးမှ လာပါလိမ့်





မယ်။

ပညာရေးကံတွေကောင်းပေမယ့် အိပ်ရေးဝဖို့တော့ လိုပါတယ်။

ချစ်တတ်သူတွေကတော့ ဖြစ်ပြီးသားကိစ္စတွေ စကားဟောင်းတွေ ပြန်ပြန်ပြီးမပြောမိဖို့လိုပါတယ်။ ပြီးတော့ ရေစပ်နားလည်းဖြစ်၊ ဗုဒ္ဓဟူးနံဆိုင်လည်းဖြစ်ရင်၊ ခဏခဏသွားထိုင်ဖြစ်ရင် ပိုပြီးသည်းခံပါ။

ဒီလိုနှစ်မျိုးရောက်လာပြီဆိုရင် -

ငယ်ရွယ်သူတွေဆိုရင်တော့ မိဘ၊ ညီအစ်ကို၊ မောင်နှမတွေနဲ့ ဆန့်ကျင်ဘက်တွေဖြစ်တတ်ပါတယ်။ ပြန်မပြော နားမထောင်တွေ ဖြစ်တတ်ပါတယ်။ ထိန်းပါ။

အရွယ်ရလာသူတွေကတော့ လူမှုရေးတွေမှာ မကျေမနပ်မှုတွေများလာပြီး စိတ်ခဏခဏတိုလာပါလိမ့်မယ်။ ကိုယ့်ကိုနှိမ်သလိုခံစားလာရပြီး မိသားစုထဲမှာ ဘော်တော်စိတ်ကုန်လာတတ်ပါတယ်။ လုပ်ငန်းခွင်ထဲမှာဆိုရင်လည်း ကိုယ့်လောက် အလုပ်နားမလည်သူက ကိုယ့်ကိုပြန်ဆရာလုပ်လို့ ကျိတ်ပြီးခံစားနေရတတ်ပါတယ်။ စကားမအောင်သလို ခံစားရလွန်းလို့ ဘယ်သူ့ကိုမှ စကားမပြောချင် ဖြစ်လာတတ်ပါတယ်။ အလုပ်ကတောင် ထွက်ချင်လာပါလိမ့်မယ်။ ဘာမှန်းမသိတဲ့ စိတ်ဆင်းရဲမှုတွေ ဖြစ်နေတတ်ပါတယ်။ အဲဒါကြောင့် ရှိတာအကုန်ရောင်းချင်လာတတ်ပါတယ်။ အိမ်ရောင်းချင်၊ ကားရောင်းချင်တွေ၊ စက်ရောင်းချင်



www.burmeseclassic.com

www.burmeseclassic.com

## သိရသ္မိံဂါထာတော်

သိရသ္မိံ မေ ဗုဒ္ဓသေဋ္ဌော
သရီပုတ္တောစ ဒက္ခိဏော
ဝါမအံသေ မောဂ္ဂလ္လာနော
ပုရတော ပိဋကတ္တယံ
ပစ္ဆိမေ မမ အာနန္ဒော
စတုဒ္ဒိသာ ခီဏာသဝါ
သမန္တာ လောကပါလာစ
ကုန္နာဒေဝါ သဗြဟ္မဏာ
ဧတေသံ အာနုဘာဝေန
သဗ္ဗေ ဘယ ဥပဒ္ဒဝါ
အနေက အန္တရာယာပိ
ဝိနဿန္တု အသေသတော။

✻



## စကားလက်ဆောင်

သူရဇ္ဇမဂ္ဂဇင်းစာတည်းချုပ် ဦးအောင်မြတ်နဲ့ သူရဇ္ဇမဂ္ဂဇင်း စာရေးဆရာ ဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား) တို့ ညီအစ်ကိုနှစ်ယောက်ပေါင်းပြီး ကုသိုလ်ယူကြတဲ့ ဒီ ၁၃၇၇ ခုနှစ်၊ (၇) ရက်သားသမီးများအတွက် ဆောင်ရန်၊ ရှောင်ရန်စာအုပ်လေးကို-

စတင်ဖတ်ရှုပြီးဖြစ်တဲ့အတွက်-

လေးစားစွာနဲ့ ကျေးဇူးတင်ကြောင်း ဦးစွာ ပြောပါရစေ။

လူတိုင်း လူတိုင်းမှာ မရှိမဖြစ်လိုအပ်တဲ့ ဆောင်ရန်၊ ရှောင်ရန်တွေအများကြီးထဲက သိသင့်သိထိုက်တဲ့၊ သိထားဖို့လိုအပ်မယ်ထင်တဲ့ ဆောင်ရန်၊ ရှောင်ရန်တွေကို သူရဇ္ဇပရိသတ်ကြီးရဲ့လက်ထဲ၊ နှလုံးသားထဲ အရောက်ပို့လိုက်ပါပြီ။

ဒီနေရာမှာ-

ပြောချင်တာလေးတွေ ရှိနေပါတယ်။

အဲဒါကတော့-



www.burmeseclassic.com

www.burmeseclassic.com



စက်ရုံရောင်းချင်တွေ ဖြစ်လာပါလိမ့်မယ်။ အဲဒီအခါမှာ သူများက နှိမ်တတ်ပါတယ်။

ဒါကြောင့် ဒီလိုနှစ်မျိုးတွေမှာ ဘာသာတရားနဲ့ယှဉ်ပြီး ကိုယ့်ကိုယ်ကိုယ်ထိန်းပါ။ ကားမောင်းအထူးဆင်ခြင်ပါ။

ခံစားနေရတာတွေဟာ အလိုလိုကျေနေတဲ့ယတြာတွေလို့ သတ်မှတ်ပြီး ဝမ်းသာလိုက်ပါ။

မေတ္တာများများပွားပါ။

ကိုယ့်စိတ်ကိုယ်ထိန်းတဲ့အနေနဲ့ အာနာပါနဘာဝနာကို နေ့စဉ် (၁၅) မိနစ်၊ နာရီဝက် ရအောင် အားထုတ်ပါ။ ပိုနိုင်ရင် ပိုကောင်းပါတယ်။

ထိုဝါသနာပါရင်တော့ ၇၊ ၆၊ ၃၊ ၅ ဂဏန်းတွေနဲ့ ကံစပ်ပါတယ်။

ဘယ်လိုကိစ္စမျိုးပဲဖြစ်ဖြစ် သြော်- ဒီနှစ်ဟာ ငါ့အတွက် ရန်များတတ်တဲ့နှစ်ပါလား ဆိုတဲ့ အသိလေးနဲ့ ကျေနပ်ပါ။ ကိုယ့်အပေါ် ပြောဆိုသူတွေကို ကျေးဇူးတင်ပါ။ ယတြာချေပေးနေတယ်လို့ ပီတိဖြစ်လိုက်ပါ။

လုပ်ငန်းရှင်တွေအနေနဲ့ အောက်လူ လုံးဝမမြဲတဲ့နှစ် ဖြစ်နေပါတယ်။ မေတ္တာသုတ်များများရွတ်ပါ။

**တနင်္ဂနွေသားသမီးများ-**

အသက် ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇၊ ၈၅၊ ၉၃





ဆိုတဲ့နှစ်တွေကိုရောက်ပြီဆိုတာနဲ့-

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် တနင်္ဂနွေနာမည်ရှင် မိတ်ဆွေများနဲ့ အစစအရာရာတိုင်ပင်ပါ။ အကြံဉာဏ်ယူပါ။ အကူအညီတောင်းပါ။ အောင်မြင်ပါလိမ့်မယ်။ ဒါပေမယ့် တနင်္ဂနွေစ၊ သောကြာပိတ်မှည့်ထားတဲ့ အုန်းသက်၊ အုံသောင်၊ အေးဟိန်း ဆိုတဲ့နာမည်တွဲမျိုး ဖြစ်နေရင်တော့ မတိုင်ပင်ပါနဲ့တော့။

မိတ်ဟောင်းဆွေဟောင်းထဲက တနင်္လာနာမည်ရှင်တွေပဲဖြစ်ဖြစ်၊ ရပ်ဝေးမှာနေတဲ့မိတ်ဆွေတွေထဲက တနင်္လာနာမည်ရှင်တွေပဲဖြစ်ဖြစ် ဒုတိယအကျိုးပေးပါတယ်။

ကြာသပတေးကတော့ အကျိုးပေးမလိုလိုနဲ့ အဖျားရှူးသွားတတ်ပါတယ်။ မြေဝယ်ရင် အရှုပ်အရှင်းဖြစ်တတ်ပါတယ်။

ကျန်တဲ့နာမည်ရှင်တွေနဲ့ကတော့ ခင်လို့ရပါတယ်။ စီးပွားစပ်တူလုပ်လို့ မရပါဘူး။ အကြံဉာဏ်လည်း ယူလို့မရပါဘူး။

အထူးသဖြင့် ဒီနှစ်ထဲမှာ အင်္ဂါနာမည်ရှင်တွေကြောင့် စိတ်တွေညစ်ရတတ်ပါတယ်။

၃ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့-

စက်ပစ္စည်းဟောင်းတွေ လုံးဝ ဝင်လို့မရပါဘူး။ ဝင်ရင် နိုက်တတ်ပါတယ်။ ပြဿနာပေါင်းစုံဖြစ်နေတဲ့ အင်္ဂါနာမည်ရှင်ဆိုရင်လည်း ညအိပ်လက်ခံလို့မရပါဘူး။ အိမ်ဝယ်လို့တော့ ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးကွဲနဲ့ပတ်သက်လာရင် အာမခံမပေးပါနဲ့။

ဒီနှစ်ထဲမှာ စက်ကြီးကြီးမားမားတည်ထောင်ရမယ့်လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း စတော့မယ်ဆိုရင် အချိန်ယူစဉ်းစားပါ။ ဟိုလူပြော ဒီလူပြောနဲ့ ဆေးတွေ အရမ်းမသောက်ပါနဲ့။ တတ်ကျွမ်းနားလည်သူတွေနဲ့ တိုင်ပင်ပါ။ ဆီးဝေဒနာဂရုစိုက်ပါ။

ပညာရေးနဲ့ပတ်သက်ပြီး တစ်ရှိန်ထိုး ကြိုးစားရင်းကနေ အရှိန်လျော့သွားတတ်ပါတယ်။ အိပ်ရေးပျက်မခံပါနဲ့။

လုပ်ငန်းခွင်ထဲမှာ ကံကောင်းပါတယ်။ ရာထူးအတွက် နေရာအစီအစဉ်ဆွဲပြီဆိုရင် ကိုယ်ပါပါပြီ။

အလုပ်လျှောက်သူတွေဆိုရင်လည်း အလုပ်ရပါပြီ။

လုပ်ငန်းသစ်စတင်ချင်ရင် တနင်္ဂနွေနေ့ မနက် (၉) နာရီ (၄၅) တီတီမှာ စတင်ပါ။

ချစ်တတ်သူတွေကတော့ ကံကောင်းကြပါတယ်။ ဒါပေမယ့် ချစ်သူနဲ့ဆုံဖို့သွားရင် လိမ္မော်ရောင်အင်္ကျီဝတ်မသွားပါနဲ့။ အင်္ကျီနဲ့နဲ့ မှည့်ထားတဲ့ဆိုင်လေးမှာ မုန့်ထိုင်စားဖြစ်ရင်လည်း မိသားစုကိစ္စတစ်ခုခုနဲ့ပတ်သက်ပြီး စကားများရတတ်လို့ ဆင်ခြင်ပါ။ စာကလေးတွေကို ခဏခဏအစာကျွေးပါ။

အရေးတကြီးကိစ္စတစ်ခုခုကို ပြုလုပ်တော့မယ်ဆိုရင်-

'အ'အက္ခရာဘွဲ့တော်ရှိတဲ့ ဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၆) တိုင် ထွန်းပြီးမှ လိုရာသွားပါ။ 'အောင်တော်မူ၊ အောင်သိဒ္ဓိ၊ အောင်ဇောခိ၊ အေးစေတီ'။

တစ်နှစ်လုံးယတြာကတော့-

အိမ်နဲ့နီးတဲ့ ဘုရားတစ်ဆူဆူကို ခြေကျင်လျှောက်သွားပါ။ ပြီးရင် ပန်းပေါင်းစုံ (၉) မျိုးပြည့်အောင် ဘုရားပူဇော်ပါ။ (တစ်လတစ်ကြိမ်)

နံနက် အိပ်ရာကနိုးတိုင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေ ကပ်လှူပူဇော်ပါ။ ပြီးရင် 'အရဟံသိဒ္ဓိ' ကို အနည်းဆုံး ပုတီး (၉) ပတ်စိပ်ပါ။ မစိပ်ချင်ရင် (၁၅) မိနစ် ထိုင်ရွတ်ပါ။

အရမ်းချဉ်တဲ့ အစားအသောက်တွေကို လွန်ကျွံအောင်မစားပါနဲ့။

စကားခဏခဏမှားတတ်လို့ စကားပြောဆင်ခြင်ပါ။

အထူးသဖြင့် အိမ်ထောင်ရေးဂရုစိုက်ရမယ့်နှစ် ဖြစ်နေပါတယ်။ အမှုအခင်းကိစ္စတွေကို အာမခံမပေးပါနဲ့။ သူများပြဿနာတနေ ကိုယ့်ပြဿနာဖြစ်လာတတ်ပါတယ်။

ကျန်းမာရေးနဲ့ပတ်သက်လာရင် ဆေးခဏခဏလှူပေးပါ။

အကြောနဲ့ပတ်သက်တဲ့ ဝေဒနာရှင်တွေကို တွေ့တိုင်း ဆေးလှူပါ။

ထီထိုးချင်ရင် တနင်္ဂနွေ၊ တနင်္လာနံထီဆိုင်တွေမှာထိုးပါ။ ၁၊ ၂၊ ၉ ဂဏန်းတွေက ပိုအားကောင်းနေပါတယ်။

ကိုယ့်နာမည်ဟာ တနင်္ဂနွေစပြီး သောကြာပိတ်မှည့်ထားတဲ့







www.burmeseclassic.com

www.burmeseclassic.com



အံ့သူ၊ အိမ့်ဟန်၊ အောင်သာ ဆိုတဲ့ နာမည်တွဲမျိုး ဖြစ်နေပြီဆိုရင်တော့ လောင်းကစားကိစ္စ လုံးဝရှောင်ထားလိုက်ပါ။ ရန်ရှောင်ပါ။ ဆိုင်ကယ်စီး လုံးဝ ဆင်ခြင်ပါ။

**တနင်္ဂနွေသားသမီးများ–**

အသက် ၁၄၊ ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈၊ ၈၆၊ ၉၄ ဆိုတဲ့နှစ်တွေရောက်ရင်–

ပညာရေး ဖြစ်စေ၊ စီးပွားရေး ဖြစ်စေ၊ လူမှုရေး ဖြစ်စေ အရေးကြီးတဲ့ ဘယ်ကိစ္စပဲဖြစ်ဖြစ် တနင်္ဂနွေနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် တနင်္ဂနွေစ၊ အင်္ဂါပိတ်မှည့်ထားတဲ့ အောင်ဆင့်၊ အေးဖံ၊ အုန်းဆက် ဆိုတဲ့ နာမည်တွဲတွေ ဖြစ်နေရင်တော့ မတိုင်ပင်ပါနဲ့တော့။

တနင်္လာနာမည်ရှင်တွေကတော့ အကျိုးပေးပေမယ့် လှုပ်လှုပ်ရှားရှား သွားသွားလာလာနဲ့သာ အကျိုးပေးတတ်လို့ ကောင်းတစ်ဝက်၊ ဆိုးတစ်ဝက်လို့ ပြောရပါလိမ့်မယ်။ ဒါပေမယ့် တနင်္လာစ၊ ကြာသပတေးပိတ်မှည့်ထားတဲ့ ခင်ပိုင်၊ ခန့်မောင်၊ ကျော်ပြုံး ဆိုတဲ့ နာမည်တွဲမျိုး ဖြစ်နေရင်တော့ လုံးဝ အကျိုးမပေးပါဘူး။

သောကြာ၊ ကြာသပတေးနာမည်ရှင်များကတော့ ခက်ခက်ခဲခဲနဲ့ အကျိုးပေးပါလိမ့်မယ်။

စနေ၊ ဗုဒ္ဓဟူးနာမည်ရှင်များကတော့ ခင်လို့ရပေမယ့် စီးပွားစပ်တူပြုလုပ်လို့မရပါဘူး။





အင်္ဂါနာမည်ရှင်များဟာ အကျိုးမပေးနိုင်ပေမယ့် သူတို့နဲ့ ဘယ်လိုမှရှောင်လွှဲလို့ မရပါဘူး။ အမြဲဆက်ဆံနေရတတ်ပါတယ်။

၇ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ရန်တွေကတော့ ငွေကြေးနဲ့ပတ်သက်တဲ့ကိစ္စမှန်သမျှ အကုန် ရှောင်ရပါလိမ့်မယ်။ ငွေချေးငှားပြုလုပ်ရင် ဆုံးတတ်ပါတယ်။ မကျွမ်းကျင်တဲ့အလုပ်မှန်သမျှမှာ ရင်းနှီးမြှုပ်နှံမှု မပြုလုပ်ရပါ။ လက်ရှိပြုလုပ်နေသော အလုပ်မှန်သမျှမှလွဲ၍ အခြားလုပ်ငန်းများ မတိုးချဲ့သင့်ပါ။ အထူးသဖြင့် လူမျိုးကွဲများနဲ့ စပ်တူရှယ်ယာ မပြုလုပ်သင့်ပါ။ အထည်ချုပ်လုပ်ငန်းများ စတင်ပြုလုပ်မည်ကြံလျှင် အကြိမ်ကြိမ်စဉ်းစားပါ။

လက်ရှိပြုလုပ်နေသောလုပ်ငန်းကို တိုးချဲ့လိုလျှင် တနင်္ဂနွေနေ့ မနက် (၉) နာရီ (၄၅) မိနစ်တိတိမှာ စတင်ပါ။

ကားမောင်းအထူးဆင်ခြင်ပါ။

ကျန်းမာရေးအနေနဲ့ ဒူး၊ အကြောနဲ့ဆိုင်သောရောဂါများ၊ ခြေ၊ ခါးနဲ့ဆိုင်သောရောဂါများ အထူး ဂရုစိုက်ပါ။ သီလရှင်ကြီးများကို မကြာခဏ ဆေးလှူပါ။ ဒုက္ခိတများကိုတွေ့တိုင်း ငွေလှူပါ။ လိုအပ်လျှင် နံနက်စောစောထ၍ မဟာသမယသုတ်တော်ကို ဖွင့်ပေးပါ။

တစ်နှစ်လုံးပြုလုပ်ရမှာကတော့ မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သစ်သီးဆွမ်း၊ သကြားဆွမ်းများနှင့် ကော်လှူပူဇော်ပါ။ သမ္ဗုဒ္ဓေဂါထာကို နေ့စဉ်ပုတီးတစ်ပတ်ရအောင်စိပ်



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ကျန်းမာရေးနဲ့ဆိုင်ရင် ရတနသုတ်တော်ကို အမိဋ္ဌာန်နဲ့ ရွတ်ပါ။ ပရိမိတ္တဇာလသုတ်တော်ကို အမိဋ္ဌာန်နဲ့ ရွတ်ပါ။ နံနက်စောစော ဆွမ်းလောင်းလှူပါ။ အစာအိမ်ဝေးနာမဖြစ်ရန် ဆင်ခြင်ပါ။ မလိုလားအပ်ဘဲ မခွဲစိတ်ပါနဲ့။

ပညာရေးကံတွေကောင်းပေမယ့် အပေါင်းအသင်းများပြီး စိတ်မလေဖို့ အရေးကြီးပါတယ်။

ချစ်တတ်သူများကတော့ သွားရင်းလာရင်း ချစ်သူထပ်တွေ့တတ်လို့ တစ်ဦးအပေါ်တစ်ဦး သစ္စာရှိဖို့လိုပါတယ်။ စနေနာမည်ရှိတဲ့ မုန့်ဆိုင်လေးတွေမှာထိုင်မိရင် ဖြစ်ပြီးခဲ့သမျှ ပြဿနာဟောင်းများကို ခဏခဏ ပြန်မပြောမိဖို့ လိုပါတယ်။

အိမ်ဆောက်၊ အိမ်ဝယ်လို့ရပေမယ့် မြေဝယ်ရင် အရှုပ်အရှင်းဖြစ်တတ်လို့ အထူး သတိထားပါ။ ကားဝယ်ရင် အနာပါလာတတ်လို့ သတိထားပါ။

အရေးတကြီးကိစ္စရှိတိုင်း ဘုရားစေတီတစ်ဆူဆူသို့ ဦးဆုံးသွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့တွင် ဖယောင်းတိုင် (၉) တိုင် ထွန်းညှိပူဇော်ပါ။ ပြီးမှ လိုရာကိစ္စဆီသွားပါ။

ဒီလိုနှစ်တွေဟာ ငွေကြေးကိစ္စ အနည်းနဲ့အများဖြစ်တတ်လို့ ငှက်လေးတွေ၊ ခွေးလေးတွေကို ခဏခဏ အစာကျွေးနေရမယ့် နှစ်ပါပဲ။ ရန်ကုန်မှာနေသူတွေက အခါအခွင့်သင့်တိုင်း မိကျောင်းကို အစာကျွေးသင့်ပါတယ်။ နွားစာ၊ ဝက်ဝံစာ၊ ရေမြင်းစာများ မကြာခဏကျွေးသင့်ပါတယ်။ ဆင်းရဲနွမ်းပါးတဲ့ ကိုယ်ဝန်ဆောင်





မိခင်များကို ငွေ၊ အားဆေး ထိထိရောက်ရောက် ထောက်ပံ့လှူဒါန်းရမှာ ဖြစ်ပါတယ်။

ထီထိုးဖို့ကတော့ တနင်္ဂနွေ၊ သောကြာနာမည်ရှိတဲ့ဆိုင်တွေနဲ့ ၁၊ ၆၊ ၂၊ ၉၊ ၃ ဂဏန်းများ အကျိုးအပေးဆုံး ဖြစ်နေပါတယ်။

ဒီနှစ်ဟာ ငွေကြေးကိစ္စတစ်ခုတည်းကြည့်လို့ မရပါဘူး။ မလိုလားအပ်တဲ့ လူမှုရေးတွေကိုပါ သတိထားရပါလိမ့်မယ်။ အနေမတတ် အထိုင်မတတ်ဖြစ်ရင် အိမ်ထောင်ရေးပြဿနာတွေ ဆက်တိုက်ပေါ်လာတတ်ပါတယ်။

လူငယ်တွေအနေနဲ့ အနေအထိုင်မဆင်ခြင်ရင် မရှုနိုင်မကယ်နိုင်ကိစ္စများနဲ့ကြုံလာတတ်လို့ အနေအထိုင် အထူး ဆင်ခြင်ရပါလိမ့်မယ်။

**တနင်္ဂနွေသားသမီးများ-**

အသက် ၁၅၊ ၂၃၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃၊ ၇၁၊ ၇၉၊ ၈၇၊ ၉၅ ဆိုတဲ့နှစ်တွေရောက်ပြီဆိုတာနဲ့-

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် ဗုဒ္ဓဟူးနာမည်ရှင်များနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် ဗုဒ္ဓဟူးစ၊ တနင်္လာပိတ်မှည့်ထားတဲ့ နာမည်ရှင်မျိုး ဖြစ်နေရင်တော့ အကျိုးမပေးပါဘူး။

စနေနာမည်ရှင်တွေကလည်း အကျိုးပေးပါတယ်။ နည်းနည်းတော့ စိတ်ရှည်ရတာပေါ့။

တနင်္ဂနွေကတော့ အကျိုးပေးပေမယ့် ခုကောင်းရှိ



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာအခက်အခဲဖြစ်လိုက်ကြုံတတ်လို့ ဖွဲ့တော့ရှိမှဖြစ်မှာပါ။

ကျန်တဲ့နာမည်ရှင်တွေနဲ့က ခင်လို့ရပါတယ်။ စီးပွားစပ်တူလုပ်လို့တော့ လုံးဝ အကျိုးမပေးပါဘူး။ တနင်္လာဆိုရင် ကောင်းကောင်း၊ ဆိုးဆိုး အမြဲတမ်း ထိတွေ့ဆက်ဆံနေရမှာဖြစ်ပြီး သူနဲ့ရှောင်လွှဲလို့မရနိုင်ပါဘူး။

၅ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ရန်တွေကတော့ မြေကိစ္စတွေပါပဲ။ မြေဝယ်လို့ လုံးဝအကျိုးမပေးပါဘူး။ အရှုပ်အရှင်းတွေဖြစ်လာတတ်ပါတယ်။ (၅) ယောက်ခရီးဝေးမသွားရပါဘူး။ (၅) ဦးစပ်တူကိစ္စတွေဆို စိတ်ဝမ်းကွဲတတ်ပါတယ်။

အရမ်းအအေးခံလို့မရတဲ့နှစ် ဖြစ်နေလို့ ပန်ကာလေခံမယ်ဆိုရင် သတိထားပါ။ ခန္ဓာကိုယ်အောက်ပိုင်းအေးလေ၊ နေမကောင်းလေပါပဲ။ ရင်၊ ဝမ်း ဥပဒ်ဖြစ်တတ်လို့ ရင်ပြည့်စာတွေ ရှောင်ရပါပြီ။ ရင်ထဲမကောင်းတာတွေ ဖြစ်ပါများရင် ဆေးခဏခဏလှူပေးပါ။

နံနက်စောစော အရုဏ်ဆွမ်းခံကြွလာတဲ့ သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။

အတိုက်အခံအရမ်းများနေရင် ဦးခေါင်းမကောင်းတဲ့သူတွေ၊ စိတ်ကျန်းမာရေးမကောင်းသူတွေကို ဆေး၊ အာဟာရ လှူပေးပါ။ ငှက်ကလေးကျွေး၊ ငှက်ကလေးလွှတ်ပေးပါ။

တစ်နှစ်လုံးကတော့-





နံနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သောက်တော်ရေကပ်လှူပူဇော်ပြီး ဂုဏ်တော်ကို ပုတီးစိပ်ပါ။ ဒါမှမဟုတ် (၁၅) မိနစ်ထိုင်ရွတ်ပါ။

ကိစ္စကြီးငယ်ရှိရင် ဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၉) တိုင် ထွန်းညှိပူဇော်ပြီးမှ လိုရာကိုသွားပါ။

ပညာရေးနဲ့ဆိုင်တာကတော့ ဒီနှစ် တော်တော်ကြိုးစားရပါလိမ့်မယ်။ ဘာလို့လဲဆိုတော့ ပညာရေးကောင်းပါလျက်နဲ့ စိတ်လေတတ်လို့ပါပဲ။ ထိန်းချုပ်ပါ။

ချစ်တတ်သူတွေကတော့ အဆင်ပြေပါတယ်။ မျက်နှာလည်းပွင့်တဲ့နှစ်ပါပဲ။ ချစ်သူဝိုင်းဝိုင်းလည်တတ်လို့ သစ္စာတော့ရှိပါ။ သူ့ချစ်သူဟောင်းကိစ္စ၊ ကိုယ့်ချစ်သူဟောင်းကိစ္စတွေနဲ့ စကားနာမထိုးမိပါစေနဲ့။

အိမ်ထောင်ရေးဂရုစိုက်ပါ။ တစ်ဦးမဟုတ်တစ်ဦး အိမ်ကဆင်းတတ်လို့ပါ။ ကာယကံရှင်ဟာ မိန်းကလေးဖြစ်နေရင် ခင်ပွန်းသည်ကို စကားတွေနဲ့ ဖွတ်တရွတ် ဖိမပြောမိအောင် ဆင်ခြင်သင့်တဲ့နှစ်ပါ။ မထွက်တတ်တဲ့သူဟာ ထွက်သွားတတ်ပါတယ်။

လုပ်ငန်းစတင်ချင်ရင် ဗုဒ္ဓဟူးနေ့ မနက် (၇) နာရီတိတိမှာ စတင်ပါ။

ဒီနှစ်မှာ ထီဝါသနာပါရင် ၄၊ ၈၊ ၂၊ ၉၊ ၇ ဂဏန်းတွေဲ ဗုဒ္ဓဟူးနံ၊ တနင်္လာနံထီဆိုင်တွေ အကျိုးပေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ ဘယ်သူဟာ ကံစပ်ပါတယ်၊ တိုင်ပင်ပါလို့ ဆိုလိုက်တာနဲ့ ကိုယ့်မိတ်ဆွေတွေထဲက ကြုံရာလူကို စဉ်းစားလို့ မရပါဘူး။

ဥပမာ- ကိုယ်က ဖုန်းဆိုင်ဖွင့်မယ်ဆိုပါတော့။ ဒါဆိုရင် အထည်ရောင်းနေတဲ့မိတ်ဆွေတွေထဲက အင်္ဂါအကျိုးပေးနေတာပဲ ဆိုပြီး အင်္ဂါနာမည်ရှင်နဲ့ တိုင်ပင်လို့ မရနိုင်ပါဘူး။

ကိုယ်က အိမ်ဆောက်မယ်ဆိုရင် ကိုယ့်မိတ်ဆွေတွေထဲက ကားစက်ပြင်ကျွမ်းကျင်တဲ့ အကျိုးပေးနာမည်ရှင်နဲ့ တိုင်ပင်လို့မရပါဘူး။

ထိုနည်းလည်းကောင်းပါပဲ။ ကိုယ်က ရတနာဆိုင်ဖွင့်မယ် ဆိုရင် ကိုယ့်မိတ်ဆွေထဲက အကျိုးပေးတဲ့နာမည်ရှင်တွေထဲမှာ ဘယ်သူဘယ်ဝါရှိတယ်ဆိုပြီး ဆန်ကုန်သည်သူငယ်ချင်းကို သွားတိုင်ပင်လို့ မရနိုင်ပါဘူး။

စိန်ရွှေရတနာဆိုင်ဖွင့်မယ်ဆိုရင် ရတနာရောင်းဝယ်နေသူထဲက ကိုယ့်သူငယ်ချင်းကို စဉ်းစားပါ။ ကိုယ်နဲ့အကျိုးပေးတဲ့ နာမည်ရှင် ဘယ်သူရှိလဲ။ သူနဲ့တိုင်ပင်ပါ။ ဆိုင်နေရာ၊ ပစ္စည်းဝယ်ယူရေး၊ ဘယ်ပစ္စည်းအရောင်းသွက်တယ် ဆိုတာကအစ တိုင်ပင်ပါ။ ပစ္စည်းဝယ်ရခက်ရင် သူ့ကို အကူအညီတောင်းပါ။ ဒါကို ဆိုလိုတာပါ။

ဆန်ပွဲရုံထောင်မယ် ဆိုရင်လည်း အဲဒီ သူငယ်ချင်းတွေထဲကမှ ကိုယ်နဲ့ နံသင့်တဲ့သူငယ်ချင်းကို အကူအညီတောင်းရမှာ ဖြစ်





ပါတယ်။ သူ့ရဲ့အတွေ့အကြုံနဲ့ ကိုယ်က လုပ်ငန်းစတင်ရမှာ ဖြစ်ပါတယ်။ ဆန်ပွဲရုံဖွင့်မယ်ဆိုပြီး မော်တော်ကားတာယာရောင်းတဲ့ မိတ်ဆွေထဲက နံသင့်တဲ့မိတ်ဆွေနဲ့ သွားတိုင်ပင်လို့ မရပါဘူး။

အကျိုးပေးသူများနဲ့ တိုင်ပင်ပြုလုပ်ပါ ဆိုတာ အဲဒီလိုမျိုးပါပဲ။

ဒါကိုရှင်းပြီဆိုရင် လွယ်သွားပါပြီ။

နိုင်ငံခြားထွက်ဖို့ပဲ ဖြစ်ဖြစ်၊ လုပ်ငန်းစတင်ဖို့ပဲ ဖြစ်ဖြစ်၊ အိမ်ရောင်းချင်လို့ပဲ ဖြစ်ဖြစ်၊ အိမ်ဝယ်ဖို့၊ ကားဝယ်ဖို့၊ အင်တာနက်ဆိုင်ဖွင့်ဖို့၊ ဖုန်းလက်ကိုင်နဲ့အပိုပစ္စည်းရောင်းဖို့၊ ရတနာဆိုင်ဖွင့်ဖို့၊ သစ်ဆိုင်ဖွင့်ဖို့၊ VIDEO တွေရောင်းဖို့၊ အထည်ဆိုင်ဖွင့်ဖို့၊ အလှကုန်ပစ္စည်းတွေရောင်းဖို့၊ အလှပြင်ဆိုင်ဖွင့်ဖို့၊ ကာယလေ့ကျင့်ခန်းနဲ့ဆိုင်တဲ့လုပ်ငန်းတွေပြုလုပ်ဖို့၊ ကြီးမားကျယ်ပြန့်တဲ့ ဈေးဆိုင်ကြီးတွေ ဖွင့်ဖို့ ဘာလုပ်ငန်းတွေပဲဖြစ်ဖြစ် အကျိုးပေးတဲ့သူတွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ အောင်မြင်ပါလိမ့်မယ်။ လုပ်ငန်းတွေကို တစ်ခုချင်း ရေးပြမနေတော့ပါဘူး။ ကိုယ်လုပ်တဲ့လုပ်ငန်းနဲ့ ပတ်သက်ပြီးတော့သာ အကျိုးပေး၊မပေး၊ အကူအညီလိုရင် အကူအညီတောင်းသင့်၊ မတောင်းသင့် ချိန်ပါ။

ဂဏန်းရှောင်ခိုင်းတာက ဥပမာ (၇) ဂဏန်းကိုရှောင်ပါ ဆိုတာက အိမ်ဆောက်ပစ္စည်းဆိုင်ဖွင့်မယ်ဆိုရင် သိန်း (၇၀) နဲ့ မစနဲ့။ သိန်း (၇၀၀) နဲ့ မစနဲ့။ ဒီသဘောပါ။ လူ (၇) ယောက် ဆုံပြီး မတိုင်ပင်နဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီနှစ်ဟာ လူငယ်တွေဆို မျက်နှာပွင့်တတ်၊ အပေါင်းအသင်းများလာတတ်ပြီး နှလုံးသားရေးရာနဲ့ဆက်နွယ်တဲ့ အရှုပ်အရှင်းတွေ ဖြစ်တတ်လို့ စိတ်ကိုလွှတ်ပေးလို့မရပါဘူး။ အိပ်ချိန်တောင် မမှန်သလိုဖြစ်လာတတ်ပါတယ်။ ဒါကြောင့် ကျန်းမာရေးအရ ဖြစ်စေ၊ လူမှုရေးအရ ဖြစ်စေ အိမ်ထဲမှာပဲ အိပ်ရာမကြာခဏ ရွှေ့အိပ်ပါ။

အိမ်ထောင်သည်တွေကတော့ အလုပ်နဲ့ပတ်သက်ပြီး ရပ်ဝေးပြောင်းရတာတွေ၊ အလုပ်အပြောင်းအလဲဖြစ်တာတွေ ကြုံရပေမယ့် လုပ်ငန်းတွေ အဆင်ပြေမှာပါ။ ဒါပေမယ့် ညှော်များလာတတ်ပါတယ်။ စကားအရှုပ်အရှင်းသာ နားမထောင်ပါနဲ့။ ဟိုဘက်နှစ်တွေက စိတ်ညစ်ရတာတွေ ကုန်ပါပြီ။

ကိုယ့်နာမည်ဟာ တနင်္ဂနွေ၊ ဗုဒ္ဓဟူးပိတ်တဲ့ အောင်လှူ၊ အေးရှိန်၊ အုန်းဝေ၊ အိရှားလိုမျိုးဖြစ်နေရင်တော့ ဒီနှစ်ထဲမှာ အပြောင်းအလဲတွေ ဖြစ်လာနိုင်ပါတယ်။

**တနင်္ဂနွေသားသမီးများ-**

**အသက်** ၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂၊ ၈၀၊ ၈၈၊ **၉၆ ဆိုတဲ့နှစ်တွေ** ရောက်နေပြီဆိုတာနဲ့-

**ပညာရေး၊ စီးပွားရေး၊** လူမှုရေး စတဲ့ အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် အင်္ဂါနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် အင်္ဂါ၊ ကြာသပတေးပိတ်တဲ့ စံဘုန်း၊ စိုးမြိုင်၊ ဇော်မူ





ဆိုတဲ့နာမည်တွဲမျိုးတွေဆိုရင်တော့ လုံးဝ အကျိုးမပေးပါဘူး။

တနင်္လာက အကျိုးပေးပေမယ့် အမြဲမရပါဘူး။ တစ်ကြိမ်ကောင်းသာရပြီး နောက်ပိုင်း အဖျားရှူးသလို ဖြစ်သွားတတ်ပါတယ်။

သောကြာကတော့ အကျိုးပေးပါရဲ့။ ဒါပေမယ့် ရပ်ဝေးမှာနေတဲ့ သောကြာ ဒါမှမဟုတ် မိတ်ဟောင်းဆွေဟောင်းထဲက သောကြာ ဖြစ်ရင်တော့ ပိုအကျိုးပေးပါတယ်။

ကြာသပတေးကတော့ ကောင်းကောင်း၊ ဆိုးဆိုး ဆက်ဆံနေရမှာ ဖြစ်ပါတယ်။

ဒီပြင်နာမည်တွေ၊ နံတွေကတော့ ခင်လို့ရပေမယ့် စီးပွားစပ်တူလုပ်လို့ လုံးဝ အကျိုးမပေးပါဘူး။

၇ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ရန်တွေကတော့ လူမျိုးခြားတွေနဲ့ စပ်တူရှယ်ယာလုပ်တော့မယ်ဆို စဉ်းစားပါ။ ရွှေတူးတဲ့လုပ်ငန်းမျိုးတွေ လုပ်တော့မယ်ဆိုရင်လည်း စဉ်းစားပါ။ တန်ဖိုးရှိရှိ၊ မရှိရှိ ကျောက်ဝင်လို့ မရပါဘူး။

တစ်နှစ်လုံး ပြုလုပ်ရမှာကတော့-

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို **ဆွမ်းပွဲ** (၃) ပွဲ ကပ်လှူပူဇော်ပါ။ သစ်သီး၊ ပေါက်ပေါက်၊ မုန့်လုံး**ရေပေါ်**၊ ထန်းလျက်၊ သကြား၊ ဟင်း နှစ်သက်ရာနဲ့ကပ်ပါ။

ပြီးရင် သရဏဂုံ (၃၀) ကို ပုတီး (၅) ပတ် **ဒါမှမဟုတ်**



www.burmeseclassic.com

www.burmeseclassic.com



(၁၀) ပတ်စိပ်ပါ။ လက်တွေ့ထူးခြားအောင်မြင်လာပါလိမ့်မယ်။

ကျန်းမာရေးနဲ့ဆိုင်ရင် ဗောဇ္ဈင်္ဂသုတ်တော်၊ ပရိမိတ္တဇာလသုတ်တော်တွေကို ရွတ်ပါ။

အတိုက်အခံများရင် သမ္ဗုဒ္ဓေဂါထာကို ပုတီးတစ်ပတ်စိပ်ပါ။

လေထိုး၊ လေနာ၊ လေကျစ်ချုပ်ဖြစ်တတ်လို့ လေစာတွေစားရင် သတိထားစားပါ။ နံရိုးနားတစ်ပိုက်၊ ဒူးတို့မှာ လေခိုတတ်ပါတယ်။ နှလုံးရောဂါရယ် မဟုတ်ပါဘူး။ ပန်ကာလေအကြာကြီးမခံပါနဲ့။ လမ်းများများလျှောက်ပေးပါ။

ပညာရေးကံတွေကောင်းပါတယ်။ သင်တန်းတွေပါတက်ရတတ်ပါတယ်။ စကားပြောသင်တန်းတွေ၊ အချက်အပြုတ်သင်တန်းတွေ တက်ရပါလိမ့်မယ်။ စာမေးပွဲတွေဖြေတိုင်း (၇) ပုဒ်မြောက်ပုစ္ဆာကို သေချာအာရုံစူးစိုက်ပြီးမှ ဖြေပါ။

ချစ်တတ်သူများအနေနဲ့ ကံကောင်းပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ကျောက်လက်ဆောင်မပေးမိအောင်နေပါ။ ခြေထောက်မကောင်းသူတွေကိုကြုံတိုင်း အစားအစာကျွေးပါ။

အိမ်ထောင်ရေးသောကမရှိပါဘူး။ ဒါပေမယ့် သူများစကားကြောင့် အထင်တွေအမြင်တွေလွဲတတ်ပါတယ်။ သူများပြောတိုင်းမယုံပါနဲ့။ ကိုယ်လည်း တရားလက်လွှတ်မပြောမိပါစေနဲ့။

လုပ်ငန်းသစ်စတင်ချင်ရင် အင်္ဂါနေ့ မနက် (၇) နာရီမှာ စတင်ပါ။

ထီထိုးချင်ရင် အင်္ဂါနံ၊ ကြာသပတေးနံထီဆိုင်တွေမှာထိုးပါ။





၃၊ ၅၊ ၆ ဂဏန်းတွေ ကံစပ်နေပါတယ်။

ကားမောင်းမကြမ်းပါနဲ့။

တစ်ခါတစ်ခါကျရင် စိတ်တွေ တောင်ရောက်မြောက်ရောက်နဲ့ ဘာဖြစ်လို့ဖြစ်မှန်းမသိ ဖြစ်နေတတ်ပါတယ်။ အဲဒီလိုဖြစ်လာရင် အာနာပါနရှုမှတ်ပါ။ (၁၀) မိနစ်၊ (၁၅) မိနစ် ရှုမှတ်ပါ။ အကြာကြီးမလိုပါဘူး။ မှတ်သားထားတဲ့မိနစ်ပိုင်းအတွင်းမှာ စိတ်အာရုံငြိမ်နေဖို့ပဲ အရေးကြီးပါတယ်။

❋



www.burmeseclassic.com

www.burmeseclassic.com

# တနင်္လာသားသမီးများ

**တနင်္လာသားသမီးများ-**

အသက် ၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂၊ ၈၀၊ ၈၈၊ ၉၆ ဆိုတဲ့နှစ်တွေကို ရောက်နေပြီဆိုရင်-

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် သောကြာနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် သောကြာစ၊ ဗုဒ္ဓဟူးပိတ် နာမည်မှည့်ထားတဲ့ သီလင်း၊ သူဝေ၊ သစ်ရှား ဆိုတဲ့ နာမည်တွဲမျိုး ဖြစ်နေရင်တော့ မတိုင်ပင်ပါနဲ့တော့။

တနင်္လာနာမည်ရှင်တွေ ဆိုရင်တော့ ဒုတိယအကျိုးပေးပါတယ်။

အင်္ဂါနာမည်ရှင်တွေကတော့ ကောင်းတော့ကောင်းပါရဲ့။ ခု အကျိုးပေးလိုက်၊ တော်ကြာအဖျားရှုးလိုက်ဖြစ်တတ်လို့ တိုင်ပင်ရင် သတိထားတိုင်ပင်ပါ။

ကျန်တဲ့ နာမည်ရှင်တွေကတော့ ခင်လို့ကောင်းဝါတတ်မီးပွားစပ်တူပြုလုပ်ဖို့ကတော့ အကျိုးမပေးတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



၇ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့ကတော့ စက်ပစ္စည်းတွေပျက်တတ်လို့ စက်ပစ္စည်းတွေဝယ်မယ်ဆိုရင် သတိထားရပါလိမ့်မယ်။ လူမျိုးကွဲတွေနဲ့စပ်တူမလုပ်ရပါဘူး။ အမှုဖြစ်နေတဲ့သူတွေကို အာမခံပေးတော့မယ်ဆိုရင် စဉ်းစားပါ။ အိမ်ဝယ်မယ်ဆိုရင် အကျိုးပေးတဲ့ နာမည်ရှင်တွေနဲ့ တိုင်ပင်ဝယ်ပါ။

အိမ်စဆောက်မယ်ဆိုရင် အပြီးသတ်လို့မရနိုင်ပါဘူး။ အမွေကိစ္စတွေ မလုပ်ပါနဲ့။ အိမ်ပြဿနာဟောင်းတွေကို ပြုလုပ်တော့မယ်ဆိုရင် ကံစပ်သူတွေကို အကူအညီတောင်းပါ။

တစ်နှစ်လုံးပြုလုပ်ရမှာကတော့ နံနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သကြားဆွမ်း၊ သစ်သီးဆွမ်း ကပ်လှူပါ။ ပြီးရင် ဂုဏ်တော်ပုတီးစိပ်ပါ။

အတိုက်အခံများရင် သမ္ဗုဒ္ဓေဂါထာကို နေ့စဉ် ပုတီးတစ်ပတ်စိပ်ပါ။

ကျန်းမာရေးနဲ့ဆိုင်ရင် ပရိမိတ္တဇာလသုတ်တော်ကို အမြဲဒွန်နဲ့ ရွတ်ပါ။ နွားစာကျွေးပါ။

အရေးတကြီးကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၆) တိုင်ထွန်းပြီးမှ လိုရာကိုသွားပါ။

ပညာရေးကံတွေကောင်းပါတယ်။ ကိုယ့်ကိုတောင် သူများကမေးလို့ သူများကို ပြန်ပြပေးရတတ်ပါတယ်။ အိပ်ရေးဝဝအိပ်ဖို့





လိုပါတယ်။

အလုပ်စာမေးပွဲဖြေသူတွေကတော့ အလုပ်ရပါပြီ။

ရာထူးတိုးဖို့ မျှော်နေသူတွေအတွက်လည်း ဒီနှစ်မှာ ဆင့်ကဲတိုးတက်ပါပြီ။

ချစ်တတ်သူတွေကတော့ ကံကောင်းနေပါတယ်။ ဒါပေမယ့် နိုင်ငံရပ်ခြားခရီးနဲ့ပတ်သက်ပြီး ခဏခဏပြောပါများရင် စိတ်ဝမ်းကွဲတတ်ပါတယ်။

အိမ်ထောင်ရေးအတွက် စိတ်ထဲမှာ ပူနေရရင် ဘုရားစေတီကို မကြာမကြာသွားပြီး ရင်ပြင်တော်မှာ တံမြက်စည်းလှည်းပါ။ အိမ်မှာရှိတဲ့ မီးလုံး၊ မီးချောင်းအကျွမ်းတွေ ထုတ်ပစ်ပါ။ ပျက်နေတဲ့မီးခလုတ်တွေကို ပြုပြင်လိုက်ပါ။

အင်းတွေ၊ အဆောင်တွေ မဝင်ပါစေနဲ့။

ရှိနေတဲ့အင်းပျက်တွေကြောင့် ခိုက်တတ်လို့ စွန့်ပစ်ပါ။

ဆွေမျိုးသားချင်းတွေနဲ့ပတ်သက်ပြီး ခဏခဏ စကားများရတတ်ပါတယ်။ ဖြစ်နိုင်ရင်တော့ စကားအရှုပ်အရှင်းကင်းအောင်နေပါ။ ကူညီလို့ရပေမယ့် လိုတာထက် မပိုတာဟာ အကောင်းဆုံးပါပဲ။

ထီဝါသနာပါရင်တော့ သောကြာ၊ တနင်္လာနံရှိတဲ့ထီဆိုင်တွေနဲ့ ၆၊ ၄၊ ၂၊ ၉ ဂဏန်းတွေ ကံစပ်ပါတယ်။

ဒီနှစ်ဟာ ကံကောင်းတဲ့နှစ် ဖြစ်ပေမယ့် လောင်းကစားမှုသမျှ ရှောင်ရပါလိမ့်မယ်။ ငွေကြေးအပေးအယူကိစ္စတွေ ရှောင်ရ



www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်မယ်။ စိတ်ကိုငြိမ်းချမ်းအောင်ထားရမယ့်နှစ် ဖြစ်နေပါတယ်။

လုပ်ငန်းစတင်ချင်ရင် ဗုဒ္ဓဟူးနေ့ မနက် (၁၀) နာရီခွဲနဲ့ (၁၂)နာရီကြားမှာ စတင်လိုက်ပါ။ အောင်မြင်ပါပြီ။

**တနင်္လာသားသမီးများ-**

အသက် ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇၊ ၆၅၊ ၇၃၊ ၈၁၊ ၈၉၊ ၉၇ ဆိုတဲ့နှစ်တွေ ရောက်နေပြီဆိုရင်-

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် တနင်္လာနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် တနင်္လာစ၊ စနေပိတ်မှည့်ထားတဲ့ ကောင်းဌေး၊ ကြည်ထိုက်၊ ခင်တိုး ဆိုတဲ့ နာမည်တွဲမျိုးဖြစ်ရင်တော့ အကျိုးမပေးပါဘူး။

ကြာသပတေးက အကျိုးပေးပေမယ့် နည်းနည်းတော့ စိတ်ရှည်သည်းခံရပါလိမ့်မယ်။ တနင်္ဂနွေက ကောင်းတယ်ဆိုပေမယ့် သူကိုယ်တိုင် လှုပ်လှုပ်ရှားရှား သွားသွားလာလာဖြစ်နေရတဲ့သူမို့လို့ စိတ်တော့ရှည်ရပါလိမ့်မယ်။ တစ်ခါတစ်ခါတော့ အမြင်မတူတာတွေ ဖြစ်လာတတ်ပါတယ်။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်လို့ရပေမယ့် စီးပွားစပ်တူလုပ်ရင်အကျိုးမပေးပါဘူး။ အကြံဉာဏ်ယူရင်လည်း ထူးခြားလာမှာမဟုတ်ပါဘူး။

၆ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ရန်တွေကတော့ သစ်ဟောင်း၊ သစ်ဆွေး၊ သစ်ပျက်





တွေ မဝင်ပါစေနဲ့။ သီလပျက်သူများ၊ လောင်းကစားသမားများကို ညအိပ်လက်ခံမယ်ဆိုရင် အထူး သတိထားပါ။ စက်ပစ္စည်းဟောင်းတွေဝင်ရင်လည်း မိသားစုကျန်းမာရေးတွေ ထိခိုက်တတ်ပါတယ်။ သူစိမ်း သောကြာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနာမည်ရှင်တွေကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရပေမယ့် ကိုယ်က ကြမ်းတမ်းခက်ထန်ခြင်းကို ရှောင်ပါ။

တစ်နှစ်လုံးအနေနဲ့ မိုးလင်းမျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို တနင်္လာနံဆွမ်းများ၊ ကော်ဖီ၊ ကျောက်ကျော၊ ကိတ်မုန့်၊ ကြာဆံကြော်၊ ခေါက်ဆွဲကြော် စတဲ့ ဆွမ်းများနဲ့ ကပ်လှူပူဇော်ပြီး ဂုဏ်တော်စက်ဝန်းကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။

အတိုက်အခံ ရန်များလွန်းရင် ၂၄ ပစ္စည်းကို အဓိဋ္ဌာန်နဲ့ နေ့စဉ်(၂၄) ခေါက်ရွတ်ပါ။

ကျန်းမာရေးနဲ့ဆိုင်ရင် ဓာရဏာပရိတ်၊ ပရိမိတ္တဇာလသုတ်တော်များကို အဓိဋ္ဌာန်နဲ့ ရွတ်ပါ။ နမောငါးချက်ဂါထာကို ပုတီးစိပ်ပါ။

ပြုလုပ်နိုင်သူများအနေနဲ့ တစ်လတစ်ကြိမ် ခေတ်ကြီး (၄) ပါးဆွမ်းတော်ကပ်လှူပါ။

အကြောင်းကိစ္စရှိတိုင်း ဘုရားစေတီတစ်ဆူဆူကို ဦးဆုံးသွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၉) တိုင် ထွန်းညှိပူဇော်ပြီး ဂုဏ်တော် (၉) ပါးနှင့် ဘုရားဝတ်ပြုပြီးမှ သွားပါ။



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖို့တွေနဲ့ ပတ်သက်တာကတော့ လုပ်ငန်းစဖို့ကိုပဲပြောတာပါ။ ဆေးဆိုင်ဖွင့်ထားသူက ဒီနှစ် အင်္ဂါနံမကောင်းလို့ ဆေးဆိုင်ပိတ်ပစ်ရမယ်ဆိုတာမျိုး မဟုတ်ပါဘူး။ မလုပ်သေးရင် မစဖို့၊ စမယ်ဆိုရင်လည်း အကျိုးပေးပါတယ်ဆိုတဲ့ နံသင့်ပုဂ္ဂိုလ်တွေနဲ့ တိုင်ပင်၊ အကူအညီတောင်းပြီးလုပ်ဖို့။ အကျိုးပေးတဲ့ နံသင့်ပစ္စည်းတွေ၊ လုပ်ငန်းတွေလုပ်မယ်ဆိုရင်တော့ ဘယ်သူနဲ့မှ တိုင်ပင်စရာမလိုတော့ပါဘူး။ ရှောင်ရမယ်ဆိုတဲ့ နံသင့်လုပ်ငန်းတွေထဲမှာ ဥပမာ အထည်ချုပ်စက်ရုံဖွင့်မယ်ဆိုရင်၊ ဖွင့်ထားတယ်ဆိုရင် ဒီနှစ်ထဲမှာ ဒီနံက အကျိုးမပေးဘူးဆိုရင် ဘာမှစိတ်ညစ်စရာမရှိပါဘူး။ ရှောင်ရန်ဆိုတဲ့အထဲမှာ ကိုယ်လုပ်နေတဲ့လုပ်ငန်းပါနေပြီဆိုရင် အနည်းဆုံး အလုပ်သမားမမြဲတာတို့၊ အကုန်အကျပိုများသွားတာတို့၊ စက်ပစ္စည်းချို့ယွင်းတာတို့ ဖြစ်တတ်ပါတယ်။ ဒီအခါမှာ အကျိုးပေးတယ်ဆိုတဲ့ နံသင့်နာမည်ရှင်တွေကို တာဝန်ခံအဖြစ် ကြားခံပြီး ဆောင်ရွက်ခိုင်းတာတို့၊ နံသင့်ပုဂ္ဂိုလ်တွေဆီမှာ လိုအပ်တဲ့အကြံဉာဏ်တောင်းတာတို့ ပြုလုပ်ရင် ရပါပြီ။ စိတ်ညစ်စရာ ဘာမှမရှိပါဘူး။

**တစ်နှစ်လုံးအတွက်ဆိုတဲ့ကဏ္ဍ**ကတော့ ဘယ်သူပဲဖြစ်ဖြစ်၊ ရတနာမြတ် (၃) ပါးနဲ့ယှဉ်တဲ့ကုသိုလ်၊ ဘာသာတရားနဲ့ယှဉ်တဲ့ ကုသိုလ်နဲ့ နေ့သစ်ကို စဖွင့်တဲ့သဘော ဖြစ်ပါတယ်။ ဒါဆို ကောင်းကံတွေဟာ ဆက်တိုက်ဖြစ်နေမှာပါ။ အချိန်ပေးပြီး ရွတ်ဖတ်ဖို့၊ ကျင့်ကြံအားထုတ်ဖို့ပဲ လိုပါတယ်။





ဆေးလှူပါ ဆိုတာကလည်း ဆေးဝါးတကယ်လိုအပ်နေတဲ့ ပုဂ္ဂိုလ်တွေကို ဆေးဝယ်ပြီးလှူတာ အထိရောက်ဆုံးပါပဲ။ ကြုံရာလူကို လျက်ဆားတစ်ပုလင်းပေးလိုက်တာမျိုးဆိုရင်တော့ ထိရောက်မှုကွာသွားပါလိမ့်မယ်။

ဥပမာ- မျက်စိဝေဒနာရှင်တစ်ဦး။ သူ့ကို မျက်စဉ်း၊ ဒါမှမဟုတ် မျက်စိနဲ့ပတ်သက်တဲ့ဆေးဝါး၊ ဒါမှမဟုတ် ကိုယ်တိုင်မျက်စိကုဖို့ တာဝန်ယူပေးတာမျိုး လှူရမှာဖြစ်ပါတယ်။ ငွေကြေးနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင်တော့ ဘာမှအများကြီးလုပ်မပေးဖြစ်ရင် အနည်းဆုံး သူနဲ့တည့်တဲ့မျက်စဉ်းတော့ ဝယ်လှူရင် ရပါပြီ။

ကိုယ်ဝန်ဆောင်ကိုလှူပါ ဆိုရင်လည်း သူ့မှာ လိုအပ်တဲ့ အားဆေး၊ ဒါမှမဟုတ် လိုအပ်တဲ့ နို့မှုန့်ဘူး၊ အာဟာရဖြစ်မယ့် အစားအစာ ထိရောက်အောင် လှူရမှာ ဖြစ်ပါတယ်။ ဖြစ်နိုင်ရင် ကလေးမွေးဖွားဖို့အတွက်သွားရင် တတ်နိုင်သလောက် စရိတ်ပေးရမှာပါ။ ဒါမှ ရင်ထဲမှာ ထိရောက်တဲ့ကုသိုလ်ပြုခြင်း ပီသပါတယ်။ ဒါကို ခပ်လွယ်လွယ်ပြောတဲ့ "အစီအရင်" ဆိုရင်တော့ ကုသိုလ်ပြုအစီအရင်ပဲ ဖြစ်ပါတယ်။ ပေါင်မုန့်လေးတစ်လုံးလောက် ဝယ်ကျွေးရုံနဲ့ဆိုရင် နည်းနည်းတော့ လိုအပ်နေပါလိမ့်မယ်။

ပညာရေးအတွက် လိုအပ်တဲ့သင်ကြားခြင်းမျိုး အိမ်မှာသင်ချင်တယ်ဆိုရင် အကျိုးပေးတဲ့နာမည်ရှင်ဆိုတာကိုကြည့်ပြီး ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ပညာရေးအတွက်ကတော့ အစီအရင်တွေ သိပ်မပေးထားပါဘူး။ ကြိုးစားဖို့ပဲ လိုပါတယ်။ ကလေးတွေဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ပွင့်တော်မူပြီးကြကုန်သော (၇) ဆူကုန်သောဘုရားရှင်တို့ကို မကြာခဏ ပူဇော်ပါ။

ပညာရေးကံတွေကတော့ ထူးထူးခြားခြား ကောင်းနေပါတယ်။

လုပ်ငန်းခွင်စာမေးပွဲဖြေဆိုရင်လည်း အောင်မြင်ပြီး အရွှေ့အပြောင်းရှိပါတယ်။ ရာထူးတိုးကံတွေလည်း ကောင်းနေပါတယ်။

ခန္ဓာကိုယ်အောက်ပိုင်းနဲ့ဆိုင်တဲ့ ကျန်းမာရေးမျိုး (ဥပမာ-ဆီး) ဂရုစိုက်ပါ။ လေအောင့်၊ ရင်အောင့်၊ ဦးခေါင်းလေရိုက်၊ မကြာခဏ အစားအသောက်ပျက်ဖြစ်တတ်လို့ ခဏခဏအဆာမခံပါနဲ့။

မနက်စောစော အရုဏ်ဆွမ်းခံကြွတော်မူလာတဲ့သံဃာတော်အရှင်သူမြတ်များကို မကြာခဏ အရုဏ်ဆွမ်းလောင်းလှူပါ။

ဆေးဝါးလိုအပ်သူများကို မကြာခဏ ဆေးလှူပေးပါ။

ချစ်တတ်သူတွေကတော့ စန်းပွင့်နေတဲ့ကာလဖြစ်ပေမယ့် စကားပြောမောက်မာမိလို့ ခဏခဏ စိတ်ညစ်ရတတ်ပါတယ်။ သောကြာနာမည်ရှိတဲ့ စားသောက်ဆိုင်လေးတွေမှာ အတူမုန့်စားဖြစ်ရင် ခရီးဝေးနဲ့ပတ်သက်တဲ့စကား မပြောမိပါစေနဲ့။

အိမ်ထောင်ရှင်များအနေနဲ့ စကားပြောဆင်ခြင်ရပါလိမ့်မယ်။ ခဏခဏ အိမ်ကဆင်းသွားတာမျိုးတွေ၊ အတူနေပြီး စကားမပြောဖြစ်တာမျိုးတွေ ဖြစ်တတ်လို့ပါ။

**ဒီနှစ်ဟာ** အလှူပေးလေ၊ စီးပွားတက်လေနှစ်ပါပဲ။ အလှူကြီးတွေ **လှူ**ရပါလိမ့်မယ်။ မင်္ဂလာဂြိုဟ်၊ အလှူဂြိုဟ်တွေ အင်





မတန်ကောင်းတဲ့နှစ်ဖြစ်နေလို့ ဒီနှစ်မှာ အနိဋ္ဌစကားတွေ မပြောမိအောင် ရှောင်ပါ။ ထိန်းချုပ်ပါ။ ဘန်ဖိုးလုံးဝမရှိတဲ့ကျောက်တွေ မဝင်ပါစေနဲ့။

ငွေကံအားကောင်းတဲ့နှစ်ဖြစ်ပြီး အထိုင်ကျစေတဲ့ စီးပွားရေးလုပ်ငန်းတွေ ပြုလုပ်ရတဲ့နှစ် ဖြစ်နေတာမို့ လောင်းကစားမှန်သမျှ လုံးဝ ရှောင်ထားပါ။ ငွေအလုံးအရင်းချေးလိုက်တာမျိုး လုံးဝ ရှောင်ပါ။

ကား၊ အိမ်၊ ခြံ၊ မြေလုပ်ငန်းတွေ တရိပ်ရိပ်နဲ့ အကျိုးပေးလာပါလိမ့်မယ်။ ဒါပေမယ့် ဒီနှစ်မှစပြီး သစ်စက်တည်မယ်ဆိုရင် စဉ်းစားပါ။ အဖိုးတန်ကျောက်မျက်ရတနာလုပ်ငန်းတွေ တော်တော်အကျိုးပေးပါပြီ။ လူယုံကို သူစိမ်း ဗုဒ္ဓဟူးနာမည်ရှင် လုံးဝမထားပါနဲ့။

ထီဝါသနာပါရင် တနင်္လာ၊ စနေနာမည်ဆိုင်တွေမှာထိုးပါ။ ၂၊ ၉၊ ၇၊ ၅ ဂဏန်းတွေနဲ့ အကျိုးပေးနေပါတယ်။

လုပ်ငန်းစတင်ခြင်း တနင်္လာနေ့ မနက် (၉) နာရီတိတိ။

**တနင်္လာသားသမီးများ -**

အသက် ၁၈၊ ၁၉၊ ၂၆၊ ၂၇၊ ၃၄၊ ၃၅၊ ၄၂၊ ၄၃၊ ၅၀၊ ၅၁၊ ၅၈၊ ၅၉၊ ၆၆၊ ၆၇၊ ၇၄၊ ၇၅၊ ၈၂၊ ၈၃၊ ၉၀၊ ၉၁ **နှစ်တွေ** ရောက်လာပြီဆိုရင် -

ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ **စီးပွားရေးနဲ့ဆိုင်တဲ့**



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် ကြာသပတေးနာမည်ရှင်တွေနဲ့ အစစအရာရာ တိုင်ပင်ပါ။ အကြံဉာဏ်ယူပါ။ အကူအညီတောင်းပါ။ ဒါပေမယ့် ကြာသပတေးစပြီး စနေပိတ်တဲ့ မိုးထန်၊ မင်းထိန်၊ ဖြိုးတင် ဆိုတဲ့ နာမည်တွဲမျိုးတွေဖြစ်နေရင်တော့ အကျိုးမပေးတော့ပါဘူး။

ဗုဒ္ဓဟူးက အကျိုးပေးပေမယ့် ခုကောင်းလိုက်၊ တော်ကြာ မကောင်းလိုက်လို ဖြစ်နေတတ်လို့ စိတ်ရှည်ရပါလိမ့်မယ်။

စနေက ကောင်းကောင်း၊ ဆိုးဆိုး ဆက်ဆံနေရတတ်ပါ တယ်။

တနင်္ဂနွေဆိုရင်တော့ မိတ်ဟောင်းဆွေဟောင်းထဲကဖြစ်ဖြစ်၊ ရပ်ဝေးမှာနေနေတဲ့မိတ်ဆွေဖြစ်ဖြစ် ဖြစ်မှ အကျိုးပေးပါလိမ့်မယ်။

၂ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ရန်တွေကတော့-

ဒီနှစ်ထဲမှာ ငွေကြေးနဲ့ပတ်သက်ပြီး ကိုယ်က ကြားခံ အာမခံ ချေးပေးတာတို့၊ ငွေချေးတဲ့ကိစ္စကို ကြားကနေ တစ်ဆင့်ပြန်ပြီး ချေးတာတို့ပြုလုပ်ရင် စိုက်ဆပ်ရတဲ့ပြဿနာတွေ ဖြစ်လာတတ်လို့ ရှောင်ပါ။ အားနာပြီး ဒါရိုက်ချေးရင်တော့ အဲဒီငွေ ပြန်မြင်ရဖို့ မလွယ်တော့ပါဘူး။ မကျွမ်းကျင်တဲ့စီးပွားရေးလုပ်ငန်းတွေကိုလုပ် ဖို့၊ ရှယ်ယာထည့်ဖို့ သူများက လာပြောတတ်ပါတယ်။ လုံးဝ မလုပ်မိပါစေနဲ့။ ငွေတွေ လုံးဝမြုပ်သွားပါလိမ့်မယ်။ ကိုယ်လုပ် နေကျအလုပ်ကိုပဲ ချဲ့ရင်ချဲ့ပါ။ တခြားလုပ်ငန်း မချဲ့ပါနဲ့။ အမူ အခင်းဖြစ်နေသူနဲ့ ရောဂါသည်ကို ညအိပ်လက်ခံရတော့မယ်ဆိုရင်





ကိုယ့်မိသားစုမျက်နှာကို အရင်ကြည့်ပါ။

ကိုယ့်ကို အသိအမှတ်ပြုခံချင်တဲ့စိတ်တွေအားလုံး ဖျောက် ဖျက်လိုက်ပါ။ စကားကို မပြီးနိုင်အောင်ပြောတတ်တဲ့အကျင့်ရှိရင် ဖျောက်ပါ။ မကြာခဏ စိတ်တိုရတာတွေကို ရှောင်လိုက်ပါ။

တစ်နှစ်လုံးပြုလုပ်ရမှာကတော့-

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာ သစ်တော်ရေ၊ သောက်တော်ရေ ကပ်လှူပါ။ ပြီးရင် ပဋ္ဌာန်းဥဒ္ဒေသ နိဒ္ဒေသတော်ရွတ်ပြီး ပူဇော်ပါ။ မေတ္တာများများပို့ပေးပါ။ ဂုဏ်တော် (၉) ပါးကို အဓိဋ္ဌာန်နဲ့ ပုတီးစိပ်ပါ။

ပေါက်ပေါက်ဆွမ်း မကြာမကြာကပ်လှူပါ။ ပန်းပေါင်းစုံနဲ့ ပူဇော်ပါ။ ဘုရားဆောင်ရဲ့မီးလုံးအလင်းရောင်ဟာ ဒီပြင် မီးလုံး တွေထက် ပိုလင်းပြီး ဘုရားဆောင်ဟာ သန့်ပြန့်မွှေးကြိုင်နေပါစေ။ နေ့စဉ် နာရီဝက်၊ တစ်နာရီ ဘုရားဝတ်ပြုနိုင်အောင် ကြိုးစားပါ။ မပျက်ပါစေနဲ့။

ကျန်းမာရေးအတွက်ဆိုရင် ပဲရိမိတ္တဇာလသုတ်၊ ဓာရဏ ပရိတ်၊ ဗောဇ္ဈင်္ဂသုတ်တော်တွေကို အဓိဋ္ဌာန်နဲ့ ရွတ်ဖတ်ပူဇော်ပါ။

အတိုက်အခံများလွန်းရင် ပထမံဂါထာကို ပုတီး (၃) ပတ်၊ (၅) ပတ် ရအောင်စိပ်ပါ။ သွားရင်းလာရင်း ရွတ်ချင်ရင် (၁၀၀၀) ရအောင်ရွတ်ပါ။ လက်တွေ့အောင်မြင်ပါလိမ့်မယ်။

ပညာရေးကံတွေကောင်းလွန်းလှပါတယ်။ မြင့်မားတဲ့ပညာ ရပ်တွေ သင်ကြားရပါလိမ့်မယ်။ မဖြေဘူးသေးတဲ့စာမေးပွဲမှန်သမျှ



www.burmeseclassic.com

www.burmeseclassic.com



ဖြေဆိုအောင်မြင်ပါလိမ့်မယ်။ သင်တန်းကြီးတွေ တက်ရတတ်ပါတယ်။ ပညာတော်သင်အထိ ဘင် ကံကောင်းနေပါတယ်။ ပြီးရင် ရာထူးတက်ဖို့ ကံကအဆင်သင့်ပါပဲ။

ကျောင်းသူကျောင်းသားလေးတွေရဲ့ ပညာရေးကံတွေ အကောင်းဆုံးဖြစ်နေပါပြီ။ ဆက်ပြီးကြိုးစားပါ။

အလုပ်စာမေးပွဲဝင်ဖြေရင်လည်း ဖြေကြသူတွေအတွက် ကံကောင်းနေပါပြီ။ အင်တာဗျူးခေါ်ရင် လခသာ ကြေး(ကျိုး)မများပါနဲ့။

ချစ်တတ်သူတွေကတော့ စကားဟောင်းတွေကြောင့် ခဏခဏ ပြဿနာဖြစ်တတ်ပါတယ်။ သည်းခံချင်စိတ်မရှိ ဖြစ်နေတတ်ပါတယ်။ တစ်ခုခုပြောရင် ကိုယ့်ကို နှိမ်နေသလို ခံစားရပါလိမ့်မယ်။ ဒါကြောင့် ငှက်ကလေးတွေ လွှတ်ပေးပါ။ ငှက်လေးတွေ၊ ငါးလေးတွေကို ခဏခဏ အစာကျွေးပါ။ အနီရောင်အင်္ကျီကို ဖွဲ့ မဝတ်ပါနဲ့။

ကျန်းမာရေး- အဆာမခံပါနဲ့။ အဆာခံလွန်းပြီး အစာအိမ်ထိလာတတ်လို့ပါ။ ခါးနာဟောင်းရှိရင် ပြန်ပေါ်တတ်ပါတယ်။ မိန်းကလေးတွေဆိုရင် သဘာဝနဲ့ဆိုင်တဲ့ကျန်းမာရေးကို ဂရုစိုက်ပါ။ ရင်ထဲ၊ ဝမ်းထဲ ခဏခဏ မကောင်းဖြစ်တတ်ပါတယ်။ ဆေးခဏခဏလှူပေးပါ။ ငှက်စာလေးတွေကျွေးပါ။

နံနက်စောစော အရုဏ်တက်မှာ ဆွမ်းခံကြွလာတဲ့ သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။

အိမ်ထောင်ရေး စိတ်ချမ်းမြေ့ဖို့ကတော့ စကားပြောဆင်ခြင်





ပါ။ စကားဟောင်းတွေ မပြောမိပါစေနဲ့။ စကားခဏခဏမများပါစေနဲ့။ ကာယကံရှင်ဟာ အမျိုးသားဖြစ်နေရင် ဇနီးသည် အိမ်ကဆင်းသွားတတ်ပါတယ်။ စကားပြောဆင်ခြင်ပါ။

လုပ်ငန်းစတင်ဖို့က ကြာသပတေးနေ့ မနက် (၇) နာရီတိတိ ဖြစ်ပါတယ်။

အကြောင်းကြီးငယ်ကိစ္စရှိရင် နီးရာ ဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၇) တိုင် ထွန်းညှိ ပူဇော်ပြီးမှ သွားပါ။

ရွှေဟောင်းရွှေပျက်တွေ၊ အနီရောင်ပစ္စည်းဟောင်းတွေ၊ အင်းတွေ၊ အဆောင်တွေ မဝင်ပါစေနဲ့။ အိမ်မှာ ဘာမှန်းညာမှန်းမသိတဲ့ပြဿနာတွေ ဖြစ်လာတတ်ပါတယ်။ သူနိုးနိုးခံရတဲ့ထိ ဖြစ်တတ်ပါတယ်။ ကားမောင်းအထူးဆင်ခြင်ပါ။

ထီဝါသနာပါရင် စနေ၊ ကြာသပတေးနာမည်ထီဆိုင်တွေမှာ ထိုးပါ။ ၇၊ ၅၊ ၁၊ ၄ ဂဏန်းတွေ ကံစပ်ပါတယ်။

ဘယ်သူတွေ ဘာပဲပြောပြော-

ဒီနှစ်ကတော့ ဘုရားဆောင်ရှေ့မှာ အနည်းဆုံး နာရီဝက်တတ်နိုင်ရင် တစ်နာရီ ကျင့်ကြံအားထုတ်ပြီး သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေကို မေတ္တာအထူးပို့ အမျှဝေရပါလိမ့်မယ်။

ကိုယ့်ထက်ကြီးသူမှန်သမျှကို ဂါရဝတရားနဲ့ ဆက်ဆံပါ။ ကိုယ့်ကိုယ်ကိုယ် ရောင့်ရဲပါ။ လောဘမကြီးပါနဲ့။

ဒီနှစ်ဟာ လုံးဝ လောဘကြီးလို့ မရပါဘူး။ လောဘကြီး



www.burmeseclassic.com

www.burmeseclassic.com



ရင် ကုန်သွားတတ်ပါတယ်။ ဘာမဆို သတိလေးနဲ့ ချင့်ချိန်ပြီး ပြုလုပ်ပါ။ လုပ်ငန်းတွေထပ်ချဲ့ရင် ထိုင်သွားတတ်ပါတယ်။

ကိုယ်က လုပ်ငန်းရှင်ဖြစ်နေရင်တောင်မှ အလုပ်သမားတွေ ဆန့်ကျင်ဘက်လုပ်တာ၊ အလုပ်သမားမမြဲတာတွေနဲ့ ကြုံရတတ်ပါတယ်။ လုပ်ငန်းကောင်းပါလျက်နဲ့ အလုပ်သမားမမြဲလို့ ဘာလုပ်ရမှန်းမသိတွေ ဖြစ်တတ်ပါတယ်။

ကိုယ်က အလုပ်သမားဖြစ်ရင် ကိုယ့်လောက်မကျွမ်းကျင်တဲ့လူက ကိုယ့်ကိုဆရာလုပ်တာတွေ၊ အတွန်းအတိုက်ခံရတာတွေနဲ့ ကြုံတတ်ပါတယ်။

ဒါဟာ သဘာဝပါပဲ။

ဒီလိုနှစ်တွေဆိုတာ ဘာသာတရားကို အချိန်ပေးပြီးမှ အလုပ်လုပ်ရတဲ့နှစ်မျိုး ဖြစ်နေပါတယ်။ ဘာသာတရားကို ရှေ့မတင်လို့ မရပါဘူး။

ဒါကြောင့် လိုအပ်လာရင် မွေးနေ့တိုင်း သားစားရှောင်ကြည့်လိုက်ပါ။ ကိုယ်ချင်းစာတရားနဲ့သာ ထိန်းပါ။ တခြား ဘာမှမရောယှက်ပါနဲ့။ တန်ခိုးကြီးမား သီလအားကောင်းတဲ့ ပုဂ္ဂိုလ်ထူးတွေကို ဖူးရ၊ တွေ့ရ၊ ဆုံရတတ်ပါတယ်။

သူများမလုပ်ချင်တာ အကုန်လုပ်ပါ။

ဘာတွေလဲဆိုတော့ ဘုရားဖူးသွားပြီဆိုရင် ဦးဆုံး တံမြက်စည်းလှည်း၊ အမှိုက်တွေကောက်ပါ။ ပြီးမှ ဘုရားဖူးပါ။ ပူဇော်ပါ။

ဘုန်းကြီးကျောင်းကိုသွားရင် ဦးဆုံး ကုဋီရေဆေးကြောပါ။





တံမြက်လှည်းပါ။ အမှိုက်ရှင်းပါ။ ပြီးမှ ပူဇော်ပါ။

ကိုယ့်ကိုယ်ကိုယ် နှိမ့်ချပါ။

ဒီလိုနှစ်တွေဟာ မကြာခဏ စိတ်ဖိစီးမှုများလာတတ်လို့ ရှိတဲ့အိမ်တွေ၊ ကားတွေ ရောင်းပစ်ချင်စိတ်တွေ ဖြစ်လာတတ်ပါတယ်။ ရောင်းလည်းပစ်တတ်ပါတယ်။

ဘာလုပ်လုပ် အကောင်းပြောမခံရတဲ့နှစ် ဖြစ်နေလို့ ဒီလိုနှစ်မျိုးမှာ သူများက ကိုယ့်ကိုနှိမ်ပြောရင် ဝမ်းမြောက်ဝမ်းသာ ခံယူလိုက်ပါ။ ဒါဟာ အကောင်းဆုံးယတြာပါပဲ။

အစိဋ္ဌာန်တွေ မကြာမကြာဝင်ပါ။

မကောင်းမှုဒုစရိုက်မှန်သမျှ အကုန်ရှောင်လိုက်ပါ။

ကိုယ့်နာမည်ဟာ တနင်္လာစ၊ သောကြာပိတ်မှည့်ထားတဲ့ ကောင်းဟိန်း၊ ကံသာ၊ ချစ်ဟန်၊ ကျော်သစ် ဆိုတဲ့ နာမည်တွဲမျိုး ဖြစ်နေပြီဆိုရင်တော့ တစ်နေ့ကို အနည်းဆုံး တစ်နာရီကြာအောင် ပုတီးစိပ်တာ၊ တရားထိုင်တာ၊ ရွတ်ဖတ်သရဇ္ဈာယ်တာ၊ အဓိဋ္ဌာန်ဝင်တာ မပျက်ပါစေနဲ့။

အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကြီးတွေမှာ လှူပါ။ လုပ်အားလှူပါ။ ကုသိုလ်ပြုပါ။ စွမ်းနိုင်သူက ဦးဆောင် ပူဇော်ပေးပါ။

**တနင်္လာသားသမီးများ-**

အသက် ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆၊ ၈၄၊ ၉၂ ဆိုတဲ့နှစ်တွေကို ရောက်ပြီဆိုရင်တော့-



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲ ဖြစ်ဖြစ် သောကြာနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် သောကြာစ၊ တနင်္ဂနွေပိတ်တဲ့ သစ်အုန်း၊ ဟန်အေး၊ ဟိန်းအိ၊ သူအုံ လို နာမည်တွဲမျိုးဆိုရင်တော့ အကျိုးမပေးတော့ပါဘူး။

စနေကတော့ အကျိုးပေးပေမယ့် သူကိုယ်တိုင် အချိန်လုနေရတဲ့ အလုပ်မအားသူမျိုးဖြစ်တတ်လို့ ခဏခဏသွားပြီး အကြံဉာဏ်ယူရတာမျိုး၊ အကူအညီတောင်းရတာမျိုးတွေ ဖြစ်တတ်တဲ့အတွက် စိတ်ရှည်ရပါလိမ့်မယ်။ ဒါတောင်မှ စနေစပြီး အင်္ဂါပိတ်မှည့်ထားတဲ့ ထင်ဇော်၊ ထွန်းညံ၊ ထက်ညို၊ နှင်းဆက် ဆိုတဲ့ နာမည်တွဲမျိုးဆိုရင်တော့ အကျိုးမပေးပြန်ပါဘူး။

မိတ်ဟောင်းဆွေဟောင်း တနင်္လာကတော့ ငွေကြေးလိုကိစ္စမျိုးကလွဲရင် ကျန်တာ အကြံဉာဏ်ပေးနိုင်ပါလိမ့်မယ်။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်လို့ကောင်းပါတယ်။ ဒါပေမယ့် စီးပွားစပ်တူလုပ်ဖို့ လုံးဝ မစဉ်းစားပါနဲ့။

၈ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ရန်တွေကတော့ စက်ပစ္စည်းဟောင်းတွေ၊ ရွှေဟောင်းတွေ မဝင်ဖို့ပါပဲ။ အရှုပ်အရှင်းတွေ ဖြစ်လာတတ်ပါတယ်။

သူများကိစ္စကို အာမခံတော့မယ်ဆိုရင် အချိန်ယူပြီး စဉ်းစားပါ။ ကြားဖူးနားဝ လူပြောသူပြောတွေနဲ့ ဆေးမစားပါနဲ့။ ဆေးမထိုးပါနဲ့။ မှားတတ်ပါတယ်။ ကျွမ်းကျင်နားလည်တဲ့ ဆေးပညာရှင်တွေနဲ့သာ တိုင်ပင်ပြီး စဉ်းစားပါ။





ဆိုင်ကယ်အကြမ်း၊ အမြန်စီးတာ လုံးဝ မပြုလုပ်ပါနဲ့။

တစ်နှစ်လုံးအနေနဲ့က မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သောက်တော်ရေ၊ သစ်သီးစုံဆွမ်း၊ သကြားဆွမ်းကပ်လှူပူဇော်ပါ။ ပြီးရင် ပရိတ်ရွတ်တာ ဖြစ်ဖြစ်၊ အဓိဋ္ဌာန်ပုတီးစိပ်တာ ဖြစ်ဖြစ် အသံထွက်ပြီး ပူဇော်ပါ။

ဝန်မလေးဘူးဆိုရင် တန်ခိုးကြီးဘုရားစေတီတွေမှာသွားပြီး ဆွမ်းတော်ကြီးတင်ပါ။ ဖြစ်နိုင်ရင် ဓာတ်ကြီး (၄) ပါးဆွမ်းတော်ကပ်လှူပါ။ အခက်အခဲရှိရင် အိမ်မှာ တစ်လတစ်ကြိမ် ဓာတ်ကြီး (၄) ပါးဆွမ်းတော်ကပ်လှူပါ။

သံဃာတော်အရှင်သူမြတ်များကို မကြာခဏ ထီးလှူပါ။

သီလရှင်ဆရာကြီးများကို ထီးလှူပေးပါ။

အတိုက်အခံများရင် သမ္ဗုဒ္ဓေဂါထာကို နေ့စဉ် (၁၀၈) ခေါက်ရွတ်ပါ။ ကျန်းမာရေးနဲ့ဆိုင်ရင် ဓာရဏပရိတ်ကို အဓိဋ္ဌာန်နဲ့ရွတ်ပါ။

ပညာရေးကံတွေကောင်းပေမယ့် ကြိုးစားလိုက်၊ မကြိုးစားလိုက် ဖြစ်နေတတ်ပါတယ်။ စာသင်သံဃာတော်အရှင်သူမြတ်များကို လိုအပ်တဲ့ ပညာစာအုပ် ဝယ်ပြီး လှူပါ။

အကြောနဲ့ဆိုင်တဲ့ဝေဒနာတွေ ဂရုစိုက်ပါ။ ဆီးနည်းတတ်လို့ဆီး၊ မျက်စိ ဂရုစိုက်ပါ။ ဒူးဆစ်တွေနာတတ်လို့ အထိုင်အထ ဂရုစိုက်ပါ။ မကြာခဏ ဆေးလှူပါ။ လမ်းများများလျှောက်ပေးပါ၊ လေ့ကျင့်ခန်းပြုလုပ်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်တတ်သူတွေကတော့ ရေသတ္တဝါလေးတွေကို ခဏခဏ အစာကျွေးပါ။ ရန်ကုန်မှာနေရင် ရေမြင်း၊ ဝက်ဝံလေးတွေကို မကြာမကြာ အစာကျွေးပါ။

အိမ်ထောင်ရေးကံတွေ ကောင်းပေမယ့် ဟိုသွားချင်ဒီသွားချင်ကြောင့် မကျေလည်မှုလေးတွေ ဖြစ်တတ်ပါတယ်။

လုပ်ငန်းသစ်စချင်ရင် တနင်္ဂနွေနေ့ မနက် (၇) နာရီမှာ စတင်ပါ။

ထီကံကောင်းပါတယ်။ ၇၊ ၁၊ ၆၊ ၂၊ ၉ ဂဏန်းတွေနဲ့ တော်တော်ကံစပ်ပါတယ်။ စနေ၊ သောကြာနံ့ထီဆိုင်တွေဟာ အကောင်းဆုံး အကျိုးပေးပါတယ်။

အာရုံကြောတွေ ခဏခဏ အနားပေးပါ။

ဆီး၊ ဝမ်း၊ လေ မှန်အောင်နေပါ။

ငှက်ကလေးတွေ၊ ခွေးလေးတွေကို ခဏခဏ အစာကျွေးပါ။

ကဏန်းအရှင်လေးတွေကို အဆင်သင့်တိုင်း ရေအရှင်မှာ ဘေးမဲ့လွှတ်ပေးပါ။

**တနင်္လာသားသမီးများ -**

**အသက်** ၂၁၊ ၂၉၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈၊ ၈၆၊ ၉၄ **ဆိုတဲ့နှစ်တွေ** ရောက်ပြီဆိုရင် -

ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အောင်မြင်လိုတဲ့ ဘယ်ကိစ္စမျိုးကိုပဲဖြစ်ဖြစ် အင်္ဂါနာမည်ရှင်တွေနဲ့ တိုင်ပင်ပါ။





အကြံဉာဏ်ယူပါ။ အကူအညီယူပါ။ ဒါပေမယ့် အင်္ဂါစ၊ တနင်္ဂနွေပိတ်မှည့်ထားတဲ့ စံဥ၊ စန်းအိ၊ ဖွဲ့အိမ် ဆိုတဲ့ နာမည်တွဲမျိုး ဖြစ်နေရင်တော့ လုံးဝ အကျိုးမပေးပါဘူး။

ဗုဒ္ဓဟူးကတော့ အကျိုးပေးပါတယ်။ မိတ်ဟောင်းဆွေဟောင်း ဗုဒ္ဓဟူး၊ ဒါမှမဟုတ် ရပ်ဝေးမှာနေတဲ့ဗုဒ္ဓဟူးဖြစ်မှ အကျိုးပေးကောင်းမှာပါ။ ဆက်ကာဆက်ကာ အကျိုးပေးမှာပါ။

စနေက ဟုတ်တော့မလိုလိုနဲ့ အဖျားရှူးသွားတတ်ပါတယ်။

ကျန်တဲ့နာမည်ရှင်တွေနဲ့က ကံမစပ်ပါဘူး။ စီးပွားစပ်လို့မရပါဘူး။ ခင်လို့ပဲ ရပါတယ်။

၅ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ရန်တွေကတော့ ငွေကြေးနဲ့ပတ်သက်တဲ့ကိစ္စမှန်သမျှ ရှောင်ပါ။ ကိုယ်က ချေးရင်လည်း ဆုံးတတ်သလို သူများကို အာမခံပေးရင်လည်း စိုက်ဆပ်ရတတ်ပါတယ်။ ဘယ်ဟာမှမကောင်းပါဘူး။ ငွေမှုငွေပြဿနာဖြစ်ရင်တောင် ကိုယ်ကအသာရဖို့ မလွယ်ပါဘူး။ သူများငွေပြဿနာတွေမှာလည်း ကြားမညပ်ပါစေနဲ့။ အများပိုင်ငွေကြေးနဲ့ပတ်သက်ပြီး ကိုင်တွယ်ရတဲ့တာဝန်မျိုးဖြစ်နေရင်လည်း စာရင်းအင်းတိတိကျကျနဲ့ ပြုလုပ်ပါ။ ဂရုစိုက်နေတဲ့ကြားက ငွေကွာတတ်ပါတယ်။

မြေဝယ်ရောင်းလုပ်မယ်လို့စဉ်းစားရင် သတိထားပါ။ အဆွေ ကိစ္စလုပ်မယ်လို့ စဉ်းစားရင် ရက်ရွှေ့ပါ။

တစ်နှစ်လုံးကတော့ -



www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေကပ်လှူပြီး သရဏဂုံ (၃၀) ကို ပုတီး (၅) ပတ်၊ ဒါမှမဟုတ် (၁၀) ပတ်စိပ်ပါ။ ရတနာမြတ်(၃) ပါးကို ရည်မှန်းပြီး ဆွမ်း (၃) ပွဲ ကပ်လှူပါ။ ငှက်စာ၊ ခွေးစာ ကျွေးပါ။

ငွေကြေးနဲ့ပတ်သက်ရင် ခြေထောက်မကောင်းသူတွေကို ဆေး၊ ငွေ၊ အာဟာရလှူပေးပါ။ ငှက်လေးတွေလွှတ်ပေးပါ။ မဟာဝေဒဗ္ဗမန္တန်တော်ကို နေ့စဉ် အဓိဋ္ဌာန်ထားပြီး ရွတ်ပါ။

အတိုက်အခံများလွန်းရင် သမ္ဗုဒ္ဓေဂါထာ၊ ပထမံဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ ၂၄ ပစ္စည်းရွတ်ပါ။ ဘုရားစေတီကို ခဏခဏ သွားပြီး ရင်ပြင်တော်တံမြက်စည်းလှည်းပါ။

ကျန်းမာရေးလိုအပ်ရင် မျက်မမြင်များကို ဆေး၊ ငွေ၊ အာဟာရလှူပေးပါ။ ခါး၊ ခြေမကောင်းသူများကိုလှူပါ။ ငါးလွှတ်ပေးပါ။ ကြက်အရှင်ကို ဈေးမဆစ်ဘဲဝယ်ပြီး အစာဝအောင်ကျွေးပြီး ဘေးမဲ့လွှတ်ပေးပါ။ ရတနသုတ်တော်ကို အဓိဋ္ဌာန်နဲ့ရွတ်ပါ။ နှမ်းပါးတဲ့ ကိုယ်ဝန်ဆောင်မိခင်ကို ဆေး၊ ငွေ၊ အာဟာရလှူပေးပါ။ ကလေးမွေးဖို့ တတ်နိုင်သမျှ ကူညီပေးပါ။

ပညာရေးနဲ့ပတ်သက်လာရင် ထိထိရောက်ရောက် ကြိုးစားပါ။ မျက်လုံးထိခိုက်တဲ့အထိ ကစားလွန်းရင်၊ အိပ်ရေးပျက်လွန်းရင် တော်ပါလျက်နဲ့ ချော်သွားတတ်ပါတယ်။

ချစ်တတ်သူတွေကတော့ ငှက်ကလေးတွေကို ခဏခဏ





အစာကျွေးပါ။ အနက်ရောင်ပြောင်အင်္ကျီဝတ်တာ ဆင်ခြင်ပါ။

လုပ်ငန်းစတင်မယ်ဆိုရင် တနင်္ဂနွေနေ့ မနက် (၇) နာရီမှာ စတင်ပါ။

ထီထိုးချင်ရင် အင်္ဂါ၊ ဗုဒ္ဓဟူးနာမည်ဆိုင်တွေနဲ့ ၃၊ ၄၊ ၈ ဂဏန်းတွေ ကံစပ်ပါတယ်။

ဒီနှစ်ဟာ ဗိုက်နဲ့ပတ်သက်တဲ့ကျန်းမာရေး လုံးဝဂရုစိုက်ပါ။ အသက်ကြီးကြီး၊ ငယ်ငယ် အစားကို ဂရုစိုက်ပါ။ ဒူးတွေနာလာတတ်ပါတယ်။ မလိုအပ်ဘဲ ခွဲတာစိတ်တာတွေ မလုပ်ပါနဲ့။ တစ်ကြိမ်နဲ့မပြီးတတ်ပါဘူး။

လုပ်ငန်းကိုစဉ်းစားပြီးမှချဲ့ပါ။ မကျွမ်းကျင်တဲ့လုပ်ငန်းတွေကို ဟိုဟာလုပ်ချင် ဒီဟာလုပ်ချင် မဖြစ်ပါစေနဲ့။ အရှုံးပြီး ကုန်တာတွေချည်း ကြုံတတ်ပါတယ်။ လောဘမကြီးပါနဲ့။ ကြွေးတင်သွားပါလိမ့်မယ်။ ဘာလုပ်ရမှန်းမသိ ဖြစ်သွားတတ်ပါတယ်။

'ရွှေ' ဘွဲ့အမည်ရှိတဲ့ ဘုရားစေတီတွေကို မကြာမကြာ သွားပြီး ရင်ပြင်တော်တံမြက်စည်းလှည်းပေးပါ။ အမှိုက်ကောက်ပေးပါ။

အနေအထိုင်ဆင်ခြင်ပါ။ နှလုံးသားရေးရာကိစ္စတွေမှာ ဆင်ခြင်တုံတရားရှိပါစေ။

ကားမောင်းအထူးဆင်ခြင်ပါ။

ကိုယ့်နာမည်ဟာ တနင်္လာ၊ ကြာသပတေးပိတ်မှည့်ထားတဲ့ ကံမောင်၊ ချစ်မြ၊ ကျော်ပိုင်၊ ခင်မုန်း ဆိုတဲ့ နာမည်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီဆိုရင်-

ငွေကြေးနဲ့ပတ်သက်တဲ့ လောင်းကစားမှန်သမျှ အကုန်ရှောင်ထားလိုက်ပါ။ ငွေကြေးအရှုပ်အရှင်းတွေထဲ မဝင်မိပါစေနဲ့။ အမြင့်ကြီးတွေကိုတက်ရင် သတိထားတက်ပါ။ မထင်မှတ်တာတွေနဲ့ မကြုံရအောင် ရွတ်ဖတ်မှု များများပြုပါ။ လောဘ၊ မာနရှောင်ပါ။

အရေးတကြီးကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ ဘုရားရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၃) တိုင် ထွန်းညှိ သရဏဂုံ (၃) ပါးရွတ်ပြီးမှသွားပါ။

ရက္ခစိုးများကို မေတ္တာအထူးပို့ပေးရမယ့်နှစ် ဖြစ်နေပါတယ်။

အဓိဋ္ဌာန်ကြီးတွေဝင်ရင်တောင် ညောင်ပင်ကြီးတွေအောက်မှာ အမျှဝေ၊ မေတ္တာပို့၊ မေတ္တာဘာဝနာစီးဖြန်းဖို့ မမေ့ပါနဲ့။

**တနင်္လာသားသမီးများ-**

အသက် ၂၂၊ ၃၀၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃၊ ၇၁၊ ၇၉၊ ၈၇၊ ၉၅ **ဆိုတဲ့နှစ်**တွေရောက်နေရင်-

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် တနင်္လာနာမည်ရှင်**တွေနဲ့ တိုင်ပင်**ပြုလုပ်ပါ။ ဒါပေမယ့် တနင်္လာစ၊ ဗုဒ္ဓဟူးပိတ်မှည့်**ထားတဲ့ ကျော်**ဝ၊ ကြည်လန်း၊ ခိုင်ရွှင်၊ ကောင်းလူ ဆိုတဲ့ နာမည်**တွဲမျိုးဆိုရင် အကျိုး**မပေးပါဘူး။

ကြာ**သပတေး**နာမည်ရှင်တွေလည်း အကျိုးပေးပါတယ်။





မိတ်ဟောင်းဆွေဟောင်းထဲကဆို ပိုပြီး အကျိုးပေးပါလိမ့်မယ်။ ရပ်ဝေးမှာနေတဲ့ ကြာသပတေးဆိုရင်လည်း အကျိုးပေးပါတယ်။

သောကြာကတော့ ခက်ခက်ခဲခဲနဲ့ အကျိုးပေးတတ်ပါတယ်။ မိတ်တော့ရှည်ရပါလိမ့်မယ်။

ဗုဒ္ဓဟူးက ကောင်းကောင်း၊ ဆိုးဆိုး ဆက်ဆံနေရပါလိမ့်မယ်။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်လို့ရပါတယ်။ စီးပွားစပ်တူလုပ်မယ်ဆိုရင်တော့ လုံးဝ ရှောင်လိုက်ပါ။

၃ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ရန်တွေကတော့ အခု ဒီနှစ်မှစပြီး စက်နဲ့ပတ်သက်တဲ့ လုပ်ငန်း စထောင်မယ်ဆိုရင် စဉ်းစားပါ။ အင်္ဂါနံနဲ့ပတ်သက်တာရယ်၊ စနေနံနဲ့ပတ်သက်တာရယ် ညှံ့နေတာမို့ အထည်ချုပ်စက်ရုံတွေဘာတွေ စထောင်မယ်ဆိုရင် စဉ်းစားပါ။ ကျွမ်းကျင်သူလည်းဖြစ်၊ ကိုယ်နဲ့အကျိုးပေးတဲ့သူလည်းဖြစ်သူတွေနဲ့ တိုင်ပင်ပြီးမှ ပြုလုပ်ပါ။ မိခင်ရှိသူတွေက မိခင်ကို တိုင်ပင်ပြုလုပ်ပါ။ မိခင်ကို ဦးထိပ်ထားပြီး လုပ်ငန်းလုပ်ပါ။

သူများခဏလာထားတဲ့စက်တွေဆိုရင် သတိထားပါ။ **အ**ရှုပ်အရှင်းပါလာတတ်ပါတယ်။

လုပ်ငန်းတွေမှာ ယုံကြည်အားကိုးရတဲ့ လူယုံတွေ **ထွက်**ခွာ**န်**တတ်ပါတယ်။ လူတွေ ကိုယ့်အလုပ်မှာ ခန့်လိုက်၊ **မခြလိုက်**ဖြစ်နေတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်လုံးကတော့ မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သောက်တော်ရေကပ်၊ ယပ်တော်သွင်း ပူဇော်ပါ။ တနင်္လာနံဆွမ်းများနဲ့ ဆွမ်းတော်ကပ်ပါ။

ဂုဏ်တော်ကို အနည်းဆုံး နာရီဝက်၊ တစ်နာရီကြာအောင် ပုတီးစိပ်ပါ။

အတိုက်အခံများလွန်းရင် ၂၄ ပစ္စည်းကို နေ့စဉ် (၂၄) ခေါက် ရွတ်ပါ။ စာကလေးတွေ လွှတ်ပေးပါ။ စာကလေးတွေကို နေ့တိုင်း ဆန်ကျွေးပါ။

ကျန်းမာရေးလိုအပ်ရင် ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ မဟာ သမယသုတ်၊ ပရိမိတ္တဇာလသုတ်တွေကို အမြဲ့ဒွန်နဲ့ရွတ်ပါ။ စိတ် ဝေဒနာရှင်တွေကို ဆေးလှူပါ။ စာကလေးလွှတ်ပါ။ နံနက်စောစော အရုဏ်ဆွမ်းခံကြွလာတဲ့ သံဃာတော်အရှင်သူမြတ်တွေကို အရုဏ် ဆွမ်းလောင်းလှူပါ။ ဆေးလှူဖို့ အဆင်ပြေတိုင်း ဆေးလှူပါ။ လမ်းများများလျှောက်ပေးပါ။ အာနာပါနဘာဝနာကို အချိန်ရအောင် ယူပြီး စီးဖြန်းပါ။

ပညာရေးကံတွေ ကောင်းနေပါပြီ။ ကြိုးစားလေ အောင် မြင်လေ ဖြစ်ပါပြီ။ စာအုပ်စာပေလှူပေးပါ။

ချစ်တတ်သူတွေကတော့ ကံပွင့်တဲ့နှစ်ပါပဲ။ ချစ်သူဝိုင်းဝိုင်း လည်နေတတ်ပါတယ်။ ကိုယ်မသိဘဲ ကိုယ့်ကို မေတ္တာရှိနေသူတွေ တောင် ရှိပါတယ်။ အိမ်နဲ့ဆိုင်တဲ့ပြဿနာ၊ အိမ်က မိသားစုနဲ့ဆိုင် တဲ့ပြဿနာ၊ အဲဒါတွေကို မလိုအပ်ရင် လျှောက်မပြောပါနဲ့။





အိမ်ထောင်ရှင်တွေက ကံကောင်းပေမယ့် အိမ်ထောင်ဖက် နဲ့ပတ်သက်ပြီး ဒေါသများလွန်းလို့ အိမ်ထောင်ဖက် စိတ်ညစ်ပြီး ထွက်ထွက်နေပါဦးမယ်။ ဘုရားရှင်ကို ကျောက်ကျော၊ ရွှေရင် အေး ခဏခဏ ဆွမ်းတော်ကပ်ပါ။

ဆိုင်ကယ်စီးတာ ဆင်ခြင်စီးပါ။ (၃) ယောက် မစီးပါနဲ့။

လုပ်ငန်းစတင်ချင်ရင် ဗုဒ္ဓဟူးနေ့ မနက် (၇) နာရီမှာ စတင်ပါ။

ထီဝါသနာပါရင် ဗုဒ္ဓဟူး၊ တနင်္လာ၊ ကြာသပတေးနာမည် ဆိုင်တွေမှာထိုးပါ။ ၄၊ ၈၊ ၂၊ ၉၊ ၅ ဂဏန်းတွေ အကျိုးပေးပါ တယ်။

ဒီနှစ်ကတော့ ပြီးခဲ့တဲ့နှစ်တွေနဲ့မတူဘဲ လုပ်ငန်းတွေအဆင် ပြေလာတာတို့၊ လူဝင်လူထွက်များလာတာတို့ ကြုံရပါလိမ့်မယ်။ မျက်နှာလည်းအတော်ပွင့်တဲ့နှစ်ပါ။ ဒါပေမယ့် အပျော်လွန်တာ၊ အပျော်ကြူးတာ ရှောင်ရပါလိမ့်မယ်။ ခင်မင်သူအသိုင်းအဝိုင်း များလာပေမယ့် ကိုယ်လုပ်နေတဲ့ စီးပွားရေးအသိုင်းအဝိုင်းမှာ အသောက်အစား၊ အပျော်အပါးများသူတွေ ဝန်းရံလာပြီဆိုရင် သတိ ထားပါလေ။

**တနင်္လာသားသမီးများ–**

အသက် ၂၃၊ ၃၁၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂၊ ၈၀၊ **၈၈၊ ၉၆ ဆိုတဲ့**နှစ်တွေရောက်ပြီဆိုရင်–

ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး **အောင်မြင်**



www.burmeseclassic.com

www.burmeseclassic.com



လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် အင်္ဂါနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။

တနင်္ဂနွေကလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် တစ်ခါတစ်ခါ ဝေဝေသွားတတ်ပါတယ်။ လိုရင်းမရောက် ဖြစ်နေတတ်ပါတယ်။

ဗုဒ္ဓဟူးကတော့ အကျိုးပေးပါရဲ့။ သွားသွားလာလာများတဲ့ ဗုဒ္ဓဟူး ဖြစ်နေတတ်လို့ လမ်းမှာပဲ တွေ့ရ ဆုံရတာမျိုး၊ အချိန်မပေးနိုင်လို့ အခက်အခဲဖြစ်တာမျိုးကြောင့် စိတ်ရှုပ်ပါ။

စနေက ခက်ခက်ခဲခဲနဲ့ အကျိုးပေးပါတယ်။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်ဖို့ကောင်းပေမယ့် စီးပွားအတူလုပ်ဖို့ လုံးဝ ကံမစပ်ပါဘူး။

၂ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့ကတော့ ဘယ်လိုကျောက်မျိုးမှ ဝင်လို့မရပါဘူး။ **အကြောင်းကြီးငယ်ရှိရင်လည်း သူစိမ်း တနင်္လာကို အတူခေါ်သွားလို့ မအောင်မြင်နိုင်ပါဘူး။** ရွှေတူးမယ်ဆိုရင်လည်း စဉ်းစားပါ။ **သူများစားဖို့**လုပ်နေရသလို ဖြစ်သွားတတ်ပါတယ်။ မိတ်ဆွေတွေ **သစ္စာမရှိဖြစ်**သွားတာမျိုး မမျှော်လင့်ဘဲ ကြုံရတတ်ပါတယ်။

**တစ်နှစ်လုံးအနေနဲ့က** -

**မနက်မိုးလင်း** မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို ဆွမ်းတော်ပွဲ (၃) ပွဲ ကပ်လှူပူဇော်ပါ။ သရဏဂုံ (၃၀) ကို အချိန်မရရင် (၅) ပတ်၊ အချိန်ရရင် (၁၀) ပတ် မပျက်မကွက် ပုတီးစိပ်ပါ။ မစိပ်အားရင် လက်အုပ်ချီပြီး (၉) ခေါက် ထိုင်ရွတ်ပါ။ **ထူးခြား** အောင်မြင်လာပါလိမ့်မယ်။





ကျန်းမာရေးလိုအပ်ရင် ခြေထောက်၊ ခါးမကောင်းတဲ့သူတွေ၊ လေထိထားသူတွေ၊ နှလုံး၊ လေးဖက်နာဝေဒနာရှင်တွေကို ဆေးမကြာမကြာလှူပေးပါ။ ငွေ၊ အာဟာရ ထိထိရောက်ရောက်လှူပေးပါ။ ကိုယ်တိုင်လည်း နှလုံးလေရိုက်သလိုမျိုး၊ လေတက်၊ လေထိုးသလိုမျိုး၊ လေးဖက်နာလိုမျိုးမဖြစ်ဖို့ ဂရုစိုက်ပါ။ လမ်းများများလျှောက်ပေးပါ။ ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်ပါ။

ငှက်၊ ကြက်၊ ငါး သတ္တဝါတိုင်း ဘေးမဲ့လွှတ်ပေးပါ။

ပရိမိတ္တဇာလသုတ်၊ ရတနသုတ်၊ ဇောတိကသုတ်၊ ဖုဒ္ဓသဂါထာတို့ကို အမိဋ္ဌာန်ထားပြီး ရွတ်ဖတ်ပါ။ ပုတီးစိပ်ပါ။

ပညာရေးကံကောင်းပါတယ်။ ရတယ်ဆိုပြီး ပေါ့မသွားဖို့ ရယ်၊ တစ်ခုကိုကျက်နေရင်းက မရသေးဘဲ နောက်တစ်ခု ခုန်ကူးကျက်တာမျိုးတွေသာ မလုပ်ပါနဲ့။

ချစ်တတ်သူတွေကတော့ ခဏခဏ စိတ်အခန့်မသင့်တာလေးတွေ ဖြစ်တတ်တယ်။ ဒါပေမယ့် သည်းခံပါ။ မဖြစ်သင့်တာလေးတွေ မဖြစ်ပါစေနဲ့။ ငှက်လေးတွေ၊ ငါးလေးတွေကို **အစာ**ကျွေးပါ။ သံသယတွေမဝင်ကြပါစေနဲ့။

အကြောင်းကိစ္စရှိရင် နီးရာဘုရားစေတီတစ်ဆူဆူကို **အရင်**သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် **(၃) တိုင်** ထွန်းညှိ ပူဇော်ပြီး သရဏဂုံကို အခေါက် (၃၀) **ရွတ်ပြီးမှ သွားရာ**



www.burmeseclassic.com

www.burmeseclassic.com



သိပ်မလိုပါဘူး။

လုပ်ငန်းခွင်ဖြေဆိုမှု၊ ရာထူးတိုးဖြေဆိုမှုတွေအတွက် ပညာရေးကတော့ အကြောင်းကိစ္စရှိရင်ဆိုတဲ့ကဏ္ဍအတိုင်း ပြုလုပ်ရမှာ ဖြစ်ပါတယ်။ လိုအပ်တဲ့ သင်ကြားမှု၊ မသိတာမေးမြန်းမှုတွေကတော့ အကျိုးပေးနာမည်ရှင် ဆရာတွေ၊ သူငယ်ချင်းတွေနဲ့ တိုင်ပင်ရမှာပါ။ နိုင်ငံခြားသင်္ဘောလိုက်မယ့်သူပဲဖြစ်ဖြစ်၊ အလုပ်သွားလုပ်မယ့်သူပဲ ဖြစ်ဖြစ် ဒီအတိုင်းပါပဲ။ နေ့စဉ်ပြုလုပ်ရမယ့်ကုသိုလ်ကတော့ ဘယ်သူမဆို အချိန်ပေးပြီး ပြုလုပ်သင့်ပါတယ်။

အင်္ကျီအရောင်ရောင်ခိုင်းတယ် ဆိုတာကလည်း အမြဲရောင်ခိုင်းနေတာ မဟုတ်ပါဘူး။ ဘယ်သွားသွား ဝယ်လို့ရပါတယ်။ အရေးကြီးတဲ့ကိစ္စတို့၊ အလုပ်နဲ့ပတ်သက်ပြီး လူတွေ့သွားမှာတို့ဆိုရင်သာ ရှောင်ရမှာပါ။

ဝက်ဝံ၊ ရေမြင်း၊ မြင်း၊ နွားကျွေးရမယ်ဆိုရင်လည်း ကိုယ်နေတဲ့ဒေသနဲ့ အဆင်ပြေတဲ့ ဗုဒ္ဓဟူးနံ၊ ကြာသပတေးနံ ဖြစ်ချင်ဖြစ်နေပါလိမ့်မယ်။ ကျွေးလို့ရပါတယ်။ ဖြစ်အောင်လုပ်ဖို့ပဲ အရေးကြီးပါတယ်။

မင်္ဂလာဆောင်ရက်ရွေးရင်လည်း ဒီလိုပါပဲ။ အကျိုးပေးတဲ့သူတွေနဲ့ တိုင်ပင်ပြီး ရွေးရပါလိမ့်မယ်။ နံသင့်တဲ့ဟိုတယ်ကြီးတွေ၊ နေရာတွေ ရွေးရမှာ ဖြစ်ပါတယ်။

အရေးကြီးတာ အကျိုးပေး၊မံပေး၊ နံသင့်တဲ့ကံစပ်တဲ့ကဏ္ဍပါပဲ။





ဟောစာတမ်းကို ပုံသေနည်းအတိုင်း ရေးမထားပါဘူး။

ရှေ့မှာ လာထိုင်ပြီး မေးတဲ့သူကို ပြောပြနေသလို ပြောပြထားတာ ဖြစ်ပါတယ်။ ရှေ့နောက်ညီချင်မှလည်း ညီပါလိမ့်မယ်။ ကျန်းမာရေးက အရင်လာတာ ရှိချင်လည်းရှိမယ်၊ စီးပွားရေးက အရင်လာတာရှိချင်လည်းရှိမယ်။ သိသင့်သိထိုက်တဲ့ ဆောင်ရန်၊ ရှောင်ရန်တွေကို ထိုင်ပြောနေသလို ပြောပြထားပါတယ်။ ဒါကြောင့် ဒီစာအုပ်လေးဟာ ကိုယ့်အတွက်ရော၊ ကိုယ့်မိသားစုအတွက်ရော မိတ်ဆွေတွေအတွက်ပါ တန်ဖိုးမဖြတ်နိုင်တဲ့မိတ်ဆွေကောင်း ဖြစ်လာပါလိမ့်မယ်။ အလင်းရောင်လေး ဖြစ်လာပါလိမ့်မယ်။

ပြထားတဲ့အစီအရင်တွေဟာ ရတနာမြတ် (၃) ပါးရဲ့အရိပ်တော်အောက်မှာပဲ ရှိပါလိမ့်မယ်။ မေတ္တာတရား၊ ကိုယ်ချင်းစာတရားတွေနဲ့ပြည့်နေတဲ့ ကုသိုလ်ပြုအစီအရင်တွေချည်းပါပဲ။

ဒီအစီအရင်တွေကို ပြုလုပ်လိုက်ပြီဆိုတာနဲ့ ရင်ထဲမှာ ပီတိတွေဖြစ်ပြီး ကိုယ့်ရဲ့လိုရာကိစ္စဟာ ကိုယ့်ယုံကြည်ချက်တွေနဲ့ တစ်ဝက်အောင်မြင်သွားပါပြီ။ တကယ်ထိရောက်တဲ့အပြင် နေ့စဉ်လာကြတဲ့ မိတ်ဆွေတွေကိုပါ ဒီတိုင်းပဲပေးနေပြီး အောင်မြင်နေတဲ့ ကုသိုလ်ပြုအစီအရင်တွေ ဖြစ်ပါတယ်။ ခက်ခက်ခဲခဲ လုပ်စရာဘာမှမလိုပါဘူး။

ဂါထာတွေကတော့ များသောအားဖြင့် ရွတ်ဖူးနေကြတဲ့ ဂါထာတွေ၊ မန္တန်တွေဖြစ်လို့ ယုံကြည်မှုအားက တစ်ဝက်ရှိနေပါလိမ့်မယ်။ တကယ်လည်း အောင်မြင်ထိရောက် အစွမ်းထက်တာ



www.burmeseclassic.com

www.burmeseclassic.com



ကိုသွားပါ။

အလုပ်စာမေးပွဲတွေ ဖြေဆိုရင် အောင်မြင်ပါပြီ။

လုပ်ငန်းသစ်စချင်ရင် သံဃာတော်အရှင်သူမြတ်တွေကို ဝတ္ထုငွေများများလှူပေးပါ။ ဘုရားဖူးကြွမယ်ဆိုရင် သင်္ကန်းပါ လှူလိုက်ပါ။ မနက်စောစော အရုဏ်ဆွမ်းခံကြွတော်မူလာတဲ့ သံဃာတော်အရှင်သူမြတ်များကို မကြာမကြာ အရုဏ်ဆွမ်းလောင်း လှူပါ။ အစစအရာရာ အောင်မြင်ပါပြီ။

ထီထိုးမယ်လို့စဉ်းစားရင် ၃၊ ၄၊ ၈၊ ၅၊ ၁ ဂဏန်းတွေနဲ့ အင်္ဂါ၊ ကြာသပတေး၊ ဗုဒ္ဓဟူး၊ တနင်္ဂနွေဆိုင်တွေမှာ ထိုးပါ။

ကားကို ဖြည်းညင်းစွာ မောင်းပါ။

❋



# အင်္ဂါသားသမီးများ

**အင်္ဂါသားသမီးများ-**

အသက် ၁၅၊ ၂၃၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃၊ ၇၁၊ ၇၉၊ ၈၇၊ ၉၅ ဆိုတဲ့နှစ်တွေ ရောက်ပြီဆိုရင်-

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ်၊ ဗုဒ္ဓဟူးနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် ဗုဒ္ဓဟူးစ၊ သောကြာဝိတ်မှည့်ထားတဲ့ လှဟိန်း၊ လူဟန်၊ ရှင်းသစ် ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေရင်တော့ မတိုင်ပင်ပါနဲ့တော့။

စနေက ကောင်းတော့ကောင်းပါတယ်။ ဒါပေမယ့် သူကိုယ်တိုင် အလုပ်များလွန်းတတ်တာမို့ ဟုတ်မလိုလိုနဲ့ အဖျားရှူးရှူးသွားတတ်ပါတယ်။

တနင်္ဂနွေက အကျိုးပေးတယ်ပြောလို့ရပေမယ့် ခက်ခက်ခဲခဲတော့ ဖြစ်ဖြစ်နေတတ်ပါတယ်။

အင်္ဂါက မဆိုးပေမယ့် ကိုယ်နဲ့လည်းခင်ရော သူကတို့ ပြောင်းဒီရွှေ့ ဖြစ်သွားတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့နာမည်ရှင်တွေက ခင်ဖို့ကောင်းပေမယ့် စီးပွားစပ်တူလုံးဝ အကျိုးမပေးပါဘူး။

၅ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ရန်တွေကတော့ အမှုအခင်းဖြစ်နေသူကို အာမခံပေးမယ်ဆိုရင် စဉ်းစားပါ။ အမွေကိစ္စ၊ မြေဝယ်တာတွေ လုံးဝမလုပ်ပါနဲ့။ အရှုပ်အရှင်းမကင်းတဲ့မြေ ဖြစ်နေတတ်ပါတယ်။

အသိဉာဏ်ကင်းမဲ့ပြီး ရိုင်းစိုင်းတဲ့လူမျိုး၊ အသောက်အစားလွန်ကဲသူမျိုး၊ ဆိုးလွန်းလို့ အိမ်ထောင်ဖက်နဲ့ ကွဲလာရတဲ့သူမျိုး ညအိပ်လက်ခံမယ်ဆိုရင် စဉ်းစားပါ။ ကျောက်မျက်ရတနာလုပ်ငန်းကို ဒီနှစ်မှ စလုပ်မယ်ဆိုရင် စဉ်းစားပါ။

တစ်နှစ်လုံးအတွက်ကတော့ မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေ ကပ်လှူပူဇော်ပြီး ယပ်တော်သွင်းပါ။ သစ်သီးစုံကို မကြာမကြာ ဆွမ်းတော်တော်ကပ်လှူပါ။ ရှင်သီဝလိပုံတော်၊ ရှင်ဥပဂုတ္တပုံတော်များ ကြွလာတတ်ပါတယ်။ အကောင်းဆုံးပါပဲ။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ် (၃) ပါးကို ဆွမ်းကပ်လှူပါ။ အခက်အခဲမရှိရင် ဓာတ်ကြီး (၄) ပါးဆွမ်းတော် ကပ်လှူပါ။

နီးရာ ဘုရားစေတီကို လမ်းလျှောက်သွားပါ။ ဂုဏ်တော်တွေ ရွတ်သွားပါ။ ဘုရားရောက်ရင် အမှိုက်တွေကောက်ပါ။ တံမြက်စည်းလှည်းပါ။ ပြီးမှ ဘုရားဝတ်ပြုပါ။ တစ်လတစ်ကြိမ်ပြုလုပ်ပါ။





လာဘ်လာဘနဲ့ဆိုင်ရင် ဒိဝါတပတိဂါထာကို နေ့စဉ် ပုတီး (၂) ပတ်၊ (၃) ပတ်ရအောင်စိပ်ပါ။ သွားရင်းလာရင်းစိပ်ရင်လည်း ရပါတယ်။

ကျန်းမာရေးနဲ့ဆိုင်ရင် ရတနသုတ်တော်ကို အဓိဋ္ဌာန်နဲ့ရွတ်ပါ။ မကြာမကြာ ဆေးလှူပါ။ အသက်အရွယ်ကြီးတဲ့ မျက်စိဝေဒနာရှင်၊ ဗိုက်ဝေဒနာရှင်တွေကို ဆေးလှူပါ။ ငွေ၊ အာဟာရလှူပါ။

ကိုရင်လေးတွေမှာ လိုအပ်တဲ့ ပညာစာအုပ်၊ ဘော(လ်)ပင်များ လှူပေးပါ။

ပညာရေးကကတော့ သူငယ်ချင်းတွေနဲ့ ဆော့ကစားများတာတို့၊ စိတ်လေတာတို့မဖြစ်ဖို့ လိုပါတယ်။ စိတ်ငြိမ်ပါစေ၊ သွားချင်လာချင်စိတ်တွေလျှော့ပါ။

ချစ်တတ်သူတွေကတော့ ငွေကြေးကိစ္စ၊ ပညာရေးကိစ္စပြောရင်း စကားများတတ်လို့ စကားဆင်ခြင်ပါ။ ရင်ပြင်တော်မှာ မကြာမကြာ တံမြက်စည်းလှည်းပါ။

ခက်ခက်ခဲခဲနဲ့ ရာထူးတက်တတ်ပေမယ့် အပြောင်းအရွှေ့ရှိနေပါတယ်။ *ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော် ရွတ်ပါ။*

အိမ်ထောင်ရေးမှာ သတိပေးချင်ပါတယ်။ တစ်ဖက်ဖက်က အပူများနေတဲ့သူ ညအိပ်လာပြီးတဲ့နောက်ပိုင်း အိမ်ကတစ်ယောက် ဆင်းတာတွေဘာတွေဖြစ်တတ်လို့ ကူညီမယ်ဆိုရင် [illegible] ကူညီပေးတာ ကောင်းမလားလို့။

အရေးတကြီးကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၈) တိုင် ထွန်းညှိ ပူဇော်ပြီးမှ လိုရာသွားပါ။ ရွက်လှပန်းတွေပါ လှူခဲ့ပါ။

လုပ်ငန်းသစ်စတင်ချင်ရင် သောကြာနေ့ မနက် (၇) နာရီ တိတိမှာ စပါ။

ထီဝါသနာပါရင် ဗုဒ္ဓဟူးနာမည်ထီဆိုင်မှာထိုးပါ။ ၄၊ ၈ ဂဏန်းတွေ များများပါပါစေ။

**အင်္ဂါသားသမီးများ-**

အသက် ၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂၊ ၈၀၊ ၈၈၊ ၉၆ ဆိုတဲ့နှစ်တွေရောက်နေရင်-

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲ ဖြစ်ဖြစ် စနေနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်တာ အကောင်းဆုံးပါပဲ။ ဒါပေမယ့် စနေစပြီး တနင်္လာပိတ်မှည့်ထားတဲ့ တိုးခ၊ ထက်ကြင်၊ နောင်ကို ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေပြီဆိုရင် မတိုင်ပင်ပါနဲ့တော့။

အင်္ဂါက အကျိုးပေးပါတယ်။ ဒါပေမယ့် ရုပ်ဝေးမှာနေထိုင်တဲ့အင်္ဂါ၊ ဒါမှမဟုတ် မိတ်ဟောင်းဆွေဟောင်းအင်္ဂါဖြစ်မှ အကျိုးပေးမှာပါ။

သောကြာကတော့ ခုအကျိုးပေးလိုက်၊ တော်ကြာ ကိုယ်နဲ့ မဆုံလိုက် ဖြစ်ဖြစ်နေတတ်လို့ စိတ်တော့ရှည်မှဖြစ်မှာပါ။

တနင်္လာက ကောင်းကောင်း၊ ဆိုးဆိုး ဆက်ဆံနေရပါလိမ့်မယ်။





ကျန်တဲ့နာမည်ရှင်တွေက ခင်ဖို့ကောင်းပါတယ်။ ဒါပေမယ့် စီးပွားစပ်တူလုပ်ဖို့ လုံးဝ အကျိုးမပေးပါဘူး။

၈ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ရန်တွေကတော့ ဒီနှစ်မှ အိမ်စဆောက်မယ်ဆိုရင် သတိထားပါ။ လိုက်မဆုံးဖြစ်ပြီး ကြွေးတွေတင်သွားတတ်ပါတယ်။ ဒီနှစ်မှစပြီး အိမ်ဆောက်ပစ္စည်းရောင်းမှာတို့၊ အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်မှာတို့ဆိုရင် အချိန်အများကြီးယူပြီး စဉ်းစားပါ။ ရွှေတူးတာတို့၊ ရွှေဆိုင်စဖွင့်တာတို့ အကျိုးမပေးသေးပါဘူး။ အိမ်ဝယ်ရောင်းလုပ်လို့ မရပါဘူး။

ကျန်းမာရေး၊ လေအောင့်ရင်အောင့်ဖြစ်ပြီး ဦးခေါင်းမူးမူး နေတတ်ပါတယ်။ စာရဏပရိတ်တော် အမိဋ္ဌာန်နဲ့ရွတ်ပါ။ နမောငါးချက်ကို အမိဋ္ဌာန်ပုတီးစိပ်ပါ။ အပူအစပ်များလွန်းရင် အူရောင်တတ်ပါတယ်။ အိပ်ရေးဝအောင်အိပ်ပါ။

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို စနေ… တွေနဲ့ ဆွမ်းတော်ကပ်ပါ။ ထန်းလျက်၊ နို့၊ ထောပတ်ဆွမ်းတွေ… တစ်လှည့်စီကပ်ပါ။ ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်စိပ်ပါ။ အာနာပါနဗုဒ္ဓါနုဿတိဘာဝနာကို မဖြစ်မနေ တစ်နေ့ (၁၅) မိနစ်မှ နာရီဝက်ထိ၊ ဒါမှမဟုတ် တစ်နာရီရ တစ်နာရီထိုင်ပြီး ရှုမှတ်ပါ။ လက်တွေ့ ထူးခြားအောင်မြင်မယ့်နှစ်ပါ။ ထူးခြားတဲ့ပုဂ္ဂိုလ်… ပုဂ္ဂိုလ်မြတ်တွေကို ဖူးတွေ့ရပါလိမ့်မယ်။

အခက်အခဲမရှိသူတွေဆို ခါတ်ကြီး (၄) ပါး…



www.burmeseclassic.com

www.burmeseclassic.com



မကြာမကြာ ကပ်လှူပါ။

ဘုရားစေတီတွေမှာရှိတဲ့ ရုပ်ပွားတော်မြတ်များကို မိုးပြီး ပူဇော်ထားတဲ့ ထီးဖြူတွေထဲက သိပ်ဟောင်းနွမ်းနေတဲ့ထီးတွေကို အသစ်လဲလှယ် ပူဇော်ပေးပါ။ စေတီထီးတော်၊ စိန်ဖူးတော် လျှပ်စစ်မီး မကြာမကြာလှူပါ။ အံ့သြလောက်အောင် ဘုန်းကံတက်လာပါလိမ့်မယ်။

ပညာရေးကံတွေ ခက်ခက်ခဲခဲ ကြားက ကောင်းလာပါပြီ။

ချစ်တတ်သူတွေကတော့ အလုပ်နဲ့ပတ်သက်တဲ့ကိစ္စ၊ အိမ်နဲ့ပတ်သက်တဲ့ကိစ္စတွေကို မလိုအပ်ဘဲ မပြောမိပါစေနဲ့။ နှစ်ယောက်သားအတူတူ ရေသတ္တဝါတွေကို မကြာမကြာ အစာကျွေးပါ။

လုပ်ငန်းသစ်စတင်ချင်ရင် တနင်္လာနေ့ မနက် (၇) နာရီမှာ စတင်ပါ။

ထီထိုးချင်ရင် စနေနံထီဆိုင်တွေ အကျိုးပေးပါတယ်။ ၇၊ ၃၊ ၂၊ ၉ ဂဏန်းတွေ ရွေးထိုးပါ။

နိုင်ငံရပ်ခြား တိုင်းတစ်ပါးနဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေ အကျိုးပေးပါပြီ။ လူမျိုးခြားတွေက အကျိုးပြုပါလိမ့်မယ်။ ကျောက်မျက်ရတနာလုပ်ငန်းတွေ အဆင်ပြေလာပါလိမ့်မယ်။ ဒါပေမယ့် ဘယ်လိုမှ တန်ဖိုးမရှိတဲ့ တနင်္လာနံတွေ လုံးဝ မဝင်မိအောင် သတိထားပါ။ အမင်္ဂလာစကား၊ ဗန်းစကားပြောတာ ရှောင်ပါ။ ငွေဝင်ရင် အလှူများများပြုပေးပါ။ ကံပွင့်ပြီး ငွေကြေးအဆင်ပြေလာပြီမို့ ဂုဏ်သိက္ခာကျဆင်းမယ့်အလုပ်မှန်သမျှ လုံးဝ ရှောင်ပါ။ အ





လောင်းအစားရှောင်ပါ။

ကုန်တင်ကားကြီးတွေထောင်တာ အကျိုးပေးပေမယ့် ကားမောင်းဆင်ခြင်ပါ။ တနင်္ဂနွေနာမည်ရှင်တွေကို ကားမမောင်းခိုင်းပါနဲ့။ ဦးခေါင်းမကောင်းတဲ့ ဝေဒနာရှင်တွေကို မကြာမကြာ အစားအစာလှူပေးပါ။

**အင်္ဂါသားသမီးများ-**

အသက် ၁၇၊ ၁၈၊ ၂၅၊ ၂၆၊ ၃၃၊ ၃၄၊ ၄၁၊ ၄၂၊ ၄၉၊ ၅၀၊ ၅၇၊ ၅၈၊ ၆၅၊ ၆၆၊ ၇၃၊ ၇၄၊ ၈၁၊ ၈၂၊ ၉၀၊ ၉၈ ဆိုတဲ့နှစ်တွေရောက်ပြီဆိုတာနဲ့-

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် ကြာသပတေးနာမည်ရှင်တွေနဲ့ တိုင်ပင်ပါ။ ဒါပေမယ့် ကြာသပတေးစပြီး စနေပိတ်ထားတဲ့ မြနွဲ့၊ မိုးနွေ၊ ပြုံးထိန်၊ ဖြူတိုး ဆိုတဲ့ နာမည်တွဲမျိုးတွေဖြစ်နေပြီဆိုရင်တော့ မတိုင်ပင်ပါနဲ့တော့။

အင်္ဂါက ဒုတိယအကျိုးပေးပါတယ်။ မဆိုစလောက်တဲ့ အထစ်အငေါ့လေးတွေကလွဲရင် တော်တော်အကျိုးပေးပါတယ်။

တနင်္လာက ခက်ခက်ခဲခဲနဲ့ အကျိုးပေးပါတယ်။ ရှောရှောရှူရှူတော့ မဖြစ်ပါနဲ့။ ခက်ခက်ခဲခဲဆိုတာ ဥပမာ- ငွေကြေးလိုလို့သွားတောင်းရင် ပေးတော့ပေးမယ်၊ ဟိုနေ့မှလာယူ၊ ဒီနေ့မှလာယူဆိုတာမျိုးပေါ့။

သောကြာကလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် အလုပ်



www.burmeseclassic.com

www.burmeseclassic.com



အတော်ကိုများလွန်းတဲ့သောကြာ ဖြစ်နေတတ်လို့ အချိန်တွေတော့ တော်တော်ပေးပြီး သည်းခံရပါလိမ့်မယ်။ လမ်းမှာပဲ တွေ့တတ်ပါတယ်။

ကျန်တဲ့နာမည်ရှင်တွေက ခင်ဖို့ကောင်းပေမယ့် စီးပွားစပ်တူလုပ်လို့ လုံးဝမရပါဘူး။

၈ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ရန်တွေကတော့ ပြောစရာတွေ များနေပါတယ်။ ဒီနှစ်တွေမှာ သီလပျက်စေတဲ့အကြောင်းအရာမှန်သမျှ အကုန်ရှောင်ရပါပြီ။ မရှောင်နိုင်ရင် ပြဿနာအကြီးအကျယ်ဖြစ်လာတတ်သလို ငွေကုန်ကြေးကျတွေ အများကြီးဖြစ်လာပါလိမ့်မယ်။

ဘယ်ကိစ္စကိုပဲပြုလုပ်ပြုလုပ် ဘာသာတရားကို ဦးထိပ်ထားပြီး ပြုလုပ်ပါ။ ကိုယ်ချင်းစာတဲ့မေတ္တာစိတ်နဲ့ပဲ ပြုလုပ်ပါ။

ဒေါသမကြီးပါနဲ့။ ဒေါသတကြီးနဲ့ပြောတဲ့စကားတိုင်း လုံးဝအောင်မှာမဟုတ်ပါဘူး။ ပိုပြီးဒေါသကြီးဖို့သာ ထပ်ဖြစ်လာတတ်ပါတယ်။ သြဇာမရှိသလို ဖြစ်လာပါလိမ့်မယ်။ အားလုံးဟာ ကိုယ့်**စကား**ကို လုံးဝ မနာခံသလို ဖြစ်လာပါလိမ့်မယ်။ အမှန်က ကိုယ့်**စိတ်တွေက** တိုနေတတ်တာပါ။

**အောက်လူတွေနဲ့** ကသိကအောက်ဖြစ်တတ်တဲ့နှစ်ဖြစ်နေလို့ **သားသမီးတွေ**၊ ညီတွေ၊ ညီမတွေ၊ တူတွေ၊ တူမတွေ၊ မြေးတွေဟာ **ကိုယ့်စကား**ကို တဖြည်းဖြည်း ဆန့်ကျင်လာတတ်ပါတယ်။ သူတို့ရဲ့ **ပြန်မပြောနား**မထောင်မှု၊ ပြန်လည်ပြောဆိုမှုတွေကြောင့် **စိတ်**မကောင်း ခဏခဏဖြစ်ရတတ်ပါတယ်။

ဒီအခါမှာ ငြိမ်သက်စွာနေပြီး ဂုဏ်တော်တွေရွတ်နေပါ။ ဒါ**အကောင်း**ဆုံးပါပဲ။

လုပ်ငန်းရှိတဲ့သူတွေဆိုရင် အလုပ်သမား ဘယ်လိုမှ မမြဲတော့ပါဘူး။ ကိုယ်**အား**ကိုးရမယ့်သူမရှိသလိုဖြစ်လာတတ်ပါတယ်။ ဒါကြောင့် သူတို့တွေမှာ အပြစ်မြင်ရင်တောင် နှုတ်ဆိတ်နေပါ။ **ခဏ**ခဏ မပြောမိပါစေနဲ့။

ဒီလိုအသက်အပိုင်းအခြားရောက်တဲ့လူငယ်တွေဆိုရင်လည်း **မိ**ဘကို အကောင်းမမြင်တော့ပါဘူး။ သူတို့ကို ချုပ်ချယ်တတ်လို့ပဲမြင်ပါလိမ့်မယ်။

မိတ်ဆွေတွေဆိုရင်လည်း ကိုယ့်မိတ်က သူများမိတ်ဖြစ်ကုန်**တ**တ်ပါတယ်။ အဲဒီလိုစိတ်ပြောင်းတတ်ကြတဲ့နှစ် ဖြစ်နေလို့ ငွေ**မ**ချေးပါနဲ့။ စပ်တူရှယ်ယာမလုပ်ပါနဲ့။ သူများငွေကိစ္စတွေကြားမှာလည်း မညပ်ပါစေနဲ့၊ အာမမခံပါနဲ့၊ လောဘလည်းမကြီးပါနဲ့။ လုပ်လက်စလုပ်ငန်းကိုသာ ထိထိရောက်ရောက် ကြိုးစားလုပ်ပါ။ ကိုယ်မလုပ်ဘူးတဲ့လုပ်ငန်းမျိုး မတိုးချဲ့ပါနဲ့။ လုပ်နေကျအလုပ်သာ **တိုး**ပွားရင် တိုးပွားလာပါစေ။

ကိုယ်က ဘယ်လောက်ပဲ စေတနာတွေထားပြီး ဦး**ဆောင်ပြီး**လုပ်ကျွေးလုပ်ကျွေး ကိုယ်လုပ်ကျွေးနေရတဲ့သူတွေရဲ့**မောက်မာမှု**၊ မထီမဲ့မြင်ဆက်ဆံမှု၊ အလေးမထားမှု၊ အသိအမှတ်**မပြုမှုကြောင့်** ဒေါသတွေထွက်ရပြီး မရှိရှိတာ အကုန်ရှောင်းပစ်ချင်**စိတ်တွေ**







www.burmeseclassic.com

www.burmeseclassic.com



အခြေကိုဖြုတ်ပစ်ချင်စိတ်တွေချည်း ဖြစ်နေတာတ်ပါတယ်။

ရွှေ၊ ရွှေရောင်ပစ္စည်းတွေဝင်ရင် ပိုဆိုးပါတယ်။ အပူသည် ဝင်လာရင် ပိုဆိုးပါတယ်။ အင်းတွေ၊ လက်ဖွဲ့တွေဝင်လာရင် ပိုဆိုးပါတယ်။

ဒါတွေဟာ ဒီနှစ်မှာ ကြုံရမယ့်အကြောင်းလေးတွေပါပဲ။ ဒီအကြောင်းတွေဟာ ဒီလိုကံကြောင့်ပါလား ဆိုတာ သိထားပြီးပြီဆိုရင် ကြီးကဲသူကပဲ ဘယ်လောက်အသိအမှတ်ပြုပြု၊ မပြုပြုငယ်သူကပဲ ဘယ်လောက်ဖော်လှန်၊ တော်လှန်၊ မိသားစုကပဲ ဘယ်လောက်အကောင်းမြင်မြင်၊ မမြင်မြင် ရင်ထဲမှာ ပေါ့နေပါလိမ့်မယ်။ စိတ်ကိုထားတတ်သွားပါလိမ့်မယ်။ သိပ်ပူပင်မှုဖြစ်မှာ မဟုတ်ပါဘူး။

အဲဒီလိုနေတတ်သွားတာ အဲဒါ ယတြာပါပဲ။ ယတြာအထူးချေနေစရာ မလိုပါဘူး။

ကိုယ်ချင်းစာတရားတွေနဲ့သာ အောင်မြင်တတ်တဲ့နှစ် ဖြစ်နေလို့ ဖြစ်နိုင်ရင် သားစားရှောင်ကြည့်လိုက်ပါ။

ဘုရားစေတီတွေကို မကြာမကြာသွားပါ။ အိမ်နဲ့သိပ်မဝေးရင် လမ်းလျှောက်သွားပါ။ အမှိုက်ကောက်၊ မြက်နုတ်၊ တံမြက်စည်းလှည်း အကုန်လုပ်ပါ။ ပြီးမှလက်ဆေးပြီး ဘုရားပန်း၊ ဆီမီး၊ အမွှေးနံ့သာ ပူဇော်တာတို့ ပြုလုပ်ပါ။

တစ်နှစ်လုံးအတွက်ကတော့-

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာ





သစ်တော်ရေ၊ သောက်တော်ရေ ကပ်လှူပြီး ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို ရွတ်ပါ။ မေတ္တစကြာ၊ မဟာသမယသုတ်တော်တို့ကို အချိန်ရသင့်တိုင်း ရွတ်ပါ။ မေတ္တာများများပို့ပြီး များများအမျှဝေပါ။ နတ်ပိုင်းဆိုင်ရာတွေကို များများမေတ္တာပို့ပါ။ မမြင်ရတဲ့ ပုဂ္ဂိုလ်တွေကို များများမေတ္တာပွားပါ။ တတ်စွမ်းနိုင်လျှင်၊ အခြေအနေပေးလျှင် အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကြီးတွေကို ဦးဆောင်ပြီး ပူဇော်ပါ။ စီစဉ်ကျင်းပ ကုသိုလ်ပြုပါ။

အခက်အခဲရှိရင် ပဋ္ဌာန်းပူဇော်ပွဲကြီးတွေမှာ လုပ်အားဒါန ကုသိုလ်ပြုပါ။ ရေကုသိုလ်ပြုပါ။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးတွေ စီစဉ်ပြီး လှူပါ။

ဘုရားရှင်ကို ဆွမ်းတော်ပွဲမပြတ် ပူဇော်ပါ။ ဘယ်ဆွမ်းဟင်းနဲ့ဖြစ်ဖြစ် ကပ်လှူပါ။

အချိန်အားတိုင်း အာနာပါနရှုမှတ်ပါ။ ဗုဒ္ဓါနုဿတိဘာဝနာ ပွားများပါ။

အကြောင်းကြီးငယ်ရှိရင် ဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၇) တိုင် ထွန်းညှိပူဇော်ပြီးမှ လိုရာကိစ္စ ဆောင်ရွက်ပါ။

ရှင်သီဝလိရဟန္တာကြီးကို ရည်မှန်းပြီး ဆွမ်းတော်ကပ်ပါ။

ရှင်ဥပဂုတ္တရဟန္တာကြီးကိုလည်း ရည်မှန်းပြီး ဆွမ်းတော်ကပ်ပါ။

ရေသတ္တဝါလေးတွေကို ခဏခဏ ဘေးမဲ့လွှတ်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီနှစ်မှာ သတ္တဝါလေးတွေကို မပြတ် အစာကျွေးပါ။

သွားတွေနာတာ၊ သွားတွေပွဲတာ၊ သွားတွေကျိုးတာ ကြုံ တတ်ပါတယ်။ ဒါကြောင့် သွားတိုက်ဆေးလှူလှူပေးပါ။

ပညာရေးကံတွေ အတော်ကိုကောင်းနေပါပြီ။

အောင်မြင်မှုတွေနဲ့ ကြုံပါပြီ။ သင်တန်းတက်ရသူတွေဆိုရင် လည်း အောင်မြင်ပါပြီ။ ရာထူးတိုးဖြေရင်လည်း အောင်မြင်ပါပြီ။

အိမ်တွင်းရေးကတော့ အတော်ဆင်ခြင်ပါလေ။ မဝင်သင့်တဲ့ အရာတွေကိုသာ ရှောင်ပါ။ အပျော်မများပါစေနဲ့။

ချစ်တတ်သူတွေကတော့ စကားများတာကို ထပ်တလဲလဲ မကြုံအောင်နေပါ။ အင်္ကျီအနီလက်ဆောင်မပေးမိပါစေနဲ့။

အစာအိမ်၊ ရင်၊ ဝမ်း ဥပဒ်ပေးတတ်တဲ့နှစ်ဖြစ်လို့ လုံးဝ အဆာမခံပါနဲ့။ ကာယကံရှင်ဟာ မိန်းကလေးဖြစ်နေရင် မိန်းကလေး သဘာဝ သွေးသားနဲ့ဆိုင်တဲ့ကျန်းမာရေး ဂရုစိုက်ပါ။ အပူအစပ် အလွန်အကျွံမစားပါနဲ့။ ဆေးဓဏာဓဏာလှူပေးပါ။

ဒီနှစ်ဟာ ဘာသာတရားကျင့်ကြံအားထုတ်မှုနည်းလို့ မရ ပါဘူး။ လောဘကြီးတာနဲ့ ထိတတ်ပါတယ်။

ဒါကြောင့် သတိနဲ့ပဲ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးထိန်းချုပ်ပါ လေ။

လုပ်ငန်းစဖို့က ကြာသပတေးနေ့ မနက် (၇) နာရီ။

ထီဝါသနာပါရင် ၅၊ ၆၊ ၃ ဂဏန်းတွေနဲ့ ကြာသပတေး သောကြာနာမည်ရှိတဲ့ဆိုင်တွေ ဖြစ်ပါတယ်။





**အင်္ဂါသားသမီးများ -**

အသက် ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉၊ ၆၇၊ ၇၅၊ ၈၃၊ ၉၁ ဆိုတဲ့နှစ်တွေရောက်ပြီဆိုရင် -

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲ ဖြစ်ဖြစ် တနင်္ဂနွေနာမည် ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် တနင်္ဂနွေ၊ သောကြာ ပိတ်မှည့်ထားတဲ့ အုံသူ၊ အုန်းဟိန်း၊ အေးသာ ဆိုတဲ့ နာမည်တွဲမျိုး ဖြစ်နေပြီဆိုရင်တော့ မတိုင်ပင်ပါနဲ့တော့။

ဗုဒ္ဓဟူးက ဒုတိယအကျိုးပေးပါတယ်။ ဘာမှမပြောပလောက် တဲ့ အထစ်အငေါ့လေးတွေကလွဲရင် ဗုဒ္ဓဟူးအကျိုးပေးပါတယ်။

ကြာသပတေးက အကျိုးတော့ပေးပါရဲ့၊ ဒါပေမယ့် တစ်ခါ ကောင်းပဲ ရမယ်။ ကူညီလိုက်၊ အဖျားရှူးလိုက် ဖြစ်နေတတ်လို့ ပါပဲ။

ကျန်တဲ့နာမည်ရှင်တွေက ခင်ဖို့ကောင်းပါတယ်။ စီးပွားစပ် တူလုပ်မယ်ဆိုရင်သာ အကျိုးမပေးတော့တာပါ။

၂ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ရန်တွေကတော့ ပြဿနာဟောင်းရှိသူတွေနဲ့ သွား အတူလာအတူ မလုပ်ပါနဲ့။ ကျောက်မျက်ရတနာ စပြီးမဖွင့်ပါနဲ့။ ကားဟောင်း၊ ကျောက်ဟောင်းတွေ မဝင်ပါစေနဲ့။ လူမျိုးကွဲတွေနဲ့ အလုပ်တူလုပ်ရင် ကိုယ်က အနစ်နာခံရတာတွေ များနေတတ်ပါ တယ်။ ဒါကြောင့် လူမျိုးကွဲနဲ့ စပ်တူစီးပွား ဒီနှစ်မှာ မစသင့်ပါ ဘူး။ ငွေပြဿနာဟောင်းတွေ ပေါ်လာတတ်လို့ ငွေကြေး



www.burmeseclassic.com

www.burmeseclassic.com



အကုန်ရှောင်ထားပါ။

တစ်နှစ်လုံးအတွက်ကတော့–

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေ ကပ်လှူပါ။ "အရဟံသိဒ္ဓိ" ကို အချိန်ရအောင်ယူပြီး ပုတီးစိပ်ပါ။ ပြီးရင် ငှက်စာတွေကျွေးပါ။

ကျန်းမာရေးနဲ့ပတ်သက်ရင်–

အာနာပါနရှုမှတ်ပေးပါ။ ရတနသုတ်တော်ကို အဓိဋ္ဌာန်နဲ့ ရွတ်ပါ။ သမ္ဗုဒ္ဓေဂါထာကို ပုတီး (၂) ပတ်ရအောင်စိပ်ပါ။ လမ်းများများလျှောက်ပေးပါ။ ကဏန်းအရှင်တွေ၊ ငါးအရှင်တွေ ခဏခဏလွှတ်ပေးပါ။ အကြော်၊ ဒူး၊ ခါး သတိထားပါ။ ဆီးချုပ်တတ်၊ ဝမ်းချုပ်တတ်ပါတယ်။ ကိုယ်လက်လှုပ်ရှားပါ။

အတိုက်အခံများလွန်းရင်–

သမ္ဗုဒ္ဓေဂါထာကို နေ့စဉ် (၂၀၀)၊ (၃၀၀) ရအောင်ရွတ်ပါ။ ရှင်ဥပဂုတ္တရဟန္တာကြီးကို ရည်မှန်း ကန်တော့ပါ။ ဆွမ်းကပ်လှူပါ။ ခွေးစာကျွေးပေးပါ။ ဘုရားရင်ပြင်တော်မှာ မကြာမကြာ တံမြက်စည်းသွားလှည်းပါ။

ပညာရေးကံတွေ ကောင်းပါတယ်။ ကြိုးစားနေရင်းနဲ့ အခြေတွေတက်တတ်လို့ အိပ်ရေးပျက်မခံဖို့ပဲ လိုပါတယ်။

**ချစ်တတ်သူတွေကတော့** ငါးအရှင်လေးတွေ ခဏခဏလွှတ်ပေးပါ။ **အခြေအနေမပေးရင်** ကဏန်းအရှင်လေးတွေကို ဘေးမဲ့လွှတ်ပေးပါ။





လုပ်ငန်းသစ်စတင်ချင်ရင် သောကြာနေ့ မနက် (၇) **နာရီ** မှာ စတင်ပါ။

အရေးတကြီးကိစ္စရှိရင်–

ဘုရားစေတီတစ်ဆူဆူကို ဦးဆုံးသွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၁၀) တိုင် ထွန်းညှိ ပူဇော်၊ ဘုရားရှိခိုးပြီးမှ လိုရာကိုသွားပါ။

ကားမောင်းအထူးဆင်ခြင်ပါ။

ဘုရားရှင်ကို သစ်သီးဆွမ်း၊ သကြားဆွမ်းများနဲ့ မကြာမကြာ ကပ်လှူပါ။

ထီဝါသနာပါရင် ၁၊ ၆၊ ၄၊ ၈ ဂဏန်းတွေနဲ့ ကံစပ်ပြီး တနင်္ဂနွေ၊ သောကြာနာမည်ထီဆိုင်တွေ အကျိုးပေးပါတယ်။

ဒီနှစ်မှာ လောဘမကြီးပါနဲ့။ ကိုယ့်ပတ်ဝန်းကျင်မှာ စရိုက်ကြမ်းတဲ့သူတွေ၊ အပုသည်တွေများလာတတ်ပါတယ်။ လူမယုံပါနဲ့။ လူယုံကို အားကိုးပြီး အလုပ်မလုပ်ပါနဲ့။ ပုံမှန်ပဲ ကြိုးစားရင်း အကျိုးပေးလာပါလိမ့်မယ်။

ကိုယ့်နာမည်ဟာ အင်္ဂါ၊ စနေပိတ်မှည့်ထားတဲ့ စံထွန်း၊ စိုးထွေး၊ ဇော်နှင်း ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေပြီဆိုရင် စိတ်နှုန်းညှိပါစေ။ ခက်ထန်ကြမ်းတမ်းရင် မိသားစုတွေနဲ့ ဆန့်ကျင်ဘက်တွေ ဖြစ်သွားတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



**အင်္ဂါသားသမီးများ-**

အသက် ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆၊ ၈၄၊ ၉၂ ဆိုတဲ့နှစ်တွေရောက်ရင်-

စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနဲ့ဆိုင်တဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် တနင်္ဂနွေနာမည်ရှင်တွေနဲ့ တိုင်ပင်ပါ။ အကူအညီတောင်းပါ။ အကြံဉာဏ်ယူပါ။ ဒါပေမယ့် တနင်္ဂနွေစပြီး အင်္ဂါပိတ်မှည့်ထားတဲ့ အုံဆူး၊ အေးဖံ၊ အောင်ညို ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေရင်တော့ အကျိုးမပေးပါဘူး။

တနင်္လာက ကောင်းတော့ကောင်းပါရဲ့။ ဒါပေမယ့် သူက မအားမလပ်တာများလို့ သူ့ကိုတွေ့ဖို့ အချိန်အများကြီးပေးရမှာဖြစ်တဲ့အတွက် စိတ်ရှည်ရပါလိမ့်မယ်။

ကျန်တဲ့နာမည်ရှင်တွေထဲမှာ ဗုဒ္ဓဟူးကတော့ ကောင်းလိုက်၊ မကောင်းလိုက်ဖြစ်နေတတ်လို့ သိပ်အဆိုးကြီးတော့ မဟုတ်ပါဘူး။

ဒီပြင်နာမည်ရှင်တွေကို ခင်ပါ။ ရပါတယ်။ စီးပွားစပ်တူသာ လုပ်လို့မရတာ ဖြစ်ပါတယ်။

၅ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ငွေကြေးနဲ့ပတ်သက်သမျှ တော်တော်ရှောင်ရမှာ ဖြစ်ပါတယ်။ ရစရာရှိတာတွေမရဖြစ်လို့ ပေးဖို့ရှိတာတောင် မပေးနိုင်ဖြစ်နေတတ်ပါတယ်။

တစ်ဖက်က ငွေကိုယူပြီး တခြားတစ်ဖက်ကိုလှည့်ပေးတဲ့ အလုပ်မျိုး ရှောင်ပါ။ စိုက်ပေးရတဲ့အထိ ဖြစ်သွားတတ်ပါတယ်။





ယူသူဟာ အခက်အခဲတွေဖြစ်ပြီး အတွေ့မခံဖြစ်တာတို့၊ လုပ်ချင်တာလုပ်ပါဆိုပြီး စင်းခံတာတို့ကြောင့် ငွေတွေဆုံးရှုံးတတ်ပါတယ်။ သူများငွေတွေကိုင်ရရင် ပိုသတိထားပါ။

မြေမဝယ်သင့်ပါဘူး။ အမွေဆိုင်ဖြစ်နေတဲ့မြေ၊ ပြဿနာစုံတဲ့မြေ ဖြစ်နေတတ်ပါတယ်။ အမွေကိစ္စတွေဆိုရင်လည်း ဒီနှစ် မလုပ်ပါနဲ့။ ဒီနှစ်ထဲမှာ ကြာသပတေးကို လူယုံမထားသင့်ပါဘူး။ ကြာသပတေးနာမည်ရှင်တွေကြောင့် စိတ်တွေဆင်းရဲရတတ်လို့ပါ။

တစ်နှစ်လုံးကတော့ မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားကို ဆွမ်းတော် (၃) ပွဲ အမြဲကပ်လှူပါ။ ဂုဏ်တော် (၉) ပါးကို အမြဲ ပုတီးစိပ်ပါ။

အတိုက်အခံများရင် ၂၄ ပစ္စည်းကို နေ့စဉ် (၂၄) ခေါက်ရွတ်ပါ။

မျက်မမြင်၊ မိုက်ဝေဒနာရှင်တွေကို ဆေး၊ ငွေ၊ အာဟာရများများထောက်ပံ့လှူဒါန်းပါ။

ကျန်းမာရေးလိုအပ်ရင် အာနာပါနဗုဒ္ဓါနုဿတိဘာဝနာကို နာရီဝက်၊ တစ်နာရီ စီးဖြန်းပါ။ ဆေးလှူပါ။ ကလေးမွေးခါနီးမိခင်တွေကို ဆေး၊ အာဟာရ၊ ကလေးအတွက် အနှီးပိတ် ထိထိရောက်ရောက်လှူပေးပါ။ မိုက်နဲ့ဆိုင်တဲ့ဝေဒနာ၊ အကြောနဲ့ဆိုင်တဲ့ဝေဒနာတွေ ဂရုစိုက်ပါ။

ပညာရေးကံတွေကောင်းပေမယ့် အိပ်ရေးပျက်ခံလို့ မရပါဘူး။ ပေါ့ပေါ့ပါးပါးနေပါ။ ကျန်းမာအောင်နေပါ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်တတ်သူတွေကတော့ အကျိုးပေးပါတယ်။ စိတ်ကို အမြဲအလိုမလိုက်ဘဲနဲ့ ထိန်းချုပ်ပါလေ။

အိမ်ထောင်ရှင်တွေကတော့ ငွေကြေးနဲ့ဆိုင်တဲ့ကိစ္စတွေရှိနေလို့ တစ်ယောက်နဲ့တစ်ယောက် နားလည်ခွင့်လွှတ်ပေးရပါလိမ့်မယ်။ ရှာရင်းနဲ့ အဆင်မပြေတာ၊ အကုန်အကျများတာဖြစ်နေရင် နားလည်ပေးရပါလိမ့်မယ်။

ဒီနှစ် အိမ်နဲ့ဆိုင်တဲ့ကိစ္စမှန်သမျှ ကောင်းပါတယ်။ အလျှုကြီးတွေလှူတဲ့နေရာမျိုးတွေသွားရတတ်သလို အလှူကြီးတွေလည်း ပေးရတတ်ပါတယ်။ အလုပ်လျှောက်ရင်လည်း ရပါပြီ။

အဆောင်ကောင်းတွေ၊ အင်းကောင်းတွေ ဝင်လာတတ်ပါတယ်။

လုပ်ငန်းသစ်စတင်ချင်ရင် အင်္ဂါနေ့ မနက် (၉) နာရီ (၄၅) တိတိမှာ စတင်ပါ။

ထီထိုးချင်ရင် တနင်္ဂနွေနံထီဆိုင်တွေမှာ ထိုးပါ။ ၁၊ ၃၊ ၂၊ ၉ ဂဏန်းတွေ အကျိုးပေးပါတယ်။

ဖြစ်နိုင်ရင် ဘယ်သူပြောတဲ့စီးပွားကိုပဲဖြစ်ဖြစ် မကျွမ်းကျင်ဘဲ မလုပ်ချင်ပါနဲ့။ လောဘကြီးလို့မရပါဘူး။ လက်ရှိအလုပ်တွေကိုပဲ ပြုလုပ်ပါ။ ဆိုင်ကယ်စီး အထူးဆင်ခြင်ပါ။

**အင်္ဂါသားသမီးများ-**

အသက် ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇၊ ၈၅၊ ၉၃





ဆိုတဲ့နှစ်တွေကို ရောက်ပြီဆိုရင်-

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် ဗုဒ္ဓဟူးနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါတောင်မှ ဗုဒ္ဓဟူး၊ တနင်္လာပိတ်မှည့်ထားတဲ့ လှကံ၊ ဝင်းကြူ၊ ယဉ်ခတ် ဆိုတဲ့ နာမည်တွဲမျိုးတွေဖြစ်နေပြီရင်တော့ အကျိုးမပေးတော့ပါဘူး။

စနေက အကျိုးပေးပေမယ့် ပူညံပူညံနဲ့ အကျိုးပေးတတ်ပါတယ်။ ဒါကြောင့် သည်းခံရပါလိမ့်မယ်။

အင်္ဂါကတော့ အကူအညီပေးနိုင်ပေမယ့် အချိန်မရတဲ့သူဖြစ်နေတတ်လို့ သွားသွားလာလာနဲ့ပဲ အကျိုးပေးမှာပါ။

ကျန်တဲ့နာမည်ရှင်တွေကတော့ အားလုံး ခင်ဖို့ကောင်းပါတယ်။ စီးပွားအတူလုပ်ဖို့ဆိုရင်သာ ကံမစပ်တော့တာပါ။

၁ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ အလုပ်ကိစ္စဖြစ်ဖြစ်၊ ငွေကိစ္စဖြစ်ဖြစ် ဘယ်သူ့ကိုမှ အာမမခံပါနဲ့။ ကိုယ်ကြားညပ်သွားစေမယ့်ကိစ္စမှန်သမျှ ရှောင်ပါ။ စပ်တူမလုပ်သင့်ပါဘူး။ ဒီနှစ်မှ အိမ်စဆောက်မယ်ဆိုရင် ရပ်ထားရတာတို့၊ ကြွေးတွေဆက်တင်တာတို့ ဖြစ်တတ်ပါတယ်။ အဆောက်အအုံလုပ်ငန်း စလုပ်မယ်ဆိုရင် စဉ်းစားပါ။

မြေကိစ္စမှန်သမျှ ရှောင်ထားပါ။ ရပ်ဝေးမှာသွားလုပ်ရမယ်ဆို ပိုရှောင်ပါ။ အလုပ် (၂) မျိုး လုပ်ချင်လာပါလိမ့်မယ်။ အတည်မပေးတဲ့အလုပ်မှန်သမျှကို ရှောင်ပါ။

တစ်နှစ်လုံးကတော့-



www.burmeseclassic.com

www.burmeseclassic.com



တွေကိုပဲ ပြသထားတာပါ။ စိမ်းနေတဲ့ဂါထာတွေဆို ဖြစ်ပါ့မလား ဆိုတဲ့စိတ်ဝင်လာရင် စွမ်းမှာမဟုတ်တော့ပါဘူး။ ဒါကြောင့်ပါ။

အသက်အပိုင်းအခြားတွေမှာ (၉၀) ကျော်အထိ ပြထားတာကတော့ မြန်မာ့မြေ၊ မြန်မာ့ရေပေါ်မှာ နေထိုင်ကြတဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေအားလုံး ရောဂါကင်းပြီး အသက်တွေရှည်လိုက်ကြတာ၊ အသက်တွေရှည်ကြပါတယ် ဆိုတဲ့ နိမိတ်ကောင်းပါလို့ မေတ္တာစကားပြောကြားရင်း…

*ကျန်းမာခြင်း၊ ချမ်းသာခြင်းများစွာ ပြည့်စုံကြပါစေ*

**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

⁂



# တနင်္ဂနွေသားသမီးများ

**တနင်္ဂနွေသားသမီးများ-**

အသက် ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇၊ ၆၅၊ ၇၃၊ ၈၁၊ ၈၉ ဆိုတဲ့နှစ်တွေမှာ အသက်ရောက်လာပြီဆိုရင်-

အောင်မြင်လိုတဲ့ စီးပွားရေးကိစ္စ၊ လူမှုရေးကိစ္စ၊ ပညာရေးကိစ္စ၊ ကျန်းမာရေးကိစ္စတွေနဲ့ပတ်သက်လာရင် ဗုဒ္ဓဟူးနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ အကျိုးပေးပါလိမ့်မယ်။ သောကြာနာမည်ရှင်တွေကတော့ ကောင်းကောင်း၊ ဆိုးဆိုး ဆက်ဆံနေရမှာပါပဲ။ ကြာသပတေးနာမည်ရှင်တွေကတော့ ကောင်းပေမယ့် တစ်ဖက်ကိုလည်း အချိန်ပေးရတတ်တာမို့ ကောင်းတစ်ဝက်၊ ဆိုးတစ်ဝက်လို ဖြစ်နေတတ်ပါတယ်။

အင်္ဂါနာမည်ရှင်တွေကတော့ ဟုတ်တော့မလိုလိုနဲ့ အများရှုံး သွားတတ်ပါတယ်။ တနင်္ဂနွေနာမည်ရှင်တွေဆိုရင်တော့ ဟိုးတုန်းက သိခဲ့ဖူးတဲ့မိတ်ဆွေမျိုးဖြစ်မှ အကြံကောင်းပေးနိုင်တဲ့ အနေအထား မျိုးဖြစ်မှာပါ။ ကျန်တဲ့နာမည်ရှင်တွေနဲ့ဆိုရင်တော့ ကံမစပ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေ ကပ်လှူပူဇော်ပြီး ယပ်တော်သွင်းပါ။ ဂုဏ်တော်ကွန်ချာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ ရွှေရင်အေး ခဏခဏ ဆွမ်းတော်ကပ်ပါ။ အချိန်ယူပြီး ဘုရားစေတီကိုသွားပါ။ ရုပ်ပွားတော်ရဲ့ ရင်ဘတ်တော်ကို ရွှေပြားသင်္ကန်း ကပ်လှူပူဇော်ပါ။

ကျန်းမာရေးလိုအပ်ရင် ရတနာသုတ်တော်ကို အဓိဋ္ဌာန်နဲ့ ရွတ်ပါ။ သရဏဂုံ (၃၀) ကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ စိတ်ဝေဒနာရှင်တွေကို အာဟာရ၊ ငွေ ထောက်ပံ့လှူဒါန်းပါ။ ကိုယ်တိုင်စိတ်ထွေတတ်ပြီး အိပ်ရေးပျက်တတ်လို့ အာနာပါနကို နေ့စဉ် နာရီဝက် ရှုမှတ်သင့်ပါတယ်။ လမ်းများများလျှောက်ပါ။

ရင်ပြည့်တာတွေ ကြုံရပါလိမ့်မယ်။ အစာမကြေလို့ပါ။ အစားကို ခဏခဏနဲ့ နည်းနည်းသာစားပါ။ လေတွေတက်နေတတ်လို့ နှလုံးဝေဒနာနဲ့ မှားတတ်ပါတယ်။ ဘာမှမဖြစ်ပါဘူး။ အာရုံကြောတွေသာ ခဏခဏအနားပေးပါ။ မနက်စောစော အရဏ်ဆွမ်းခံကြွလာတဲ့ သံဃာတော်အရှင်သူမြတ်တွေကို အရုဏ်ဆွမ်းလောင်းလှူပါ။

အတိုက်အခံများလွန်းရင် ရှင်ဥပဂုတ္တရဟန္တာကြီးကို ပူဇော်ပြီး ရှင်ဥပဂုတ္တပရိတ်တော်ကို ရွတ်ပါ။

ပညာရေးကံတွေကောင်းဖို့က စိတ်မလေအောင်၊ နှလုံးသားကိစ္စတွေဝင်မလာအောင် ထိန်းချုပ်ရပါလိမ့်မယ်။ ဒီပြင်ယတြာ တော့မလိုပါဘူး။

ချစ်တတ်သူတွေကတော့ မျက်နှာပွင့်လွန်းလို့ စိတ်တွေအတော်လှုပ်ရှားနေလောက်ပါပြီ။ ငြိမ်နေတဲ့သူတွေတောင် စိတ်တစားလာတတ်ပါတယ်။ ချစ်သူနဲ့တွေ့ဖို့သွားရင် အင်္ကျီအနီရောင်တော့ မဝတ်ပါနဲ့။

အိမ်ထောင်ဖက်အပေါ် သစ္စာရှိပါ။ လမ်းများလွန်းရင်းကနေ မဖြစ်သင့်တာလေးတွေ မဖြစ်အောင်လို့ပါ။

အကြောင်းကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ရွက်လှတွေဝေနေအောင်ပူဇော်ပြီး ဖယောင်းတိုင် (၈) တိုင်ထွန်း ပူဇော်ပါ။ ပြီးမှ လိုရာသွားပါ။

လုပ်ငန်းသစ်စတင်ချင်ရင် တနင်္လာနေ့ မနက် (၇) နာရီမှာ စတင်ပါ။

ထီကံကောင်းနေတာက ၄၊ ၈၊ ၃၊ ၂၊ ၇ ဂဏန်းတွေနဲ့ ဗုဒ္ဓဟူးနာမည်ထီဆိုင်တွေ ဖြစ်ပါတယ်။

ကိုယ့်နာမည်ဟာ အင်္ဂါစပြီး သောကြာပိတ်မှည့်ထားတဲ့ စံသစ်၊ စိုးသီ၊ ဉာဏ်သာ ဆိုတဲ့ နာမည်တွဲမျိုး ဖြစ်နေရင် အရမ်းအပျော်အပါးမလွန်ပါနဲ့။ လောင်းကစားရှောင်ပါ။ အမြင့်ကြီးတွေပေါ် မတက်ပါနဲ့။ ဒီနှစ်ဟာ မျက်နှာပွင့်ပြီး ကံတွေပွင့်လာတတ်တဲ့နှစ်ဖြစ်လို့ အစစအရာရာ ထိန်းချုပ်လိုက်တာနဲ့ စီးပွားရေးမှာ တိုးတက်အောင်မြင်လာပါလိမ့်မယ်။







www.burmeseclassic.com

www.burmeseclassic.com



**အင်္ဂါသားသမီးများ-**

အသက် ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈၊ ၈၆၊ ၉၄ ဆိုတဲ့နှစ်တွေကို ရောက်နေရင်-

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် ကြာသပတေးနာမည်ရှင်တွေနဲ့သာ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် ကြာသပတေး၊ အင်္ဂါပိတ်မှည့်ထားတဲ့ မိုးခွေ၊ မျိုးဆက်၊ မြင့်ဇံ ဆိုတဲ့ နာမည်တွဲမျိုးဆိုရင်တော့ မတိုင်ပင်ပါနဲ့တော့။

သောကြာလည်း အကျိုးပေးပါတယ်။ ရပ်ဝေးမှာနေတဲ့ သောကြာတို့၊ မိတ်ဆွေဟောင်းထဲက သောကြာတို့ ဆိုရင်တော့ ပိုပြီးတောင် အကျိုးပေးပါဦးမယ်။ တနင်္လာကတော့ အကျိုးပြုချင်ပါရဲ့။ သူကိုယ်တိုင် အိုးပြောင်းအိမ်ပြောင်း၊ အလုပ်ပြောင်းဖြစ်နေတတ်လို့ တွေ့လိုက်၊ မတွေ့လိုက် ဖြစ်နေတတ်ပါတယ်။

တနင်္ဂနွေကတော့ ကောင်းတစ်ဝက်၊ ညံ့တစ်ဝက် အကျိုးပေးပါတယ်။

ကျန်တဲ့နာမည်ရှင်တွေနဲ့ကတော့ ခင်လို့ရပါတယ်။ စီးပွားစပ်တူလုပ်ဖို့ဆိုရင်တော့ အကျိုးမပေးပါဘူး။ ကိုယ်က ကူညီရင်တော့ ကူညီလို့ရပါတယ်။

၇ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ရမှာတွေကတော့ လူမျိုးခြားတွေနဲ့လုပ်ရမယ့် စီးပွားရေးလုပ်ငန်းတွေမှာဆိုရင် အောင်မြင်မှုနည်းတတ်ပါတယ်။ ရွေ့တူးတဲ့လုပ်ငန်းတွေ လုပ်ချင်ရင် အထပ်ထပ်စဉ်းစားပါ။ အထည်ဆိုင်ကြီးကြီး ထဖွင့်မယ်ဆိုရင် စဉ်းစားပါ။





အဖိုးတန်တန်၊ မတန်တန် ဘယ်ကျောက်မှ မဝင်ပါစေနဲ့။ ကျောက်မျက်ရတနာလုပ်ငန်း ခုမှစလုပ်မယ်ဆိုရင်လည်း အဖျားရှူးပြီး ငြိမ်နေတတ်ပါတယ်။

တစ်နှစ်လုံးအတွက်ကတော့-

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို ပေါက်ပေါက်ဆွမ်းကပ်လှူပါ။ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို ရွတ်ပါ။

အတိုက်အခံများလွန်းရင် 'ပထမံ' ဂါထာကို ပုတီး (၃) ပတ်၊ (၅) ပတ် ရအောင်စိပ်ပါ။

လာဘ်ရွှင်ဖို့ကတော့ မဟာဝေဒဗ္ဗမန္တန်ကို အဓိဋ္ဌာန်နဲ့ရွတ်ပါ။ နွားစာကျွေးပါ။ နွားကျွေးဖို့ လွယ်ကူတဲ့နေရာတွေမှာဆိုရင် နွားစာကျွေးပါ။ နွားကို ရေတိုက်ပါ။

ဆေးလှူပေးပါ။ လမ်းများများလျှောက်ပါ။

မိတ်ကောင်းဆွေကောင်းတွေ ရနိုင်ပေမယ့် ကိုယ်က လုပ်ငန်းရှင်ဖြစ်နေရင် အလုပ်သမားမခြဲတတ်ပါဘူး။

ပညာရေးကံတွေ တောက်လျှောက်ကောင်းပါတယ်။ ပိုကြိုးစားလေ၊ ပိုအောင်မြင်လေပါပဲ။ မသင်ရဘူးသေးတဲ့ ပညာရပ်တွေကိုတောင် သင်ကြားရတတ်ပါတယ်။

ချစ်တတ်သူတွေကတော့ စိတ်တွေနှစ်မျိုးနှစ်ခွဖြစ်လာတတ်လို့ ထိန်းရပါလိမ့်မယ်။ တစ်ယောက်နဲ့တစ်ယောက် ကျောက်လက်ဆောင် မပေးမိပါစေနဲ့။ ငှက်ကလေးတွေ၊ ရေသတ္တဝါလေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ခဏခဏ အစာကျွေးပေးပါ။ မျက်နှာပွင့်နေတတ်တဲ့နှစ်တွေပါ။

အိမ်ထောင်ရှင်တွေကတော့ ဆွေမျိုးသားချင်းတွေနဲ့ ပတ်သက်ပြီး ကျိတ်ခံစားနေရတာတို့၊ တအုံနွေးနွေးဖြစ်နေတာတို့ကြောင့် မလိုလားအပ်တာတွေမဖြစ်အောင် ထိန်းပါ။

လေထိုးတာ၊ လေနာတာ၊ နှလုံးလေရိုက်တာလိုမျိုး၊ လက်ထုံတာမျိုး ဖြစ်တတ်ပေမယ့် အရေးမကြီးပါဘူး။ ဆေးသာလှူပေးပါ။ အကြောင်းကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ပန်းပေါင်းစုံ (၅) မျိုးနဲ့ ဖယောင်းတိုင် (၅) တိုင်ထွန်းပြီးမှ သွားပါ။

လုပ်ငန်းသစ်စချင်ရင် အင်္ဂါနေ့ မနက် (၉) နာရီမှာ စတင်ပါ။

ထီဝါသနာပါရင် ကြာသပတေးနာမည်ထီဆိုင်မှာ ထိုးပါ။ ၅၊ ၆၊ ၃ ဂဏန်းတွေ ကံစပ်ပါတယ်။

ကိုယ့်နာမည်ဟာ အင်္ဂါစ၊ ကြာသပတေးပိတ်မှည့်ထားတဲ့ စံဘုန်း၊ ဆွေပု၊ ညဏ်မောင်လို တွဲနေရင်တော့ ကားမောင်းတာ တော်တော်လေးဆင်ခြင်ရမှာဖြစ်သလို ဆိုင်ကယ်လည်း အကြမ်းမစီးပါနဲ့။

*



## ဗုဒ္ဓဟူးသားသမီးများ

**ဗုဒ္ဓဟူးသားသမီးများ-**

အသက် ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈၊ ၈၆၊ ၉၄ ဆိုတဲ့နှစ်တွေမှာရောက်နေရင်-

စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် အောင်မြင်ချင်ရင် သောကြာနာမည်ရှင်တွေနဲ့ တိုင်ပင်ပြီးလုပ်ပါ။ ဒါပေမယ့် သောကြာစ၊ ဗုဒ္ဓဟူးပိတ်မှည့်ထားတဲ့ သင်းလှ၊ ဆောင်းရှုံ၊ သာဝေ၊ ဟိန်းလွဲ ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေပြီဆိုရင်တော့ မတိုင်ပင်ပါနဲ့တော့။

တနင်္လာနဲ့ ကြာသပတေးက အကျိုးတော့ပေးပါရဲ့။ ဒါပေမယ့် အလုပ်များနေကြတာရယ်၊ ခရီးသွားလာတာများနေတာရယ်တွေကြောင့် သူတို့ရဲ့ ကူညီမှု၊ အကြံပေးမှုအတွက် စိတ်တော်တော်ရှည်ရပါလိမ့်မယ်။

ကျန်တဲ့နာမည်ရှင်တွေက ကောင်းပါတယ်။ ခင်ခင်မင်မင်နေလို့ရပေမယ့် စီးပွားနဲ့ဆိုင်လာရင် အကျိုးမပေးတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



၃ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ဒီနှစ်ထဲမှာ ဆိုင်ကယ်စီး အထူးဆင်ခြင်ဖို့နဲ့ ကားမောင်းအထူးဆင်ခြင်ဖို့ပါပဲ။ စက်ပစ္စည်းဟောင်းတွေ ဝင်ပါစေနဲ့။ စက်နဲ့ပတ်သက်တဲ့လုပ်ငန်းမျိုး၊ အထည်စက်ရုံမျိုး ဒီနှစ်မှာ စထောင်မယ်ဆိုရင် စဉ်းစားပါ။ ဒီနှစ်မှစပြီး အိမ်၊ ခြံ မြေအကျိုးဆောင်လုပ်ငန်းစ,မယ်ဆိုရင် စဉ်းစားပါ။ ခင်ပွန်းသည် ကြောင့် အိမ်ထောင်ရေးသောကရောက်နေသူကို ကူညီပေးပါ။ ကူညီသင့်ပါတယ်။ ညအိပ်ဖို့ဆိုရင်တော့ ကြီးကဲသူတွေနဲ့ တိုင်ပင် ပါ။

ဒီနှစ်မှာ အဆောက်အအုံဝယ်မယ်ဆိုရင် အရှုပ်အရှင်းမရှိ အောင် သေချာလေ့လာပြီးမှ ဝယ်ပါ။

တစ်နှစ်လုံးအတွက်ကတော့ မိုးလင်း မျက်နှာသစ်ပြီးတာ ဘုရားရှင်ကို သောက်တော်ရေကပ်လှူပါ။ သစ်သီးဆွမ်း၊ သကြား ဆွမ်း ဟစ်လှည့်စီ ကပ်လှူပါ။ ငှက်စာကျွေးပါ။ ဘုရားဝတ်ပြုရင် အသံထွက်ပြီး ဝတ်ပြုပါ။

လာဘ်လာဘအတွက်ဆိုရင် ဒီဝါတပတိဂါထာပုတီးစိပ်ပါ။ မဟာဝေဒဗ္ဗမန္တန်တော်ကို အဓိဋ္ဌာန်နဲ့ရွတ်ပါ။ ရှင်သီဝလိရဟန်း ကြီးကို သစ်သီးဆွမ်းကပ်လှူပြီး ရှင်သီဝလိဂါထာတော်ရွတ်ပါ။ ကန့်ဦးကြီးဘုရားစေတီတွေမှာ သစ်သီးပေါင်းစုံအောင် ဆွမ်းတော် ကြီးတင်ပါ။

ကျန်းမာရေးအတွက်ဆိုရင် ရတနသုတ်တော်ကို အဓိဋ္ဌာန် နေ့စဉ် ရွတ်ပါ။ ဖုဿသဂါထာကို ပုတီးစိပ်ပါ။ သတ်မယ့်ဆဲဆဲ ကြက်နက်လေးတစ်ကောင်ကို ဈေးမဆစ်ဘဲဝယ်ပြီး ဘေးမဲ့လွှတ် ပေးပါ။ ကဏန်းအရှင်လေးတွေကို ဘေးမဲ့လွှတ်ပေးပါ။ ဆေးလှူ ပါ။

ကိုယ့်နာမည်ဟာ ဗုဒ္ဓဟူးစ၊ သောကြာပိတ်တဲ့ လှဟိန်း၊ ယဉ်သာ၊ လင်းသုလိုမျိုး ဖြစ်နေရင်တော့ ကျန်းမာရေးဂရုစိုက်ပါ။

အတိုက်အခံများရင် ဝစကြာဂါထာ၊ သမ္ဗုဒ္ဓေဂါထာတွေကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။

ပညာရေးကံ တောက်လျှောက်ကောင်းပါတယ်။ စာသင် သားရဟန်းတော်၊ စာသင်သားကိုရင်လေးတွေကို ပညာနဲ့ဆိုင်တဲ့ ပုံနှိပ်ဖြစ်စေ၊ ရေးတဲ့စာအုပ်ဖြစ်စေ ဝယ်လှူပါ။ မကြာမကြာလှူပါ။

ချစ်တတ်သူတွေကတော့ စာကလေး ခဏခဏလွှတ်ပေးပါ။ ငါးအရှင်လေးတွေ လွှတ်ပေးပါ။

အိမ်ထောင်ရှင်တွေကတော့ မကြာခဏ နားပူအောင် စကား ပြောခြင်း ရှောင်ပါ။ အပူများတဲ့သူ လာညည်းနေရင်လည်း အားရ ပါးရ နားမထောင်သင့်ပါဘူး။

လုပ်ငန်းသစ်စတင်ချင်ရင် ဗုဒ္ဓဟူးနေ့ မနက် (၉) နာရီမှာ စတင်ပါ။ အကြောင်းကိစ္စရှိတိုင်း ဘုရားစေတီတစ်ဆူဆူကိုသွားပြီး ရုပ်ပွားတော်ရှေ့မှာ ဖယောင်းတိုင် (၉) တိုင် ထွန်းညှိ ပူဇော်ပြီးမှ သွားပါ။

အပြောင်းအလဲတွေ ဖြစ်တတ်ပါတယ်။ ကောင်းတဲ့ပြောင်း







www.burmeseclassic.com

www.burmeseclassic.com



လဲခြင်းပါ။ ရာထူးတိုးပြောင်းတာမျိုးတွေပါ။ ဩဇာလည်း ရှိလာမှာပါ။ လုပ်ငန်းရှင်ဆိုရင်လည်း လုပ်ငန်းတိုးချဲ့လို့ရပါတယ်။ ဆီး၊ မျက်စိနဲ့ ဒူးပဲ ကျန်းမာရေးဂရုစိုက်ပါ။ စက်ပစ္စည်းဟောင်းတာ၊ စုတ်တာရှိရင် ပြင်လို့ရတဲ့ဟာဆိုရင် ပြင်လိုက်ပါ။ မရရင် စွန့်ထုတ်ပစ်လိုက်ပါ။ ငွေကုန်ကြေးကျများပေမယ့် ပြန်ပြန်ဝင်လာတတ်ပါတယ်။ ထီဝါသနာပါရင် သောကြာနံထီဆိုင် အကျိုးပေးပါတယ်။ ၆၊ ၄၊ ၈၊ ၂၊ ၉ ဂဏန်းတွေနဲ့ ကံစပ်ပါတယ်။

**ဗုဒ္ဓဟူးသားသမီးများ -**

**အသက် ၂၃၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃၊ ၇၁၊ ၇၉၊ ၈၇၊ ၉၅ ဆိုတဲ့နှစ်တွေကိုရောက်ရင် -**

အောင်မြင်လိုတဲ့ ဘယ်ကိစ္စမျိုးကိုပဲဖြစ်ဖြစ် စနေနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် စနေစ၊ တနင်္လာပိတ်မှည့်ထားတဲ့ ထက်ချို၊ တင်ကိုး၊ ထွန်းကောင်းလို နာမည်မျိုး ဖြစ်နေရင်တော့ မတိုင်ပင်ပါနဲ့တော့။

ကြာသပတေးကလည်း အကျိုးပေးပါတယ်။ စိတ်ရှည်လက်ရှည်နဲ့ အကူအညီတောင်းရင် တော်တော်အကျိုးပေးပါလိမ့်မယ်။

တနင်္ဂနွေက အကျိုးပေးပေမယ့် အလုပ်များနေတဲ့သူမျိုးဖြစ်နေတတ်လို့ သည်းခံနိုင်စွမ်းတော့ ရှိရပါလိမ့်မယ်။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်လို့ကောင်းပါတယ်။ စီးပွားစပ်တူဆိုရင်တော့ အကျိုးမပေးတော့ပါဘူး။





၆ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ဒီနှစ်မှစပြီး သဲတို့၊ သွပ်တို့၊ သစ်တို့ လုပ်ငန်းစမယ်ဆိုရင် စဉ်းစားပါ။ ခရီးသွားလုပ်ငန်း စတင်ချင်တယ်ဆိုရင်လည်း စဉ်းစားပါ။ သစ်ဟောင်းသစ်ဆွေးတွေ သူများလာပေးရင်လည်း စဉ်းစားပါ။ အသံနဲ့ဆိုင်တဲ့ အနုပညာမျိုးတွေ စတင်မယ်ဆိုရင်လည်း စဉ်းစားပါ။ တစ်ယောက်ယောက်ကို မွေးစားတော့မယ်ဆိုရင်လည်း စဉ်းစားပါ။

တစ်နှစ်လုံးအတွက်ကတော့-

မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို စနေနံတွေနဲ့ ဆွမ်းတော်ကပ်လှူပါ။ နို့၊ ထန်းလျက်၊ ထောပတ်ဆွမ်း အဆင်ပြေသလို ကပ်လှူပါ။ ပြီးရင် ဂုဏ်တော်ပုတီးစိပ်ပါ။ ဂုဏ်တော်ကွန်ချာ၊ ဂုဏ်တော်စက်ဝန်း၊ ဂုဏ်တော် (၉) ဆင့် နှစ်သက်သလို စိပ်ပါ။

ပြီးရင် စာကလေးတွေကို ဆန်ကျွေးပါ။

ကျန်းမာရေးအတွက် လိုအပ်ရင် ဓာရဏပရိတ်ကို အမြဲ့ရွှန်းနဲ့ရွတ်ပါ။ ပရိမိတ္တဇာလသုတ်ကို ရွတ်ပါ။ ဘုရား (၇) ဆူပြည့်အောင် တစ်နေ့တည်း ဖူးပါ။ ဆေးလှူပါ။ ဦးခေါင်းနဲ့ဆိုင်တဲ့ဝေဒနာရှင်တွေကို ဆေးလှူပါ။ အိပ်ရေးဝအောင် အိပ်ပါ။ လေအောင့်လာတဲ့ထိ အဆာမခံပါနဲ့။

အတိုက်အခံများလွန်းရင် တစ်လတည်းမှာ ဘုရား (၇) ဆူပြည့်အောင်သွားပါ။ ဘုရားစေတီရင်ပြင်တော်တွေမှာ တံမြက်စည်း



www.burmeseclassic.com

www.burmeseclassic.com



လှည်း၊ အမှိုက်ကောက်ပါ။ ၂၄ ပစ္စည်းကို နေ့စဉ် (၂၄) ခေါက် ရအောင်ရွတ်ပါ။

ပညာရေးကောင်းလွန်းနေပါတယ်။ အိပ်ရေးပျက်သာမခံပါနဲ့။ အချိန်မှန်စား၊ အချိန်မှန်အိပ်ပါ။ ထူးထူးချွန်ချွန် အောင်မြင်ပါလိမ့်မယ်။

ချစ်တတ်သူတွေကတော့ ကံကောင်းနေပါတယ်။ အချစ်သစ်တွေလည်း တွေ့တတ်ပါတယ်။ ချစ်သူအပေါ် သစ္စာရှိဖို့ပဲ လိုပါတယ်။ စကားပြောမမှားပါနဲ့။ မာနတွေမထားပါနဲ့။ မာနကြောင့် ဝေးသွားတတ်ပါတယ်။

အိမ်ထောင်ရေးမှာ တစ်ယောက်ယောက်က အမြဲအလျှော့ပေးပါ။

အလုပ်လျှောက်သူတွေ အလုပ်ရပါပြီ။ နည်းနည်းတော့ ပင်ပန်းတတ်ပါတယ်။

ကိစ္စကြီးငယ်ရှိရင် တန်ခိုးကြီးဘုရားစေတီတစ်ဆူဆူကိုသွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၉) တိုင်ထွန်းပြီးမှ လိုရာကိုသွားပါ။

လုပ်ငန်းသစ်စတင်ချင်ရင် စနေနေ့ မနက် (၇) နာရီမှာ တင်ပါ။

ငွေခင်လာလေ၊ အလှူများများပေးလေ ပြုလုပ်ပါ။ လုပ်ငန်းသစ်တွေထောင်လို့ရပါတယ်။ အပျော်ကြူးတဲ့ကိစ္စတွေသာ ရှောင်ပါ။ အောင်မြင်ပါတယ်။ မင်္ဂလာမရှိတဲ့စကားတွေ မပြောမိပါစေ



နဲ့။ မင်္ဂလာမရှိတဲ့အရုပ်တွေ မဝတ်မိပါစေနဲ့။ ကိုယ့်ကိုယ်ကိုယ်ထိန်းပါ။ ကိုယ့်နာမည်ဟာ ဗုဒ္ဓဟူးစပြီး တနင်္ဂနွေပိတ်မှည့်ထားတဲ့ ဝေအိ၊ လေးအိမ်၊ ရှင်းဦး ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေရင် အပျော်အပါးနဲ့ လောင်းကစား အထူးရှောင်ပါ။

ဒီနှစ်မှာ အိမ်ဆောက်ရင် အပြီးမသတ်ပါနဲ့။ အပြီးသတ်ရင် ငွေတွေထပ်ဆွဲရတတ်ပါတယ်။ ဆိုင်ကယ် တရကြမ်းမစီးပါနဲ့။ အင်းတွေ၊ အဆောင်တွေ ဆောင်လို့မရပါဘူး။ လာဘ်ပိတ်တတ်ပါတယ်။

ထီဝါသနာပါရင် စနေနံထီဆိုင်တွေမှာထိုးပါ။ ၇၊ ၂၊ ၉၊ ၅ ဂဏန်းတွေနဲ့ ကံစပ်ပါတယ်။

**ဗုဒ္ဓဟူးသားသမီးများ-**

အသက် ၁၆၊ ၁၇၊ ၂၄၊ ၂၅၊ ၃၂၊ ၃၃၊ ၄၀၊ ၄၁၊ ၄၈၊ ၄၉၊ ၅၆၊ ၅၇၊ ၆၄၊ ၆၅၊ ၇၂၊ ၇၃၊ ၈၀၊ ၈၁၊ ၈၈၊ ၈၉၊ ၉၆၊ ၉၇ ဆိုတဲ့နှစ်တွေရောက်ပြီဆိုတာနဲ့-

စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အောင်မြင်လိုတဲ့ ဘယ်ကိစ္စပဲဖြစ်ဖြစ် စနေနာမည်ရှင်သူတွေနဲ့ တိုင်ပင်ပါ။ အောင်မြင်ပါလိမ့်မယ်။ ဒါပေမယ့် စနေစ၊ ကြာသပတေးပိတ်မှည့်ထားတဲ့ တင်ဖြူ၊ ထွန်းပိုင်၊ ထက်ပို ဆိုတဲ့ နာမည်တွဲမျိုး ဖြစ်နေရင်တော့ မတိုင်ပင်ပါနဲ့တော့။

တနင်္ဂနွေက ကောင်းတယ်ဆိုပေမယ့် တကယ်တမ်းကျရင်

www.burmeseclassic.com

www.burmeseclassic.com



ကူညီဖို့ အခက်အခဲတွေ ဖြစ်လာနိုင်ပါတယ်။

ဗုဒ္ဓဟူးလည်း ဒီလိုပါပဲ။ သူတို့တွေဟာ ကိုယ့်ကိုကူညီဖို့ စိတ်သာရှိပြီး လူမလိုက်နိုင်လောက်ပါဘူး။ မထိရောက်နိုင်ပါဘူး။

ကျန်တဲ့နာမည်ရှင်တွေကတော့ ကောင်းပါတယ်။ ခင်လို့လည်း ကောင်းပါတယ်။ စီးပွားစပ်တူလုပ်တော့မယ်ဆိုရင်သာ လုံးဝအကျိုးမပေးပါဘူး။

၂ ဂဏန်း အကျိုးမပေးပါဘူး။

ရှောင်ရန်တွေကတော့ သူများနဲ့ဆိုင်တဲ့ငွေကြေးကိစ္စအားလုံးပါပဲ။ အထူးသဖြင့် ငွေကိစ္စတွေကို သတိထားရှောင်ပါ။ ငွေနဲ့ဆိုင်တဲ့ကိစ္စတွေ၊ ဒါမှမဟုတ် အများပိုင်ပစ္စည်းနဲ့ပတ်သက်တဲ့ကိစ္စတွေ အတော်သတိထားရပါမယ်။

တစ်ခုခုကို စိတ်လိုက်မာန်ပါပြောတော့မယ်ဆိုရင် အချိန်ယူပြီး စဉ်းစားပါ။ ဘာလို့လဲဆိုတော့ ကိုယ်ဘယ်လောက်ပြောပြော ကိုယ့်စကားမအောင်တတ်လို့ပါဘဲ။ ခါတိုင်းနှစ်နဲ့မတူပါဘူး။ ဒီလိုနှစ်မျိုးတွေဆိုတာ မိသားစုထဲမှာပဲ စကားပြောပြော၊ လုပ်ငန်းခွင်မှာပဲ စကားပြောပြော မကျေလည်မှုတွေနဲ့ချည်း ကြုံတတ်ပါတယ်။ မိသားစုထဲမှာလည်း ကိုယ့်စကားဟာ ဩဇာမညောင်းသလို ဖြစ်နေပါလိမ့်မယ်။ အားလုံးဟာ ဆန့်ကျင်ဘက်တွေချည်း ဖြစ်နေတတ်ပါတယ်။ အဲဒီမှာ မခံချင်စိတ်တွေဖြစ်လာပြီး ခဏခဏ စိတ်တွေတိုရတတ်ပါတယ်။ ရှိနေတဲ့အခြေတွေကိုပါ ဖြုတ်ပလိုက်ချင်စိတ်တွေဖြစ်ပြီး ရှိတာတွေရောင်းချင်စိတ် ဖြစ်လာပါလိမ့်မယ်။ ရောင်းလည်းရောင်းဖြစ်မှာပါ။



ဝန်ထမ်းဆိုရင်တော့ ကိုယ့်အထက်ကလုပ်ငန်းရှင်ကြီးတွေဆီကို ကိုယ့်အရည်အချင်း မရောက်အောင် ဖြစ်နေတတ်ပါတယ်။ ဒါကြောင့် ကိုယ်ဘယ်လောက်အလုပ်လုပ်တယ်ဆိုတာ လုပ်ငန်းရှင်ကြီးတွေက မသိသလို တခြားလူကလည်း နေရာယူတတ်ပါတယ်။ ဒီကြားထဲ ကိုယ့်နောက်မှ အလုပ်ဝင်ပြီး ကိုယ်သင်ပေးခဲ့ရတဲ့သူက ကိုယ့်ကိုပြန်မောက်မာလာတတ်လို့ မခံချင်စိတ်တွေဖြစ်ပြီး စိတ်ဖိစီးမှုတွေ များလာတတ်ပါတယ်။

အလိုမကျတတ်တဲ့နှစ်တွေလို့ ခေါ်ပါတယ်။

ဟာ- ငါဒါလောက်ကောင်းတာတွေလုပ်နေတဲ့ကြားက၊ ငါဒါလောက်စေတနာတွေထားနေတဲ့ကြားက ဘယ်လိုတွေဖြစ်နေတာလဲဆိုတဲ့ ခံစားမှုတွေ ဖြစ်လာတတ်ပါတယ်။

ငွေကို တစ်ဖက်ကယူပြီး တစ်ဖက်ကို အကျိုးအမြတ်နဲ့ပြန်ပေးတဲ့သူဆိုရင် စိုက်ဆပ်ရတတ်ပါတယ်။ အာမခံရင် စိုက်လျော်ရတတ်ပါတယ်။ အထူးသဖြင့် ငွေကြေးကိစ္စတွေကြောင့် သက်ပြင်းခဏခဏချနေရတဲ့နှစ်တွေပါပဲ။

ရသလောက်၊ ရှာသလောက် ကုန်နေတတ်ပါတယ်။ ကြာလာတော့ စကားပြောရတာ တွန့်လာသလိုဖြစ်လာပြီး အလိုလိုနှုတ်ဆွံ့လာတတ်ပါတယ်။ မပြောချင်တော့ပါဘူး။

ဒါကြောင့်-

ဒီလိုနှစ်မျိုးတွေမှာ စိတ်တွေ လုံးဝ လျှော့ရပါလိမ့်မယ်။ တနင်္

www.burmeseclassic.com

www.burmeseclassic.com



တွေ လျှော့ရပါလိမ့်မယ်။ ဒေါသတွေလျှော့ရပါလိမ့်မယ်။ လောဘတွေလျှော့ရပါလိမ့်မယ်။ ဘယ်သူနဲ့မဆို အကောင်းမြင်ပါ။ ကိုယ်တသာ လျှော့ပါ။

ဒါဆိုရင် အစစအရာရာ အဆင်ပြေလာပါလိမ့်မယ်။

ဘာသာတရားနဲ့ဆိုင်တဲ့ ကျင့်ကြံ အားထုတ်မှု၊ ရွတ်ဖတ်မှုတွေ များများပြုလုပ်ရမယ့်နှစ် ဖြစ်ပါတယ်။

ဘာသာတရားကို ဦးထိပ်ထားပြီး ပြုလုပ်မှသာ အစစအရာရာ အောင်မြင်မှာဖြစ်ပါတယ်။

တော်ရုံကံညံ့တာတွေဟာ ဖိစီးမှုမဖြစ်နိုင်တော့ပါဘူး။

ပညာရေးနဲ့ပတ်သက်ရင် ကံကောင်းတတ်တဲ့နှစ်တွေဖြစ်နေလို့ ပညာနဲ့ဆိုင်တဲ့လုပ်ငန်းတွေ ဥပမာ- ဘော်ဒါဆောင်ဖွင့်ပြီး ကျောင်းသားကျောင်းသူတွေအတွက် နေရာထိုင်ခင်းဝန်ဆောင်မှုပေးရတဲ့လုပ်ငန်းတွေ၊ ကျူရှင်ကျောင်းတွေဆိုရင်တော့ အကျိုးပေးပါတယ်။ ကွန်ပျူတာသင်တန်းတွေ၊ စကားပြောသင်တန်းတွေ၊ အဲဒီလို အတတ်ပညာနဲ့ဆိုင်တဲ့လုပ်ငန်းတွေ၊ စကားပြောသင်တန်းတွေ၊ အဲဒီလို အတတ်ပညာနဲ့ဆိုင်တဲ့လုပ်ငန်းတွေ သင်ကြားပေးမှု၊ သင်ယူမှုတွေ အကျိုးပေးတဲ့နှစ်ပါ။ ကိုယ်သင်ပေးရတဲ့ကလေးတွေဆိုရင်လည်း အောင်ချက်ကောင်းတဲ့နှစ်ပါ။

ပညာတော်သင်ခရီးသွားဖို့ကြားထားရင် ဒီနှစ် သေချာသွားပါပြီ။

အရေးကြီးတာက-





ဒီနှစ်မှာ အမှုအခင်းနဲ့ဆိုင်တဲ့သူတွေကို အာမခံပေးမယ်ဆိုရင် စဉ်းစားပါ။ လောင်းကစား လုံးဝ ရှောင်ပါ။ မရှောင်နိုင်ရင် ရှိတာကုန်ပြီး ကြွေးတင်တတ်ပါတယ်။ လောဘမကြီးပါနဲ့။

ရှိနေတဲ့အလုပ်၊ လုပ်နေတဲ့လုပ်ငန်းကိုသာ အားစိုက်ပြုလုပ်ပါ။ ချဲ့သင့်သလောက်ချဲ့ပါ။

ကိုယ်မကျွမ်းတဲ့အလုပ်၊ မလုပ်ဘူးတဲ့လုပ်ငန်းမျိုးကို သွားမချဲ့ပါနဲ့။ သူများအတွက် ဖြစ်သွားတတ်ပါတယ်။

ဘုရားစေတီတွေကို မကြာမကြာသွားပြီး ရင်ပြင်တော်တွေမှာ အမှိုက်တွေကောက်ပါ။ တံမြက်စည်းတွေလှည်းပါ။

သူများအသက်တွေကို ခဏခဏ ဘေးမဲ့ပေးပါ။

အင်းတွေ၊ အဆောင်တွေ၊ လက်ဖွဲ့တွေ၊ ရွှေပျက်တွေမဝင်ရပါဘူး။ ခိုက်တတ်ပါတယ်။

အပူများလာတဲ့သူကို ကူညီမယ်ဆိုရင် ကူညီပါ။ အရမ်းကောင်းပါတယ်။ ဒါပေမယ့် ညအိပ်ဖို့ဆိုရင်တော့ စဉ်းစားပါလေ။

တစ်နှစ်လုံးအတွက်ကတော့-

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေ ကပ်လှူပါ။ ဆွမ်းတော်များကပ်ပါ။ ပြီးရင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို ရွတ်ပါ။ မေတ္တာများများပို့ပါ။ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များကို အမျှဝေပါ။

အတိုက်အခံများရင် ၂၄ ပစ္စည်းကို အနုလုံပဋိလုံရွတ်ပါ။

အစာကို အချိန်နဲ့စားပါ။ သွားနဲ့ဆိုင်တဲ့ဝေဒနာတွေကို ဂရု



www.burmeseclassic.com

www.burmeseclassic.com



စိုက်ပါ။ သည်းခြေနဲ့ဆိုင်တဲ့ကျန်းမာရေး ဂရုစိုက်ပါ။ ဖြစ်နိုင်ရင် အသောက်အစားရှောင်ပါ။

ကျန်းမာရေးအတွက် လိုအပ်ရင် ဆေးများများလှူပေးပါ။ ပရိမိတ္တဇာလသုတ်နဲ့ ဓာရဏပရိတ်တော်ကို နေ့စဉ် အဓိဋ္ဌာန်ပြီး ရွတ်ပါ။

ပညာရေးကံတွေ ကောင်းလွန်းနေပါပြီ။

နှလုံးသားရေးရာကိစ္စတွေမှာ စကားပြောဆင်ခြင်ပါ။ ငွေနဲ့ ပတ်သက်ပြီး မပြောမိပါစေနဲ့။

လုပ်ငန်းစတင်ချင်ရင် စနေနေ့ မနက် (၇) နာရီမှာ စတင်ပါ။ အကြောင်းကိစ္စရှိရင် တန်ခိုးကြီးဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၇) တိုင် ထွန်းညှိ ပူဇော်ပြီးမှ လိုရာကိုသွားပါ။

ထီ- စနေနံထီဆိုင်တွေ ကံကောင်းနေပြီ။ ၇၊ ၅၊ ၁ ဂဏန်းတွေနဲ့ ကံစပ်နေပါတယ်။

ဒီနှစ်မှာ အချိန်ရသည် ဖြစ်စေ၊ မရသည် ဖြစ်စေ မကြာခဏ အဓိဋ္ဌာန်ဝင်ပါ။

ပြုလုပ်နိုင်လျှင် အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကြီးတွေကို မကြာခဏ ပူဇော်ပေးပါ။

အခက်အခဲရှိနိုင်မယ်ထင်ရင် အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကြီးတွေမှာ တစ်နိုင်လှူပါ။ လုပ်အားကုသိုလ်ပြုပါ။

ဖြစ်နိုင်ရင် ဓာတ်ကြီး (၄) ပါးဆွမ်းတော် မကြာမကြာ





ကပ်လှူပါ။

မွေးနေ့ရောက်တိုင်း မေတ္တာဘာဝနာပွားများပြီး သားစား ရှောင်ကြဉ်ပါ။

ဘယ်လောက်ခက်ခဲနေပါစေ၊ ထူးထူးခြားခြား အောင်မြင်တဲ့နှစ်ဖြစ်လာပြီး လုပ်ငန်းခွင်ပြောင်းရွှေ့ချင်ရင်လည်း ပြောင်းရွှေ့ဖြစ်တာတွေ၊ ရာထူးတိုးဖို့ရှိရင်လည်း ရာထူးတိုးတာတွေ ကြုံရပါလိမ့်မယ်။

## ဗုဒ္ဓဟူးသားသမီးများ-

အသက် ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄၊ ၈၂၊ ၉၀၊ ၉၈ ဆိုတဲ့နှစ်တွေရောက်ပြီဆိုတာနဲ့-

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် သောကြာနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် သောကြာစ၊ တနင်္ဂနွေပိတ်မှည့်ထားတဲ့ သူအုန်း၊ သစ်အိမ်၊ သောင်းအံ့ ဆိုတဲ့ နာမည်တွေမျိုးဖြစ်နေရင်တော့ အကျိုးမပေးပါဘူး။

တနင်္လာလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် ရပ်ဝေးမှာနေတဲ့ တနင်္လာမျိုး၊ မိတ်ဟောင်းဆွေဟောင်းတနင်္လာမျိုးဖြစ်မှ အကျိုးပေးမှာပါ။

အင်္ဂါကတော့ ခက်ခက်ခဲခဲနဲ့ အကျိုးပေးပါတယ်။

ကြာသပတေးက ဟုတ်တော့မလိုလိုနဲ့ အဖျားရှူး[illegible]



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်။

ကျန့်တဲ့နှာမည်ရှင်တွေကတော့ ခင်ဖို့ကောင်းပါတယ်။ ဒါပေမယ့် စီးပွားအကျိုးတူလုပ်တော့မယ်ဆိုရင်တော့ ရှောင်ပါ။

၇ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ လူမျိုးကွဲတွေနဲ့ စီးပွားစပ်တူလုပ်မယ်ဆိုရင် ဒီနှစ်ရှောင်ထားပါ။ စဉ်းစားပါ။ အထည်အလိပ်လုပ်မယ်ဆိုရင် စဉ်းစားပါ။ ရွှေတူးမယ်ဆိုရင် စဉ်းစားပါ။ မိတ်ဆွေတွေနဲ့ ပတ်သက်ပြီး အာမခံမယ်ဆိုရင် စဉ်းစားပါ။ ရွှေရောင်ပစ္စည်းအဟောင်းတွေဝင်မယ်ဆိုရင် စဉ်းစားပါ။

တစ်နှစ်လုံးအတွက်ကတော့-

မိုးလင်းမျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သောက်တော်ရေကပ်လှူပါ။ သစ်သီးဆွမ်း၊ သကြားဆွမ်း၊ အကြော် အဆင်ပြေသလို ကပ်လှူပါ။ ပြီးရင် ဘုရားဂုဏ်တော်တွေကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ အသံထွက်စိပ်ပါ။

အတိုက်အခံများရင် သမ္ဗုဒ္ဓေဂါထာကို အသံထွက်ပြီး ပုတီးစိပ်ပါ။ ဘုရားရင်ပြင်တော်တွေမှာသွားပြီး တံမြက်စည်းလှည်းပါ။ နွားစာကျွေးပေးပါ။ ခဏခဏလုပ်ပါ။

ကျန်းမာရေးအတွက် လိုအပ်ရင် သမ္ဗုဒ္ဓေဂါထာ၊ သိရသွိမေဂါထာတွေကို ပုတီးစိပ်ပါ။ ဆေးမကြာမကြာလှူပေးပါ။ ကဏန်းအရှင်တွေကို ရေအရှင်မှာ မကြာမကြာ သားမဲ့လွှတ်ပေးပါ။ လမ်းချားများများလျှောက်ပါ။ လေ့ကျင့်ခန်းများများပြုလုပ်ပေးပါ။ ဒူးဆစ်





တွေ၊ အကြောတွေ နာတတ်ပါတယ်။ ခြေလှမ်းတက်တဲ့နေရာမျိုး လှမ်းဆင်းရတဲ့နေရာမျိုးမှာ သတိထားပါ။

ပညာရေးကံတွေ ကောင်းပါတယ်။ ကြိုးစားနေရင်းက နည်းနည်းပေါ့လာတတ်ပါတယ်။ ဒါတော့ရှောင်ပါ။ အပေါင်းအသင်းတွေနဲ့ အသွားအလာ နည်းနည်းလျှော့ပါ။ အကြော်ခဏခဏဆွမ်းတော်ကပ်ပေးပါ။

ချစ်တတ်သူတွေကတော့ ကံကောင်းပါတယ်။ ဒါပေမယ့် မိတ်များတဲ့ချစ်သူဖြစ်နေရင် သဝန်မတိုပါနဲ့။ အနက်ရောင်ပြောင်အကျီ လက်ဆောင်မပေးမိပါစေနဲ့။

လုပ်ငန်းခွင်မှာ ရာထူးတိုးဖို့ရှိရင် ဒီနှစ်တိုးပါပြီ။ အလုပ်လျှောက်ထားရင်လည်း အလုပ်ရပါပြီ။ ခရီးဝေးကံတွေလည်းပွင့်ပါပြီ။

အကြောင်းကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကိုသွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ပန်းကန်ပြားတစ်ချပ်နဲ့ အကြော်တွေများများဆွမ်းတော်ကပ်ပါ။ ပြီးရင် ဖယောင်းတိုင် (၉) တိုင်ထွန်းပါ။ ပြီးမှ လိုရာကိုသွားပါ။

လုပ်ငန်းစတင်ချင်ရင် သောကြာနေ့ မနက် (၇) နာရီမှာ စတင်ပါ။

အိမ်ဆောက်လို့ရပါတယ်။ အိမ်ဝယ်လို့လည်း ရပါတယ်။ မြေဆိုရင်တော့ အရှုပ်အရှင်းဖြစ်တတ်ပါတယ်။ နှစ်ဦးပိုင်တွေ ဖြစ်နေတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ထီဝါသနာပါရင် သောကြာနံ့ထီဆိုင် အကျိုးပေးပါတယ်။ ၆၊ ၁၊ ၂၊ ၉ ဂဏန်းတွေနဲ့ ကံစပ်ပါတယ်။

နာမည်ကိုကြည့်ပါ။ ကိုယ့်နာမည်ဟာ အင်္ဂါစ၊ စနေပိတ်မှည့်ထားတဲ့ ဆန်းတင်၊ စိုးနှင်း၊ ဇော်ထန် ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေပြီဆိုရင်တော့ လောဘမကြီးပါနဲ့။ ကိုယ်ချင်းစာတရားနဲ့ အလုပ်လုပ်ပါ။ ဘယ်သူ့ကိုမှလည်း မနှိမ်ပါနဲ့။ စိတ်ဖြူပါစေ။ လူယုံကို သိပ်မယုံစေချင်ပါဘူး။ သိပ်ပြီး ဝင့်ဝင့်ကြွားကြွားမနေပါနဲ့။ အမှုအခင်းဖြစ်နေတဲ့သူတွေကို အာမမခံပါနဲ့။ ကြမ်းကြမ်းတမ်းတမ်းမနေပါနဲ့။ ကြမ်းကြမ်းတမ်းတမ်း မပြောပါနဲ့။ နှုတ်ဝစီကို တော်တော်ထိန်းပါ။ သိမ်သိမ်မွေ့မွေ့နေပါ။ အောင်မြင်လာပါလိမ့်မယ်။

## ဗုဒ္ဓဟူးသားသမီးများ -

အသက် ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉၊ ၆၇၊ ၇၅၊ ၈၃၊ ၉၁၊ ၉၉ ဆိုတဲ့နှစ်တွေမှာ ရောက်နေပြီဆိုရင် -

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် အင်္ဂါနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် အင်္ဂါစပြီး တနင်္ဂနွေပိတ်မှည့်ထားတဲ့ စံအိမ်၊ စိုးအုံ၊ ဉာဏ်အေးလို နာမည်တွဲမျိုး ဖြစ်နေရင်တော့ မတိုင်ပင်ပါနဲ့တော့။

သောကြာလည်း အကျိုးပေးပါတယ်။

စနေကတော့ ခုအကျိုးပေးလိုက်၊ တော်ကြာလျော့ရဲရဲဖြစ်သွားလိုက်နဲ့မို့ သည်းခံစိတ်တော့မွေးပါ။





ကျန်တဲ့ နာမည်ရှင်တွေကတော့ ခင်လို့ကောင်းပါတယ်။ ဒါပေမယ့် စီးပွားစပ်တူ လုံးဝအကျိုးမပေးပါဘူး။

၈ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ဒီနှစ် မြေဝယ်မယ်ဆိုရင် အရှုပ်အရှင်းဖြစ်တတ်ပါတယ်။ မသန့်တဲ့မြေတွေဖြစ်တတ်ပါတယ်။ မြေအရောင်းအဝယ်လုပ်မယ်ဆိုရင်လည်း အခက်အခဲမျိုးစုံနဲ့ ရင်ဆိုင်ရတတ်ပါတယ်။ ဒီနှစ်မှစပြီး ကျောက်မျက်ရတနာအရောင်းအဝယ်လုပ်မယ်ဆိုရင်လည်း ရှောင်ပါ။ ကျောက်တော့ ကျောက်ပဲ။ ဒါပေမယ့် လမ်းခင်းကျောက်လုပ်ငန်းဆိုရင်တော့ ရပါတယ်။

ငွေချေးတဲ့ကိစ္စရှောင်ပါ။ ငွေကိစ္စကို ကြားက အာမခံပေးမယ်ဆိုရင်လည်း ရှောင်ပါ။ ကိုယ်တိုက်ဆိုင်ရပါလိမ့်မယ်။ သူများငွေကိုလည်း အာမခံပြီး လုပ်ငန်းလုပ်ပေးတာတွေ မလုပ်ပါနဲ့။ ဖြစ်နိုင်ရင်တော့ ငွေကြေးကိစ္စတွေမှန်သမျှ ရှောင်ထားပါ။ အခက်အခဲတွေ ဖြစ်တတ်လို့ပါ။

ကားလုပ်ငန်းစမယ်ဆိုရင်လည်း တနင်္လာ၊ ကြာသပတေးနာမည်ရှင်တွေကို မမောင်းခိုင်းပါနဲ့။

သူများလာပြောတဲ့ လုပ်ငန်းမှန်သမျှ စိတ်မဝင်စားပါနဲ့။ လောဘကြီးရင် သူများအတွက် ဖြစ်သွားပါလိမ့်မယ်။ကိုယ်လုပ်နေတဲ့အလုပ်ကိုပဲ ပုံမှန်လုပ်ပါ။ ဒီပြင်လုပ်ငန်းတွေ မချဲ့ပါနဲ့။

တစ်နှစ်လုံးအတွက်ကတော့ မနက်မိုးလင်း မျက်နှာသစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ဘုရားရှင်ကို သောက်တော်ရေကပ်ပါ။ ဆွမ်း (၃) ပွဲ ကပ်လှူပါ။ သရဏဂုံ (၃၀) ကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ မစိပ်အားရင် ဘုရားဆောင်ရှေ့မှာ ပုဆစ်တုပ်ထိုင် လက်အုပ်ချီပြီး (၉) ခေါက်ရွတ်ပါ။

အတိုက်အခံများလွန်းရင် သရဏဂုံ (၃၀) ကို (၁၀) ပတ်ရအောင်စိပ်ပါ။ (၉) ရက်အဓိဋ္ဌာန်ဝင်ပါ။ ခဏခဏပြုလုပ်ပါ။

ကျန်းမာရေးလိုအပ်ရင် ငါးအရှင်၊ ကဏန်းအရှင်တွေကို ဘေးမဲ့လွှတ်ပေးပါ။

နံနက်စောစော အရုဏ်ဆွမ်းခံကြွလာတဲ့ သံဃာတော်အရှင်သူမြတ်တွေကို အရုဏ်ဆွမ်းလောင်းလှူပါ။ ခဏခဏလှူပါ။

ပညာရေးအတွက် တွေဝေမနေဘဲ ကြိုးစားပါ။ ဟုတ်တော့ မလိုလို့နဲ့ အဖျားကပ်ရှူးတာမျိုး မဖြစ်ပါစေနဲ့။ စာသင်သားသံဃာတော် အရှင်သူမြတ်များကို ပညာနဲ့ပတ်သက်တဲ့စာအုပ်တွေ ဝယ်လှူပါ။

ချစ်တတ်သူတွေကတော့ အချစ်စကားပြောဖြစ်တဲ့သူတွေ တစ်ဦးမက ဖြစ်လာတတ်ပါတယ်။ သစ္စာတော့ရှိပါ။ အနေအထိုင်လည်း ဆင်ခြင်ပါ။ မဖြစ်သင့်တာတွေမဖြစ်အောင် ထိန်းပါ။ ငါးလေးတွေ ခဏခဏလွှတ်ပေးပါ။

အိမ်ထောင်ရေးကတော့ ငွေကြေးကိစ္စတွေ ခဏခဏပေါ်တတ်ပေမယ့် ရန်မဖြစ်ပါစေနဲ့။ လာဘ်ပိုတိတ်သွားပါလိမ့်မယ်။ ကိစ္စကြီးငယ်ရှိရင် တန်ခိုးကြီးဘုရားတစ်ဆူဆူကိုသွားပါ။ ရုပ်ပွား





တော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၁၇) တိုင် ထွန်းညှိ ပူဇော်ပါ။ ပြီးမှသွားပါ။

လုပ်ငန်းစတင်ချင်ရင် အင်္ဂါနေ့ မနက် (၇) နာရီမှာ စတင်ပါ။

ထီ- အင်္ဂါနာမည်ထီဆိုင်တွေမှာ ၃၊ ၁၊ ၆၊ ၇ ဂဏန်းတွေနဲ့ ကံစမ်းပါ။

ဒီနှစ် တစ်ခါတစ်ခါ မျက်နှာငယ်သလို၊ အနှိမ်ခံရသလို ခံစားရတတ်ပါတယ်။ အလုပ်နဲ့ပတ်သက်ပြီး စိတ်ဖိစီးမှုတွေများလာတတ်ပါတယ်။ ဆင်းရဲနွမ်းပါးတဲ့ကိုယ်ဝန်ဆောင်ကိုတွေ့တိုင်း ငွေ၊ ဒါမှမဟုတ် ခွန်အားဖြစ်စေမယ့်အာဟာရ ထိထိရောက်ရောက်ပေးပါ။

**ဗုဒ္ဓဟူးသားသမီးများ-**

အသက် ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆၊ ၈၄၊ ၉၂ ဆိုတဲ့နှစ်တွေကို ရောက်နေပြီဆိုရင် -

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် တနင်္လာနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် တနင်္လာစ၊ ဗုဒ္ဓဟူးပိတ်မှည့်ထားတဲ့ ချစ်ဝ၊ ကြည်လှ၊ ခိုင်ဝေ ဆိုတဲ့ နာမည်တွဲမျိုးဆိုရင်တော့ မတိုင်ပင်ပါနဲ့တော့။

ကြာသပတေးနာမည်ရှင်တွေက ကောင်းပါတယ်။ ဒါပေမယ့် မိတ်ဟောင်းဆွေဟောင်း၊ ဆရာသမားဟောင်းဖြစ်ရင် ပိုကောင်း

ပညာရွှေတောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။

တနင်္ဂနွေကတော့ တစ်ကြိမ်၊ နှစ်ကြိမ် ကောင်းပါတယ်။ ဒီထက်ပိုပြီးသွားပြန်ရင် လွဲချော်နေတတ်ပါတယ်။

ဗုဒ္ဓဟူးက အကျိုးပေးနိုင်ပေမယ့် သူ့မှာလည်း အိမ်ထောင်ရေး၊ အိမ်တွင်းရေးသောကအပူရှိနေနိုင်တာမို့ ကိုယ်က အလိုက်သိရပါလိမ့်မယ်။ ခဏခဏ မသွားသင့်ပါဘူး။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်လို့ကောင်းပါတယ်။ စီးပွားစပ်တူဆိုရင်တော့ အကျိုးမပေးတော့ပါဘူး။

၆ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ သစ်ကိစ္စတွေပြုလုပ်မယ်ဆိုရင် ဒီနှစ်မလုပ်သင့်ပါဘူး။ ဥပမာ- သစ်ဆိုင်စဖွင့်တာမျိုး၊ သစ်စက် စ၊ ထောင်တာမျိုး မလုပ်သင့်ပါဘူး။

အသံနဲ့ဆိုင်တဲ့ အနုပညာလုပ်ငန်းတွေလုပ်မယ်ဆိုရင်လည်း ဒီနှစ် သတိထားပါ။ ဆေးတို့၊ စက်ပစ္စည်းတို့နဲ့ပတ်သက်ပြီး အာမမခံပါနဲ့။ လုပ်ငန်းခွင်မှာ သောကြာနာမည်ရှင်ကို လူယုံထားမယ်ဆိုရင် စဉ်းစားပါ။ သီလပျက်စေတဲ့ အပျော်အပါး၊ လောင်းကစား ရှောင်ထားပါ။ စိတ်မလေပါစေနဲ့။

တစ်နှစ်လုံးအတွက်ကတော့-

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သောက်တော်ရေကပ်လှူပါ။ ပြီးရင် ယပ်တော်သွင်း ပူဇော်ပါ။ ပြီးရင် တနင်္လာနံ့တွေ ဆွမ်းတော်ကပ်ပါ။ ကျောက်ကျော၊ ကော်ဖီ၊ ကိတ်





မုန့်၊ ကြာဆံကြော်၊ ခေါက်ဆွဲကြော် ကပ်လှူပါ။ **တစ်မျိုးမျိုးနဲ့** ပူဇော်ပါ။

ဂုဏ်တော်စက်ဝန်းကို နေ့စဉ် (၃) ပတ်၊ (၅) ပတ်၊ **(၉)** ပတ် ရအောင်စိပ်ပါ။ မအားလွန်းရင် တစ်ပတ်ရအောင်စိပ်ပါ။

ရှင်သီဝလိရုပ်ပွားတော်ကြီးကို သစ်သီးဆွမ်းကပ်လှူပြီး **ရှင်သီဝလိ** ဂါထာရွတ်ပါ။

အတိုက်အခံများရင် ၂၄ ပစ္စည်းကို (၂၄) ခေါက် ရွတ်ပါ။ ရှင်ဥပဂုတ္တရုပ်ပွားတော်ကြီးကို သစ်သီးဆွမ်းကပ်လှူပြီး ရှင်ဥပဂုတ္တ ပရိတ်ရွတ်ပါ။ စိတ်ရောဂါဝေဒနာရှင်တွေကို တွေ့တဲ့နေရာတိုင်းမှာ အာဟာရ၊ ငွေ လှူပေးပါ။

ရင်ပြည့်ရင်ကယ်ခဏခဏဖြစ်တတ်ပါတယ်။ မိန်းကလေးဖြစ်ခဲ့ရင် သွေးသားနဲ့ဆိုင်တဲ့ကျန်းမာရေး ဂရုစိုက်ပါ။ ပန်ကာလေမခံပါနဲ့။ ခန္ဓာကိုယ်အောက်ပိုင်း မအေးပါစေနဲ့။

လိုအပ်လာရင် ခဏခဏ ဆေးလှူပါ။ ဘုရားရုပ်ပွားတော်တစ်ဆူဆူရဲ့ရင်ဘတ်တော်ကို ရွှေပြားကပ်လှူ ပူဇော်ပါ။

ရွှေရင်အေး မကြာမကြာ ဘုရားပူဇော် လှူဒါန်းပါ။

ကိုယ်လက်လေ့ကျင့်ခန်းလုပ်ပါ။ လမ်းများများလျှောက်ပါ။ ရတနသုတ်တော်နဲ့ ဗောဇ္ဈင်္ဂသုတ်တော်ကို အခိုင်အခန့်နဲ့ရွတ်ပါ။

ပညာရေး တိုးတက်မှုတွေ ပိုလာပြီး အောင်မြင်မှုတွေ ဖြစ်လာပါပြီ။ အပေါင်းအသင်းမမက်ပါနဲ့။ ကိုယ့်စာကိုယ်လုပ်ပါ။ သွားချင်လာချင်စိတ်တွေ လျှော့ပါ။ အလုပ်စာမေးပွဲဖြေရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



အောင်ပါပြီ။

ချစ်တတ်သူတွေကတော့ ကံကောင်းပြီးရင်း ကောင်းရင်းပါပဲ။ မျက်နှာပွင့်ပြီးရင်း ပွင့်ရင်းပါပဲ။ သစ္စာတော့ထားပါ။ အခ်ိကကတော့ နီးစပ်လွန်းရင် အနေအထိုင်ဆင်ခြင်ပါ။

အကြောင်းကိစ္စရှိတိုင်း တန်ခိုးကြီးဘုရားတစ်ဆူဆူမှာရှိတဲ့ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၉) တိုင် ထွန်းညှိပူဇော်ပြီးမှ လိုရာသွားပါ။

လုပ်ငန်းစတင်ချင်ရင် ဗုဒ္ဓဟူးနေ့ မနက် (၉) နာရီမှာ စတင်ပါ။

ဆိုင်ကယ်စီး ဆင်ခြင်ပါ။

အိမ်ထောင်ရှင်တွေကတော့ ဟိုဘက်ဒီဘက်ဆွေမျိုးနဲ့ပတ်သက်ပြီး လက်ညှိုးထိုး ရန်မဖြစ်ကြပါနဲ့။ လုပ်ငန်းတွေ အဆင်ပြေမယ့်နှစ် ဖြစ်နေပါပြီ။ အိမ်မဆူပါနဲ့။

ထီကတော့ တနင်္လာနံထီဆိုင်နဲ့ ၂၊ ၉၊ ၄၊ ၅၊ ၈ ဂဏန်းတွေ ကံစပ်ပါတယ်။

ကိုယ့်နာမည်ဟာ ဗုဒ္ဓဟူးစပြီး တနင်္လာပိတ်ထားတဲ့ ဝင်းအလှိုင်ကို၊ ရန်ကောင်း ဆိုတဲ့ နာမည်တွဲဖြစ်နေရင်တော့ အလောင်းအစားရှောင်ပါ။ အပျော်အပါးတွေရှောင်ပါ။ ရတနာမြတ် (၃) ပါးရဲ့အရိပ်ကိုခိုပါ။





ဗုဒ္ဓဟူးသားသမီးများ -

အသက် ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇၊ ၈၅၊ ၉၃ ဆိုတဲ့နှစ်တွေရောက်နေရင် -

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် အင်္ဂါနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် အင်္ဂါစ၊ ကြာသပတေးပိတ်မှည့်ထားတဲ့ စိုးပန်၊ ဇွန်မိုး၊ ညဏ်ဖူး ဆိုတဲ့ နာမည်တွဲမျိုးတွေ ဖြစ်နေရင်တော့ မတိုင်ပင်ပါနဲ့တော့။

ဗုဒ္ဓဟူးကတော့ အကျိုးပေးပါရဲ့။ ဒါပေမယ့် အလုပ်အင်မတန်များတဲ့ဗုဒ္ဓဟူးဖြစ်နေတတ်လို့ ကိုယ့်အတွက်ရော သူများအတွက်တွေပါ အချိန်ပေးနေရတဲ့ဗုဒ္ဓဟူးဖြစ်နေလို့ စိတ်တော့ရှည်ရပါလိမ့်မယ်။ ဒါတောင်မှ ဗုဒ္ဓဟူးစ၊ စနေပိတ်မှည့်ထားတဲ့ လှထိန်ရှိန်နွယ် ဆိုတဲ့ နာမည်တွဲမျိုး ဖြစ်နေပြန်ရင် အကျိုးမပေးပြန်ပါဘူး။

စနေကတော့ ခက်ခက်ခဲခဲနဲ့ အကျိုးပေးပါလိမ့်မယ်။

ကျန်တဲ့ နာမည်ရှင်တွေကတော့ ခင်ဖို့ကောင်းပါရဲ့။ ဒါပေမယ့် စီးပွားစပ်တူလုပ်ဖို့ဆိုရင် အကျိုးမပေးတော့ပါဘူး။

၁ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ဒီနှစ်ထဲမှာ အိမ်ဆောက်မယ်၊ အိမ်ဝယ်မယ်ဆိုရင် အတောမသတ်တဲ့ကိစ္စတွေ ဖြစ်ကုန်တတ်ပါတယ်။ ကြွေးတွေလည်း တင်သွားတတ်ပါတယ်။ ကျောက်လုပ်ငန်းတွေ စလုပ်မယ်ဆိုရင်လည်း စဉ်းစားပါ။ အဖျားရှူးသွားပါလိမ့်မယ်။

ပညာရွှေတောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကျောက်မှလည်း အဝင်မတော်ပါဘူး။

အမှုအခင်းဖြစ်တဲ့လူကို အာမခံတာတို့၊ အလုပ်တစ်ခုခုအတွက် အာမခံတာတို့၊ ငွေကြေးကိစ္စတွေအတွက် အာမခံတာတို့ကို ရှောင်ပါ။ မမြင်ရသေးတဲ့အိမ်ခန်းကို ကြိုပြီး ပိုက်ဆံပေးဝယ်တာမျိုး ရှောင်ပါ။ လောင်းကစား လုံးဝ ရှောင်ပါ။ အမင်္ဂလာစကားတွေ မပြောပါနဲ့။ အမင်္ဂလာအဝတ်မျိုးတွေ မဝတ်ပါနဲ့။

တစ်နှစ်လုံးအတွက်ကတော့ ဘုရားရှင်ကို ဆွမ်း (၃) ပွဲ မကြာမကြာ ကပ်လှူပါ။ ဆီမီးထွန်းပါ။ စံပယ်ပန်း မကြာမကြာ လှူပါ။ သရဏဂုံ (၃၀) ကို အမြဲ့သန့်ပုတီးစိပ်ပါ။ အချိန်မရရင် ဘုရားရှေ့မှာ ပုဆစ်တုပ်ထိုင် လက်အုပ်ချီပြီး (၉) ခေါက်ရွတ်ပါ။

အတိုက်အခံများလွန်းရင် ဘုရားရှင်ပြင်တော်တွေမှာ တံမြက်စည်းလှည်းပါ။ အမှိုက်ကောက်ပါ။ ပဌမံဂါထာကို ပုတီး (၃) ပတ်၊ (၅) ပတ် ရသလိုစိပ်ပါ။ ငှက်လေးများကို အစာကျွေးပါ။

ကျန်းမာရေးလိုအပ်ရင် သတ်မယ့်ဆဲဆဲကြက်ကို ဈေးမဆစ်ဘဲဝယ်ပြီး ဘေးမဲ့လွှတ်ပေးပါ။ ပရိမိတ္တဇာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်တို့ကို အမြဲ့သန့်ပြုပြီးရွတ်ပါ။ လမ်းများများလျှောက်ပေးပါ။ နှုတ်က ဂုဏ်တော်တွေကိုရွတ်ပြီး အိမ်ကနေ ဘုရားအထိလမ်းလျှောက်သွားခြင်းကို တစ်လတစ်ကြိမ်ပြုလုပ်ပါ။

လေထိုး၊ လေနာ၊ လေနဲ့ပတ်သက်တဲ့ရောဂါတွေကိုပဲ သတိထားပါ။ ရင်မကောင်းရင် ခေါင်းမကောင်းဖြစ်တတ်ပါတယ်။

ပညာရေးကံတွေကတော့ ခက်ခက်ခဲခဲကြားကနေ ကောင်း





နေပါတယ်။ ကိုယ်တိုင်လည်း အပျော်အပါးလျှော့ပါ။ အပေါင်းအသင်းနဲ့ကျမှ စာကျက်ချင်တာမျိုး ရှောင်ပါ။

ချစ်တတ်သူတွေကတော့ ကျောက်လက်ဆောင်မပေးမိပါစေနဲ့။ ဘယ်လောက်အခက်အခဲတွေရှိရှိ နောက်ဆုံးကျ အဆင်ပြေချောမွေ့သွားပါလိမ့်မယ်။ သံသယဝင်တာတွေကိုတော့ လျှော့ပါ။ သူများကိုပြောချင်ရင် ကိုယ့်ကိုယ်ကိုယ်လည်း သတိပြုပါ။

အကြောင်းကိစ္စရှိတိုင်း ဘုရားစေတီကို အရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၁၂) တိုင်ထွန်းပြီး ဘုရားပူဇော်ပြီးမှ လိုရာသွားပါ။

လုပ်ငန်းစတင်ချင်ရင် အင်္ဂါနေ့ မနက် (၇) နာရီတိတိမှာ စတင်ပါ။

အိမ်ထောင်ရှိသူတွေကတော့ အပြင်ထွက်တာ၊ သွားတာလာတာနဲ့ပတ်သက်ပြီး သံသယစိတ်တွေကြောင့် ခဏခဏ စကားများရတတ်ပါတယ်။ သူများကို ကူညီချင်ရင်လည်း ကြည့်ကူညီပါ။ စိတ်ရော လူပါ အလွန်အကျွံမဖြစ်ဖို့ဘဲ လိုပါတယ်။ မိသားစုစိတ်ချမ်းသာဖို့ကို ဦးစားပေးပါ။

ထီ- အင်္ဂါနံထီဆိုင်တွေနဲ့ ၃၊ ၄၊ ၈၊ ၅ ဂဏန်းတွေ အကျိုးပေးပါတယ်။

ကိုယ့်နာမည်ဟာ ဗုဒ္ဓဟူးစ၊ စနေပိတ်မှည့်ထားတဲ့ လှတိုး၊ ဝင်းနွဲ့၊ ရှင်းနိုင် ဆိုတဲ့ နာမည်မျိုးဖြစ်နေရင် ကားမောင်းဆင်ခြင်ပါ။ အမြင့်ကြီးတွေမတက်ပါနဲ့။ သူများကိစ္စမှာ ကြားမဝင်ပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com



လောင်းကစားရှောင်ပါ။ အမှုအခင်းကိစ္စတွေရှောင်ပါ။ အရက်တက်မှာ ဆွမ်းခံကြွလာတဲ့ သံဃာတော်အရှင်သူမြတ်များကို အရက်ဆွမ်း မကြာမကြာ လောင်းလှူပြီး ကောင်းတဲ့ကံတွေ ပွားများပါလေ။ အောင်မြင်လာပါလိမ့်မယ်။

✻



# ကြာသပတေးသားသမီးများ

**ကြာသပတေးသားသမီးများ-**

အသက် ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆၊ ၈၄၊ ၉၂ ဆိုတဲ့နှစ်တွေ ရောက်နေပြီဆိုရင်-

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် ဗုဒ္ဓဟူးနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် ဗုဒ္ဓဟူးစ၊ သောကြာပိတ်မှည့်ထားတဲ့ ရန်သူ၊ လှိုင်သူ၊ ဝင်းဟိန် ဆိုတဲ့ နာမည်တွဲမျိုး ဖြစ်နေရင်တော့ သွားမတိုင်ပင်ပါနဲ့တော့။

စနေလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် မိတ်ဟောင်းဆွေဟောင်းထဲက စနေ ဖြစ်ရင် ပိုအကျိုးပေးပါတယ်။ ပြဿနာတစ်ခုခုနဲ့ကြုံနေရတဲ့စနေ ဖြစ်နေရင်လည်း ကိုယ့်ကိုကူညီဖြစ်ပါလိမ့်မယ်။ ဥပမာ- နေမကောင်းနေတာမျိုးတို့၊ အိမ်ထောင်ရေးအခက်အခဲကြုံနေတာမျိုးတို့။

အင်္ဂါက ကောင်းပေမယ့် တစ်ခါ၊ နှစ်ခါလောက်ဆိုရင် အဖျားရှုံးသွားတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သောကြာက သိပ်အကောင်းကြီး မဟုတ်ပေမယ့်လည်း အကြံကောင်းတွေပေးပါလိမ့်မယ်။ စိတ်တော့ရှည်ပါ။

ကျန်တဲ့နာမည်ရှင်တွေကတော့ ကောင်းပါတယ်။ ခင်လို့လည်း ကောင်းပါရဲ့။ စီးပွားတော့မစပ်ပါနဲ့။ အကူအညီမတောင်းပါနဲ့။

၁ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ဒီနှစ်ထဲမှာ မြေကိစ္စတွေ မလုပ်ပါနဲ့။ မြေရောင်းမြေဝယ်တွေလုပ်ရင်းနဲ့ စိုက်ဆပ်ရတာတွေ၊ ပြဿနာရှင်းရတာတွေကြုံတတ်ပါတယ်။ ရှုပ်နေတဲ့မြေ ဖြစ်နေတတ်ပါတယ်။ မြေဆုံးရှုံးတတ်ပါတယ်။ ကိုယ်လုပ်တာဟာ သူများအတွက်ချည်း ဖြစ်နေတတ်ပါတယ်။ ငွေအများကြီးစုမိပြီဆိုတာနဲ့ ဟိုလူပြော ဒီလူပြောစီးပွားရေးတွေ လာပါလိမ့်မယ်။ ယောင်လို့တောင် စပ်တူလည်း မလုပ်ပါနဲ့။ အစုရှယ်ယာလည်း မထည့်ပါနဲ့။ အမွေကိစ္စတွေလည်း မလုပ်ပါနဲ့ဦး။ ငွေမချေးပါနဲ့။ သူများကိုလည်း အာမမခံပါနဲ့။ ကိုယ်စိုက်ရပါလိမ့်မယ်။

တစ်နှစ်လုံးအတွက်ကတော့ မိုးလင်းမျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သောက်တော်ရေကပ်လှူပြီး ယပ်တော်သွင်း ပူဇော်ပါ။ နှစ်သက်ရာကို ရွတ်ဖတ်ပါ။ ပုတီးစိပ်ပါ။

ဖြစ်နိုင်ရင် တစ်လကိုတစ်ခါ ခေတ်ကြီး (၄) ပါးဆွမ်းတော်ကပ်ဖြစ်အောင်ကပ်ပါ။ ရွှေပြားသင်္ကန်းကပ်လှူနိုင်ရင် တစ်လတစ်ကြိမ် ရုပ်ပွားတော်များကို ရွှေပြားသင်္ကန်းကပ်လှူ ပူဇော်ပါ။





ဘုရားရုပ်ပွားတော်များကြွလာတတ်လို့ အလွန်မင်္ဂလာရှိတဲ့နှစ်ပါ။

ဦးခေါင်းမကောင်းသူတွေကို ဆေးလှူပါ။ ငွေလှူပါ။ ကျန်းမာရေးလိုအပ်ရင် ဘုရားရုပ်ပွားတော်ရဲ့ရင်ဘတ်တော်တွေကို ရွှေပြားသင်္ကန်းကပ်လှူပါ။ ရတနသုတ်တော်ကို အဓိဋ္ဌာန်နဲ့ရွတ်ပါ။ လမ်းများများလျှောက်ပါ။ ခဏခဏ ဗိုက်မကောင်းဖြစ်တတ်ပါတယ်။ အကောင်းသားနေရင်းကနေ ထထဖြစ်တတ်ပါတယ်။ ဖြစ်ရင် တစ်ခုပြီးတစ်ခု ဖြစ်တတ်ပါတယ်။

ပညာရေးကံကတော့ ဆက်တိုက် ကြိုးစားရပါလိမ့်မယ်။ သူငယ်ချင်းတွေနဲ့ သွားချင်လာချင်စိတ်လျှော့ပါ။ အိပ်ရေးပျက်ပြီး ခေါင်းမကောင်းတဲ့ထိဖြစ်လာအောင် ဂိမ်းတွေမဆော့ပါနဲ့။

ချစ်တတ်သူတွေကတော့ အပြိုင်ပေါ်လာတတ်ပါတယ်။ ဒါပေမယ့် ကိုယ့်စေတနာအတိုင်း ကိုယ်သာလျှင်ပိုင်ဆိုင်ဖြစ်သွားပါလိမ့်မယ်။

ဦးခေါင်းမကောင်းသူတွေနဲ့ကြုံတိုင်း ငွေ၊ အာဟာရ လှူပါ။

အိမ်ထောင်ရေးကိုတော့ အကြံပြုချင်ပါတယ်။ အိမ်ထောင်ပျက်တဲ့သူ၊ အမုဆိုးဖြစ်တဲ့သူ၊ သူစိမ်းများလာခဲ့ရင် ညအိပ်လက်ခံလို့ မဖြစ်ပါဘူး။ ကိုယ့်အိမ်ထောင်ရေးမှာ နောက်ဆက်တွဲပြဿနာတွေ ဆက်တိုက် မမျှော်လင့်ဘဲ ပေါ်လာပါလိမ့်မယ်။ အများကြီးစဉ်းစားပါ။

လုပ်ငန်းစတင်ချင်ရင် ဗုဒ္ဓဟူးနေ့ မနက် (၇) နာရီမှာ စတင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိ- ဗုဒ္ဓဟူးနာမည်ထီဆိုင်တွေမှာ ထိုးပါ။ ၄၊ ၈၊ ၆၊ ၇ ဂဏန်းတွေနဲ့ ကံစပ်နေပါတယ်။

အကြောင်းကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကို သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရဲ့ရှေ့မှာ ရေ ဒါမှမဟုတ် ရွှေရင်အေး ဒါမှ မဟုတ် ရွက်လှပန်းတွေနဲ့ ကပ်လှူပူဇော်ပြီးမှ လိုရာကိုသွားပါ။

အိမ်စဆောက်မယ်ဆိုရင် အိမ်ထဲကို ထည့်မဆုံးဖြစ်ပြီး မှန်း ထားတာထက် နှစ်ဆပိုကုန်သွားတတ်ပါတယ်။ ဒါကြောင့် အိမ် ဆောက်မယ်ဆိုရင် နံသင့်အကျိုးပေးသူတစ်ဦးဦး ကြားခံပြီး ပြု လုပ်ပါ။

ကိုယ့်နာမည်ဟာ ကြာသပတေးစပြီး တနင်္ဂနွေပိတ်မှည့်ထား တဲ့ မြအိ၊ မြင့်အံ၊ ဖြိုးအိမ်လို နာမည်တွဲမျိုးဖြစ်နေပြီဆိုရင်တော့ လောင်းကစားရှောင်ပါ။ သူများပြဿနာကို လိုက်လိုက်ရှင်းတာ၊ အာမခံတာ ရှောင်ပါ။ ရန်မဖြစ်ပါနဲ့။ လောဘမကြီးပါနဲ့။ အပေါင်း အသင်းမများပါစေနဲ့။ အမြင့်တွေမတက်ပါနဲ့။ ကားမောင်းမကြမ်း ပါနဲ့။

## ကြာသပတေးသားသမီးများ-

အသက် ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇၊ ၈၅၊ ၉၃ ဆိုတဲ့နှစ်တွေမှာဆိုရင်-

ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အောင်မြင်လိုတဲ့ ဘယ် ကိစ္စကိုပဲဖြစ်ဖြစ် တနင်္လာနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။





အောင်မြင်ပါလိမ့်မယ်။ ဒါပေမယ့် တနင်္လာစ၊ စနေပိတ်မှည့်ထား တဲ့ ကျော်ထန်၊ ခိုင်နှင်း၊ ကြည်ထူး ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေပြီ ဆိုရင်တော့ မတိုင်ပင်ပါနဲ့တော့။

အင်္ဂါကလည်း အကျိုးပေးပါတယ်။ မိတ်ဟောင်းဆွေဟောင်း တွေထဲကဆိုရင် ပိုပြီး အကျိုးပေးပါလိမ့်မယ်။

သောကြာက အကျိုးပေးတာမှန်ပေမယ့် ခုတွေ့လိုက်၊ တော် ကြာ မတွေ့လိုက်ဖြစ်နေတတ်လို့ အဖျားရှူးရှူးသွားသလိုမျိုး ကြုံ တတ်ပါတယ်။

ကျန်တဲ့နာမည်ရှင်တွေက ခင်စရာကောင်းကြပါရဲ့။ ဒါပေ မယ့် အကူအညီတောင်းလို့မရတာရယ်၊ စီးပွားအကျိုးတူလုပ်လို့ မရတာရယ်တွေကို သတိထားရပါလိမ့်မယ်။

၈ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ဒီနှစ်ထဲမှာ ရွှေနဲ့ပတ်သက်တဲ့ ရွှေတူး တာတို့၊ ရွှေဆိုင်စဖွင့်တာတို့ဆိုရင် အကျိုးပေးသူတွေနဲ့ တစ်ဆင့် ပြုလုပ်ပါ။ အိမ်ဆောက်မယ်ဆိုရင်လည်း အကျိုးပေးသူတွေနဲ့ ကြားခံပြီး ဆောက်ပါ။ ဒီလိုမှ ကြားခံထားပြီးမဆောက်ရင် အိမ် လည်းပြီးရော ကြွေးပတ်လည်ဝိုင်းပြီး ဖြစ်သွားတတ်ပါတယ်။

ဒီနှစ်မှာမှစပြီး အိမ်ဆောက်ပစ္စည်း စတည်ထောင်မယ်ဆိုရင် လည်း လုပ်ငန်းကို အကျိုးပေးသူနဲ့ ဦးဆောင်ပြုလုပ်ပါ။

အထည်လုပ်ငန်းနဲ့ပတ်သက်ပြီး သူများတွေလာပြောတတ်ပါ တယ်။ စဉ်းစားပါ။ မကျွမ်းကျင်တာ မလုပ်ပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com



*တစ်နှစ်လုံးအတွက်ကတော့ မနက်မိုးလင်း မျက်နှာသစ်ပြီး*တာနဲ့ ဘုရားရှင်ကို တနင်္လာနံ့ ဆွမ်းတွေနဲ့ ကပ်လှူပါ။ ပြီးရင် ဂုဏ်တော်ပုတီးကို အမိဋ္ဌာန်နဲ့စိပ်ပါ။ မင်္ဂလာရှိအောင်နေပါ။ အမင်္ဂလာစကားတွေ၊ ဗန်းစကားတွေ မပြောပါနဲ့။ ကျက်သရေမရှိအောင် မဝတ်ပါနဲ့။ အတိုက်အခံများရင် ဦးခေါင်းမကောင်းသော ဝေဒနာသည်တွေကို ခဏခဏ အစာ၊ အာဟာရ၊ ငွေ လှူပေးပါ။ မနက်စောစော အရုဏ်ဆွမ်းခံကြွလာတဲ့ သံဃာတော်အရှင်သူမြတ်တွေကို အရုဏ်ဆွမ်း ခဏခဏလောင်းလှူပါ။

ကျန်းမာရေးလိုအပ်ရင် အသက်အရွယ်အတော်လေးကြီးရင့်တဲ့သူတွေကို ဆေး၊ ငွေ၊ အာဟာရ အမြဲလိုလိုလှူပါ။ အာနာပါနရှုမှတ်ခြင်းကို နေ့စဉ် နာရီဝက်၊ တစ်နာရီ ရအောင် ရှုမှတ်ပါ။ လမ်းများများလျှောက်ပါ။ အိပ်ရေးဝအောင်အိပ်ပါ။ လေအောင့်တတ်သူတွေ ရောဂါဟောင်းပြန်ပေါ်ပေမယ့် ကြောက်စရာမရှိပါ။

ပညာရေးကံတွေ ကောင်းတဲ့နှစ်ပါ။ အိပ်ရေးပျက်ပြီး အာရုံကြောထိခိုက်တဲ့အထိ မလုပ်ပါနဲ့။ အောင်မြင်ပြီးသားပါ။

ချစ်တတ်သူတွေကတော့ မျက်နှာပွင့်တဲ့နှစ်ပါ။ ကံတွေပွင့်နေပေမယ့် စကားကြောင့် ခဏခဏမှားတတ်ပါတယ်။ ဆင်ခြင်ပါ။

အိမ်ထောင်သည်တွေဆိုရင် သားချင်းဆွေမျိုးကို ပေးရကမ်းရတဲ့ကိစ္စနဲ့ပတ်သက်ပြီး စကားခပ်ကြမ်းကြမ်းတွေပြော၊ ဒေါသမကြာခဏထွက်ဖြစ်တတ်လို့ ရှောင်ပါ။ ဘုရားဆောင်မှာ အင်း





နိုင်ငံခြားခရီးတွေ အဆင်ပြေသွားပါပြီ။ အောင်မြင်ပါပြီ။

လုပ်ငန်းစတင်ချင်ရင် ဗုဒ္ဓဟူးနေ့ မနက် (၇) နာရီမှာ စတင်ပါ။

ထီ- တနင်္လာနံ့ထိဆိုင်တွေနဲ့ ၂၊ ၉၊ ၃၊ ၄၊ ၇ ဂဏန်းတွေ ကံစပ်နေပါတယ်။

ဒီနှစ်တွေကတော့ ကံပွင့်လာတာနဲ့အမျှ မျက်နှာပါပွင့်လာတတ်တဲ့နှစ်တွေပါ။ ဒါကြောင့် စီးပွားရေးနဲ့ လူမှုရေး မရောမိပါစေနဲ့။ အောင်မြင်မှုနဲ့ လူမှုရေး သွားပြီးအစားမထိုးမိပါစေနဲ့။ ကိုယ်ကြိုးစားရမယ့်လုပ်ငန်းကို ကြိုးစားဖို့ လိုပါတယ်။ မလိုလားအပ်တဲ့ကိစ္စတွေကြောင့် အလုပ်ထိခိုက်သွားတာတွေ မဖြစ်ပါစေနဲ့။

## ကြာသပတေးသားသမီးများ-

အသက် ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉၊ ၆၇၊ ၇၅၊ ၈၃၊ ၉၁၊ ၉၉ ဆိုတဲ့နှစ်တွေမှာ ရောက်နေပြီဆိုရင်-

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် ကြာသပတေးနာမည်ရင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ကြာသပတေး၊ အင်္ဂါပိတ်မှည့်ထားတဲ့ မျိုးဇာ၊ မှုံဆွေ၊ မြင်စီ ဆိုတဲ့ နာမည်တွဲမျိုး ဖြစ်နေရင်တော့ မတိုင်ပင်ပါနဲ့တော့။ တနင်္ဂနွေလည်း အကျိုးပေးပါတယ်။

တနင်္လာက အကျိုးပေးပေမယ့် ခဏခဏ အဖျားရှူးသွားတတ်လို့ သတိတော့ထားပါ။

ကျန်တဲ့နာမည်ရှင်တွေက ခင်ဖို့ကောင်းပေမယ့် စီးပွားရေး



www.burmeseclassic.com

www.burmeseclassic.com



ကျတော့ အကျိုးမပေးတော့ပါဘူး။

၆ ဂဏန်း အကျိုးမပေးပါဘူး။

ရှောင်ဖို့တွေကတော့ ဒီနှစ်ထဲမှာ နိုင်ငံခြားခရီးသွားမယ်ဆိုရင် စဉ်းစားပါ။ နိုင်ငံခြားသားနဲ့ အကျိုးတူပြုလုပ်မယ်ဆိုရင် စဉ်းစားပါ။ အထည်လုပ်ငန်းတွေလုပ်တော့မယ်ဆိုရင် စဉ်းစားပါ။ အထူးသဖြင့် စနေနာမည်ရှင်အွေကြောင့် စိတ်ညစ်ရတတ်လို့ စနေနဲ့လုပ်ငန်းတူလုပ်မယ်ဆိုရင် လုံးဝ ရှောင်ပါ။ ကိုယ်လုပ်တဲ့လုပ်ငန်းကြီးတွေမှာ အဓိကတာဝန်ခံနေရာမှာ ဒီနှစ် စနေကို လူယုံထားတော့မယ်ဆိုရင် စဉ်းစားပါ။

ခရီးသွားလုပ်ငန်းတွေ စတင်မယ်ဆိုရင် စဉ်းစားပါ။ အရာမရောက်ဖြစ်နေတတ်ပါတယ်။

တစ်နှစ်လုံးကတော့ မိုးလင်းမျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို ကြာသပတေးနံ့ဆွမ်းများနဲ့ ကပ်လှူပူဇော်ပါ။ ပေါက်ပေါက်၊ မုန့်လုံးရေပေါ် ပူဇော်ပါ။ မကြာမကြာ ပန်းပေါင်းစုံ (၅) မျိုးနဲ့ ပူဇော်ပါ။ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို နေ့စဉ် ရွတ်ပါ။ မေတ္တသုတ်များများရွတ်ပြီး မေတ္တာဘာဝနာ ပွားများပါ။ ဖြစ်နိုင်ရင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးများ၏ဩဝါဒနဲ့ မေတ္တာကို ခံယူပြီး အကျွတ်အလွတ်ပွဲများ ဦးစီးကျင်းပပေးပါ။ မမြင်ရတဲ့ပုဂ္ဂိုလ်များကို မေတ္တာများများပို့ပြီး အမျှဝေခြင်းကို မပျက်မကွက်ပြုလုပ်ပါ။

ကျန်းမာရေးအရ လိုအပ်ရင် ပရိမိတ္တဇာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ မဟာသမယသုတ်တော်တို့ကို အဓိဋ္ဌာန်နဲ့ နေ့စဉ်ရွတ်ပါ။ အာနာပါနကို နေ့စဉ် နာရီဝက်၊ တစ်နာရီရအောင် ရှုမှတ်ပါ။ လမ်းများများလျှောက်ပေးပါ။ ဆေးခဏခဏလှူပါ။

လေထိုး၊ လေနာ၊ လက်ထုံ ခဏခဏဖြစ်တတ်လို့ လွန်ကဲအောင် အအေးမခံပါနဲ့။ လေးဖက်နာရှိတဲ့လူတွေဆိုရင် အစားအသောက်ရှောင်ပါ။

အတိုက်အခံများရင် ၂၄ ပစ္စည်းကို အနုလုံပဋိလုံရွတ်ပါ။ ရင်ပြင်တော်တံမြက်စည်းလှည်းပါ။

ပညာရေးကံတွေ ဆုတ်တိုက်ကောင်းနေပါတယ်။ လွန်လွန်ကျူးကျူးကစားရင်း အထိအခိုက်ဖြစ်တတ်လို့ ဆင်ခြင်ရပါလိမ့်မယ်။

ချစ်တတ်သူတွေကတော့ ချစ်သူဝိုင်းဝိုင်းလည်ပြီး မျက်နှာပွင့်တတ်လို့ သစ္စာစောင့်ထိန်းဖို့တော့ လိုပါတယ်။

အိမ်ထောင်ရေးမှာ အကြောင်းမရှိဘဲ ဟိုသွားချင်ဒီသွားချင်ဖြစ်တာမျိုး၊ ရပ်ဝေးကခွေမျိုးတွေဆီ ခဏခဏသွားလည်ချင်တာမျိုးဖြစ်တတ်လို့ လူမသိသူမသိ မကျေလည်မှုတွေ ဖြစ်နေတတ်ပါတယ်။

အကြောင်းကိစ္စရှိတိုင်း တန်ခိုးကြီးဘုရားတစ်ဆူဆူကို အရင်သွားပါ။ ရပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၅) တိုင်ထွန်းပြီး ပူဇော်ပါ။ ပြီးမှသွားပါ။

လုပ်ငန်းစတင်ချင်ရင် ကြာသပတေးနေ့ မနက် (၉) နာရီမှာ





ပညာရွှေတောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



စတင်ပါ။

ဘယ်လိုကျောက်မျိုးမှ ဝင်လို့မရပါဘူး။ ဝင်လာတာနဲ့ လုပ်ငန်းတွေ ထိခိုက်တတ်ပါတယ်။

ဒီနှစ်ထဲမှာ အိမ်ဆောက်လို့ရပါတယ်။ အိမ်နဲ့ပတ်သက်တဲ့ လုပ်ငန်းတွေ လုပ်လို့ရပါတယ်။ အိမ်ခန်းလျှောက်ထားတဲ့ဝန်ထမ်းတွေဆိုရင် အိမ်ခန်းရပါပြီ။

ထီဝါသနာပါရင် ကြာသပတေးနံထီဆိုင်တွေမှာ ထိုးပါ။ ၅၊ ၃၊ ၁ ဂဏန်းတွေနဲ့ ကံစပ်ပါတယ်။

ကိုယ့်နာမည်ဟာ ကြာသပတေးစပြီး အင်္ဂါပိတ်မှည့်ထားတဲ့ မျိုးညို၊ မြတ်ဆက် ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေပြီဆိုရင် လူမျိုးကွဲတွေနဲ့ စီးပွားလုံးဝမလုပ်ပါနဲ့။ ကိုယ့်လုပ်ငန်းထဲမှာ ဝန်ထမ်းတွေကြောင့် စိတ်ညစ်ရတတ်ပါတယ်။ ကိုယ်တိုင်လည်း လောင်းကစားရှောင်ပါ။ ရန်ဖြစ်တတ်သူတွေနဲ့ သွားအတူလာအတူ မလုပ်ပါနဲ့။

❋



# သောကြာသားသမီးများ

**သောကြာသားသမီးများ-**

အသက် ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄၊ ၈၂၊ ၉၀ ဆိုတဲ့နှစ်တွေ ရောက်နေပြီဆိုရင်-

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် ဗုဒ္ဓဟူးနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် ဗုဒ္ဓဟူးစ၊ သောကြာပိတ်မှည့်ထားတဲ့ လင်းဟိန်၊ ရင်သူ၊ ရန်သစ် ဆိုတဲ့ နာမည်တွဲမျိုး ဖြစ်နေရင်တော့ မတိုင်ပင်ပါနဲ့။

တနင်္လာ အကျိုးပေးပါတယ်။ ထူးထူးခြားခြား အကျိုးပေးပါလိမ့်မယ်။

ကြာသပတေးနာမည်ရှင်တွေကတော့ အကျိုးပေးပါရဲ့။ ဒါပေမယ့် သူကိုယ်တိုင် မနားမနေ လုပ်ကိုင်နေရသူမို့ ကိုယ်ကော စိတ်ရှည်ပေးရပါလိမ့်မယ်။

ကျန်တဲ့သူတွေကတော့ ခင်လို့ကောင်းပါတယ်။ ဒါပေမဲ့ စီးပွားစပ်တူဆိုရင်တော့ မစဉ်းစားပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com



၃ ဂဏန်း လုံး၀ အကျိုးမပေးပါဘူး။

ရှောင်ဖို့တွေကတော့ စက်ပစ္စည်းဟောင်းတွေ ဝင်လို့မရပါဘူး။ သူများခဏလာအပ်တဲ့ စက်ပစ္စည်းဟောင်းတွေဆိုရင်လည်း လုံး၀ မဝင်ရပါဘူး။ အစုတ်တွေရှိရင်တောင် ထုတ်ပစ်ရပါလိမ့်မယ်။ ဆေးမှု၊ ဆေးပြဿနာတွေကြောင့် အမှုအခင်းဖြစ်နေသူကို အာမခံမယ်၊ ညအိပ်လက်ခံမယ်ဆိုရင် စဉ်းစားပါ။ ဒီနှစ်ထဲမှာ အိမ်ပိုင် မြေပိုင် အမွေကိစ္စတွေ စလုပ်တော့မယ်ဆိုရင် စဉ်းစားပါ။

တစ်နှစ်လုံးကတော့ မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သောက်တော်ရေကပ်လှူပါ။ ယပ်တော်သွင်းပူဇော်ပါ။ 'သုဂတော သုဂတဥာဏ်' အစချီတဲ့ ဂါထာတော်ကို အခိဋ္ဌာန်ပုတီးစိပ်ပါ။ ဝစကြာဂါထာတော်ကို သက်စေ့ အမြဲတမ်းရွတ်ပါ။ ပြီးရင် စာကလေးတွေကို ဆန်ပက်ကျွေးပါ။

အတိုက်အခံများရင် သမ္ဗုဒ္ဓေဂါထာ၊ ဒါမှမဟုတ် ဝစကြာဂါထာကို ပုတီးတစ်ပတ်ရအောင်စိပ်ပါ။

နီးရာဘုရားစေတီကို မကြာမကြာသွားပြီး ရင်ပြင်တော်ဘာမြက်ခြည်းလှည်းပါ။ အမှိုက်ကောက်ပါ။

စိတ်ကျန်းမာရေးညံ့သူတွေကို အာဟာရ၊ ငွေ လှူဒါန်းပါ။

ကျန်းမာရေးလိုအပ်ရင် ပရိမိတ္တဇာလသုတ်တော်ကို အခိဋ္ဌာန်ဝင်ပြီး ရွတ်ပါ။ ဒီလိုမှမဟုတ်ရင် ဖုဿသဂါထာတော်ကို အခိဋ္ဌာန်ပုတီးစိပ်ပါ။ ဆေးများများလှူပါ။ ကျန်းမာရေးညံ့လွန်းရင် ရွက်လှညွန့်တွေကို အိုးတစ်လုံးသတ်သတ်နဲ့ ရေထည့်ထိုးပြီး ဘုရားပူဇော်





ပါ။ မညှိုးပါစေနဲ့။

ပညာရေးကံ ဆက်တိုက်ကောင်းနေပါတယ်။ ထိထိရောက်ရောက် ကြိုးစားလေ၊ အောင်မြင်လေပါပဲ။ ကိုယ်ကတောင် သူများကို ပညာရေးနဲ့ပတ်သက်တဲ့ အကြံဉာဏ်ကောင်းတွေ ပေးရပါလိမ့်မယ် စာသင်သံဃာတော်အရှင်သူမြတ်များကို ဝတ္ထုငွေ၊ ပညာနဲ့ပတ်သက်တဲ့ကျမ်းစာအုပ် ဝယ်ကပ်တော့ပါ။ ခဏခဏကပ်တော့ပါ။

ချစ်တတ်သူတွေကတော့ အစစအဆင်ပြေပါတယ်။ တစ်ယောက်နဲ့တစ်ယောက် စက်ပစ္စည်းအဟောင်းသာ လက်ဆောင်မပေးမိပါစေနဲ့။

အိမ်ထောင်ရှင်တွေ အစစအဆင်ပြေပါတယ်။ တခြားကသူစိမ်းအပူသည်ရဲ့စကားတွေကြောင့် အိမ်တွင်းရေးမှာ နည်းနည်းထိခိုက်တတ်ပါတယ်။ သူများစကားမယုံပါနဲ့။

လုပ်ငန်းခွင်မှာ ရာထူးတိုးတက် ပြောင်းလဲဖို့တွေ ရှိနေပါတယ်။ ကြီးမားတဲ့တာဝန်တွေ ထမ်းဆောင်ရပါလိမ့်မယ်။ အောင်မြင်ပါလိမ့်မယ်။

နိုင်ငံခြားခရီးသွားချင်ရင် ကံစပ်သူတွေနဲ့ တိုင်ပင်ပြုလုပ်ပါ။

အကြောင်းကိစ္စရှိရင် တန်ခိုးကြီးဘုရားတစ်ဆူဆူရဲ့ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ရွက်လှတွေ ဝေနေအောင် ပူဇော်ပြီးမှ လိုရာသွားပါ။ လုပ်ငန်းစတင်ချင်ရင် သောကြာနေ့ မနက် (၉) နာရီမှ စတင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိ– ဗုဒ္ဓဟူး၊ တနင်္လာနံ့ထိဆိုင်တွေနဲ့ ၄၊ ၈၊ ၅၊ ၂၊ ၉ ဂဏန်းတွေ ကံစပ်နေပါတယ်။

ဒီနှစ်မှာ အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကြီးတွေကို ဖြစ်မြောက် အောင်မြင်အောင် ပူဇော်ပါ။ ပူဇော်ပွဲကြီးတွေနဲ့ ကြုံရင်လည်း လှူပါ။ မိဘမဲ့ကလေးလေးတွေကို ငွေ၊ အာဟာရ ခဏခဏလှူပေးပါ။ အပျော်အပါး လောင်းကစားကိစ္စတွေ ရှောင်ထားပါ။

ကိုယ့်နာမည်ဟာ သောကြာစပြီး ဗုဒ္ဓဟူးပိတ်မည့်တဲ့ သာဝေ၊ သင်းရှိန်၊ ဟန်ရင် ဆိုတဲ့ နာမည်တွဲဖြစ်နေရင် အိမ်ထောင်ဖက်အပေါ်မှာ သစ္စာရှိဖို့ လိုပါတယ်။ လုပ်ငန်းတိုးချဲ့ချင်ရင် စက်ဟောင်းတွေ အရင်ဖယ်ပစ်ပါ။ လောင်းကစားတွေရှောင်ပါ။

**သောကြာသားသမီးများ–**

အသက် ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉၊ ၆၇၊ ၇၅၊ ၈၃၊ ၉၁ ဆိုတဲ့နှစ်တွေ ရောက်နေရင်–

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် စနေနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် စနေစ၊ တနင်္လာပိတ်မှည့်ထားတဲ့ ထွန်းအ၊ နိုင်ချို၊ ထက်ကို ဆိုတဲ့ နာမည်တွဲမျိုးဆိုရင်တော့ မတိုင်ပင်ပါနဲ့တော့။

တနင်္ဂနွေက အကျိုးပေးတယ်ဆိုပေမယ့် အလုပ်တွေများပြားလွန်းပြီး မအားမနေဖြစ်နေရတဲ့သူမျိုး ဖြစ်နေတတ်လို့ သူနဲ့တိုင်ပင်





မယ်ဆိုရင်တော့ စိတ်ရှုပ်ရပါလိမ့်မယ်။ တစ်ခါတစ်ခါ ဘဝင်မကျတာလေးတွေ ကြုံတတ်ပါတယ်။

ဗုဒ္ဓဟူးကတော့ ခဲခဲယဉ်းယဉ်း ခက်ခက်ခဲခဲနဲ့ပဲ အကြံကောင်းတွေ ပေးနိုင်ပါလိမ့်မယ်။

ကျန်တဲ့နာမည်ရှင်တွေနဲ့ ကံစပ်လို့ ခင်စရာကောင်းပေမယ့် အကူအညီတောင်းရင်သာ မရတာပါ။

၅ ဂဏန်း အကျိုးမပေးပါဘူး။

ရှောင်ဖို့တွေကတော့ မြေဝယ်၊ မြေရောင်းကို ဒီနှစ်မှစပြီး ပြုလုပ်မယ်ဆို ရှောင်ပါ။ အရှုပ်အရှင်းအတော်လေးဖြစ်ရတာတွေ၊ ဆုံးရှုံးရတာတွေ ဖြစ်တတ်ပါတယ်။ ငွေတွေဆုံးတာ အဖတ်တင်ပြီး ပိုင်ရှင်ဟောင်းတွေကြားမှာ ဘာလုပ်ရမှန်းမသိ ဖြစ်သွားတတ်ပါတယ်။ မြေမဝယ်သင့်ပါဘူး။ ကြာသပတေးနံ့စီးပွားရေးလုပ်ငန်းတွေ သတိထားရပါလိမ့်မယ်။ ဒါပေမယ့် ဟိုးအရင်ကတည်းက ပန်းရောင်းတဲ့သူဟာ ဒီနှစ်မှာ ရပ်ပစ်ရမယ် မဆိုလိုပါဘူး။ စတင်ပြုလုပ်မယ့် ကြာသပတေးနံ့ကိုသာ ဆိုလိုတာပါ။ သစ်လုပ်ငန်းကို ဒီနှစ်ထဲကျမှ စပြီးလုပ်မယ်ဆိုလည်း စဉ်းစားပါ။ အထစ်အငေါ့ အခက်အခဲတွေ အများကြီးကြုံတတ်ပါတယ်။ ခရီးသွားလုပ်ငန်းမျိုး ဒီနှစ်ထဲ စထောင်မယ်ဆိုလည်း စဉ်းစားပါ။ အနုပညာနဲ့ဆက်နွယ်နေရင်လည်း အချိန်တွေ အများကြီးယူပါဦး။

အိမ်ထောင်ကွဲလာတဲ့ ရပ်ဝေးက သားချင်းဆွေမျိုးတစ်ဦးဦး ညအိပ်လာမယ်ဆိုရင်လည်း စဉ်းစားပါ။ မိသားစုနဲ့တိုင်ပင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်လုံးအတွက်ကတော့ မိုးလင်းမျက်နှာသစ်ပြီးတိုင်း ပွင့်တော်မူပြီးကြကုန်သော ဘုရားရှင် (၇) ဆူကို ရည်မှန်း ကန်တော့ပါ။ ဆွမ်းတော်ကပ်ချင်ရင် စနေနံတွေနဲ့ ဆွမ်းတော်ကပ်ပါ။ ဒိဝါတပတိဂါထာကို အမိဋ္ဌာန်မပျက် ပုတီးစိပ်ပါ။ ပြီးရင် ငှက်စာကျွေးပါ။

အချိန်ရရင် အာနာပါနဗုဒ္ဓနုဿတိဘာဝနာကို နေ့စဉ် တစ်နာရီ ဒါမှမဟုတ် နာရီဝက် စီးဖြန်းပါ။ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များကို မေတ္တာအထူးပို့ပါ။

ကျန်းမာရေးလိုအပ်ရင် ခါရဏာပရိတ်ကို အမိဋ္ဌာန်နဲ့ရွတ်ပါ။ နမော (၅) ချက်ဂါထာ၊ နမောပြန်ဂါထာတွေကို ပုတီးစိပ်ပါ။ အာနာပါနကို နေ့စဉ် နာရီဝက်၊ တစ်နာရီ ရှုမှတ်ပါ။ ခဏခဏ အိပ်ရာပြောင်းအိပ်ပေးပါ။ ခဏခဏ ဘုရားသွားဖူးပါ။ ခဏခဏ ဆေးလှူပါ။ ခဏခဏ သူများအသက်တွေကို ဘေးမဲ့လွှတ်ပေးပါ။

လေထိုးလေအောင့်တတ်လို့ အဆာမခံပါနဲ့။ ဦးခေါင်းလေရိုက်သလိုမျိုး မူးတတ်ပါတယ်။ တောင်စဉ်ရေမရတွေးပြီး အိပ်မပျော်ဖြစ်တတ်ပါတယ်။ အိပ်ရေးဝအောင်အိပ်ပါ။ ဇာတာရှင်မိန်းကလေးဖြစ်နေရင် မိန်းကလေးသဘာဝကျန်းမာရေးကို ဂရုစိုက်ပါ။ ဘယ်သူပဲဖြစ်ဖြစ် ရင်ထဲ၊ ဝမ်းထဲ ပူသွားအောင် အပူအစပ်တွေ လွန်ကဲအောင် မစားပါနဲ့။

အတိုက်အခံများရင် ထိန်သားပုတီးနဲ့ နမော (၅) ချက်ဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။ စိတ်ဝေဒနာရှင်ကို အာဟာရ၊ ငွေ များ





များလှူပေးပါ။

ပညာရေးကံတွေ ကောင်းပါတယ်။ ဒါပေမယ့် ခုကြိုးစားလိုက်၊ တော်ကြာ လျှော့ရဲရဲဖြစ်သွားလိုက်ဖြစ်တတ်လို့ စိတ်ခါတ်ခိုင်ခိုင်နဲ့ ကြိုးစားပါ။ ဘုရားစေတီတွေမှာ ညလုံးပေါက်လျှပ်စစ်မီးပူဇော်ပေးပါ။

ချစ်တတ်သူတွေကတော့ စကားပြောမမောက်မာဖို့ဘဲ လိုပါတယ်။ စကားပြောကြမ်းလို့ စိတ်ဝမ်းကွဲတတ်ပါတယ်။ ဆင်ခြင်ပါ။ တနင်္ဂနွေ၊ ဗုဒ္ဓဟူးပိတ်ဆိုင်မှာထိုင်ပြီး လမ်းခွဲစကားမပြောမိပါစေနဲ့။ ဥပမာ- အေးရိပ် (ထိုင်ပြီးစကားမများရင်တော့ ဘာမှမဖြစ်ပါဘူး။)

အကြောင်းကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၇) တိုင် ထွန်းညှိ ပူဇော်ပြီးမှ လိုရာသွားပါ။

လုပ်ငန်းစတင်ဖို့က တနင်္လာနေ့ မနက် (၇) နာရီမှာ စတင်ပါ။

ထီဆိုရင်တော့ စနေနံထီဆိုင်တွေနဲ့ ၇၊ ၁၊ ၂၊ ၉ ဂဏန်းတွေ ကံစပ်နေပါတယ်။

ဒီနှစ်မှာ ငွေကြေးနဲ့ပတ်သက်ပြီး ကံတော်တော်ကောင်းနေပါတယ်။ ဒါကြောင့် တန်ဖိုးမရှိတဲ့ တနင်္လာနံတွေ မဝင်ပါစေနဲ့။ လောင်းကစားလည်း မလုပ်ပါနဲ့။ ချက်ချင်း ပြန်ကုန်သွားတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ရရင်ရသလို ခေတ်ကြီး (၄) ပါးဆွမ်းတော် ကပ်လှူပါ။

အချိန်ရရင် တစ်နေ့တည်း ဘုရား (၇) ဆူပြည့်အောင်သွားပြီး ဘုရားတိုင်းမှာ ထီးဖြူ၊ တံခွန်နဲ့ ဖယောင်းတိုင် (၇) တိုင် ထွန်းညှိပူဇော်တာတွေ ခဏခဏပြုလုပ်ပါ။ မင်္ဂလာမရှိတဲ့စကား၊ ကျက်သရေမရှိတဲ့စကားတွေ မပြောမိအောင် နေပါ။

**သောကြာသားသမီးများ-**

အသက် ၂၀၊ ၂၁၊ ၂၈၊ ၂၉၊ ၃၆၊ ၃၇၊ ၄၄၊ ၄၅၊ ၅၂၊ ၅၃၊ ၆၀၊ ၆၁၊ ၆၈၊ ၆၉၊ ၇၆၊ ၇၇၊ ၈၄၊ ၈၅၊ ၉၂၊ ၉၃ ဆိုတဲ့နှစ်တွေကို ရောက်နေပြီဆိုရင်-

စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ဘယ်လိုကိစ္စမျိုးကိုပဲ ဖြစ်ဖြစ် စနေနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ အောင်မြင်ပါလိမ့်မယ်။ ဒါပေမယ့် စနေစ၊ ကြာသပတေးပိတ်မှည့်ထားတဲ့ ထွန်းဖြိုး၊ ထက်မှူ၊ နှင်းပြုံး၊ တင်ဘ ဆိုတဲ့ နာမည်တွဲမျိုး ဖြစ်နေရင်တော့ မတိုင်ပင်ပါနဲ့တော့။

အင်္ဂါနာမည်ရှင်တွေလည်း အကျိုးပေးပါတယ်။

ဗုဒ္ဓဟူးနာမည်ရှင်တွေကတော့ ခုကောင်းလိုက်၊ တော်ကြာမကောင်းလိုက်လို ဖြစ်နေတတ်လို့ စိတ်ရှည်ရပါလိမ့်မယ်။ အမှန်က သူ့ခမျာလည်း သူ့အလုပ်နဲ့သူ မအားတာတွေ များနေလို့ပါ။ စိတ်ရှည်ပါ။





ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်လို့ကောင်းပါတယ်။ ခင်ဖို့လည်း ကောင်းပါတယ်။ ဒါပေမယ့် စီးပွားစပ်တူလုပ်မယ်ဆိုရင် လုံးဝ အကျိုးမပေးပါဘူး။

၁ ဂဏန်း အကျိုးမပေးပါဘူး။

ရှောင်ဖို့တွေကတော့ အရေးကြီးတာ သူများကိစ္စ ကိုယ့်တာဝန် မဖြစ်ဖို့ပါဘဲ။ ကြားညပ်မသွားဖို့ အရေးကြီးပါတယ်။ ဒါကြောင့်မို့ ငွေကြေးနဲ့ပဲဖြစ်ဖြစ်၊ တခြားအကြောင်းနဲ့ပဲဖြစ်ဖြစ် ဘယ်လိုမှ အာမခံပေးလို့မရပါဘူး။ ကံသဘာဝအတိုင်း အာမခံပြီဆိုတာနဲ့ မြားဦးဟာ ကိုယ့်ဘက်လှည့်လာနိုင်ပါတယ်။ အများကြီးသတိထားပါ။ ရန်စရှိတဲ့သူ၊ ရန်လိုတဲ့သူ၊ ရန်များတဲ့သူတွေနဲ့တောင် လမ်းအတူလျှောက်တာ၊ သွားတာ၊ အတူထိုင်စားတာ မလုပ်ပါနဲ့။

ဒီနှစ်ထဲမှာ ငွေကို တစ်ဖက်ကယူ၊ တစ်ဖက်ကိုပြန်ပေးလုပ်တဲ့အလုပ်မျိုးတွေ အထူးသတိထားပါ။ စိုက်ရတဲ့အထိ ဖြစ်တတ်ပါတယ်။ ကိုယ်က တစ်ဖက်ကို တစ်ဆင့်ပြောပေးရင်တောင် ကိုယ်စိုက်လျော်ရတတ်ပါတယ်။ ငွေကြေးကြားမညပ်အောင်ရှောင်ပါ။

ဘယ်လောက်ပဲခင်ခင်၊ ကိုယ့်လက်ထဲမှာ ငွေထုပ်ကြီးဘယ်လောက်ရှိရှိ သူများကလာပြောရင် အားနာနာနဲ့ ချေးလိုက်မိတာမျိုး လုံးဝမလုပ်ပါနဲ့။ ပြန်တောင်းရင် မလွယ်တော့ပါဘူး။ လာလည်း လာပါလိမ့်မယ်။ ချေးလည်းချေးပါလိမ့်မယ်။ သတိထားပါ။

တချို့ကလည်း အဲဒါကို စီးပွားရေးတစ်ခုလို လုပ်ခိုင်းပါလိမ့်မယ်။ မလုပ်ပါနဲ့။ ကိုယ်မကျွမ်းကျင်တဲ့အလုပ်မျိုးကိုလည်း ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ဒ္ဒသူတွေ ဘာပြောပြော မလုပ်ပါနဲ့။ စပ်တူရှယ်ယာမထည့်ပါနဲ့။ နား မလည်ဘဲ သွားလုပ်ရင် သူများစားဖို့ လုပ်ကျွေးနေရသလို ဖြစ်နေ တတ်ပါတယ်။

ပြီးရင် စကားပြောလည်းဆင်ခြင်ပါ။ ကိုယ်က အကောင်း ပြောပေမယ့် အကောင်းမမြင်တတ်တာမျိုးတွေနဲ့ချည်း ကြုံနေပါ လိမ့်မယ်။ ကိုယ့်ထက်ငယ်သူ၊ ကိုယ်လုပ်ကျွေးပြုစု စောင့်ရှောက် နေရတဲ့သူတွေကတောင် ကိုယ့်စကားဆိုရင် မလိုက်နာတော့တာ တွေ၊ ဆန့်ကျင်ဘက်ပြောတာတွေ ကြုံလာရပါလိမ့်မယ်။ အဲဒီမှာ မခံချင်တွေဖြစ်ပြီး စိတ်ဖိစီးမှုတွေ များများလာတတ်ပါတယ်။ များ လာတဲ့အခါ စကားပြောတွေ မှားလာတတ်ပါတယ်။ သက်ပြင်း တွေ ခဏခဏချဖြစ်လာပါလိမ့်မယ်။ အိမ်မှာကို မနေချင်လောက် အောင် ဖြစ်လာပါလိမ့်မယ်။ ဟိုသွားချင်ဒီသွားချင်တွေ ဖြစ်လာပါ လိမ့်မယ်။ ဒါဟာ ကောင်းတဲ့လက္ခဏာ မဟုတ်ပါဘူး။ အဲဒီစိတ် တွေကို ထိန်းချုပ်ရပါလိမ့်မယ်။

ဝန်ထမ်းဖြစ်နေရင်လည်း အလုပ်ကထွက်ချင်နေပါလိမ့်မယ်။ ကိုယ့်ကို ဖိစီးမှုတွေများနေတယ်ဆိုပြီး ခံစားနေရတတ်ပါတယ်။ ရာထူးမတက်နိုင်ဘဲ ဝန်ပိနေသလိုမျိုး ခံစားရတတ်လို့ အလုပ်ရှင် နဲ့တောင် မျက်နှာချင်းမဆိုင်ချင် ဖြစ်နေတတ်ပါတယ်။

ဒီအလုပ်ကနေ ဒီပြင်အလုပ်ပြောင်းချင်တာမျိုး ဖြစ်နေတတ် ပါတယ်။ အမှန်က ပြောင်းလည်း မထူးပါဘူး။

ဒါကြောင့် ကိုယ်လုပ်နေတဲ့အလုပ်ကိုပဲ အာရုံစူးစိုက်ပြီး ကြိုး





ကြိုးစားစား ပြုလုပ်သင့်ပါတယ်။ ကိုယ့်စိတ်ကိုကိုယ် **ချုံးနှိမ်ရ** မယ့်နှစ် ဖြစ်နေလို့ပါပဲ။ စိတ်ဖိစီးမှုများလာရင် အာနာပါန**ရှုမှတ်ပါ။** တစ်နေ့ကို နာရီဝက်၊ တစ်နာရီရအောင်ရှုမှတ်ပါ။ မေတ္တာများများ ပို့ပါ။

လုပ်ငန်းရှင်ဖြစ်နေရင်လည်း ကိုယ်လုပ်နေတဲ့လုပ်ငန်းကိုပဲ ဖွဲရှိရှိနဲ့ အောင်မြင်အောင် ကြိုးစားပါ။ ဒီပြင်အလုပ်တိုးချဲ့လို့မရ နိုင်ပါဘူး။ လောဘကြီးလေ၊ ထိလေ ဖြစ်တတ်တဲ့နှစ် ဖြစ်နေပါ တယ်။ ဒါတောင်မှ လုပ်ငန်းအောင်မြင်နေရင် အလုပ်သမားကြောင့် စိတ်ညစ်ရတာတွေ ဖြစ်လာတတ်ပါတယ်။ အလုပ်သမားမမြဲတတ် ပါဘူး။ ဒါကြောင့် မေတ္တာများများပွားပါ။ ကိုယ်ချင်းစာစိတ်များ များထားပါ။ ရတနာမြတ် (၃) ပါးရဲ့ဂုဏ်ကျေးဇူးတော်အောက် မှာပဲ နေပါ။

မကောင်းမှုမှန်သမျှ ရှောင်ပါ။ လောင်းကစားတွေ လုံးဝ မလုပ်ပါနဲ့။ ရန်လို၊ ရန်ဖြစ်ကိစ္စတွေ လုံးဝ ရှောင်ပါ။ အိမ်ထောင် ဖက်အပေါ် သစ္စာရှိပါ။ ကားမောင်းဆင်ခြင်ပါ။ ထွက်ချင်သွားချင် လာချင်စိတ်များနေတာတွေ၊ စိတ်နှစ်ခွဖြစ်နေတာတွေ၊ ဘာလုပ်ချင် မှန်းမသိဖြစ်နေတာတွေ ဆင်ခြင်ပါ။

တစ်နှစ်လုံးကတော့ မိုးလင်းမျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင် ကို မျက်နှာသစ်တော်ရေ၊ သစ်တော်ရေကပ်လှူပူဇော်ပါ။ ပြီးရင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို ရွတ်ပါ။ မေတ္တာသုတ်ရွတ်ပြီး မေတ္တာ ပွားပါ။ သာသနာစောင့်နတ်မင်းကြီးတွေ၊ သမ္မာဒေဝနတ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



နတ်မြတ်တွေကို မေတ္တာအထူးပို့ပေးပါ။ မမြင်ရ၊ မြင်ရပုဂ္ဂိုလ်တွေကို မေတ္တာအထူးပို့၊ အမျှဝေပါ။

အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကြီးတွေကို ကိုယ်တိုင်ပူဇော်နိုင်ရင် ပူဇော်ပွဲကြီးတွေနဲ့ ပူဇော်ပါ။ အခက်အခဲရှိမယ်ထင်ရင် အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကြီးတွေမှာ ကုသိုလ်ပြုပါ။

ဓမ္မစကြာဒေသနာတော်ကြီးကို အဓိဋ္ဌာန်နဲ့ ပူဇော်ပါ။

ကျန်းမာရေးလိုအပ်ရင် မဟာသမယသုတ်တော်ကြီးနဲ့ ပရိမိတ္တဇာလသုတ်၊ ဓမ္မစကြာသုတ်တော်တို့ကို အဓိဋ္ဌာန်နဲ့ရွတ်ပါ။ မဟာသမယသုတ်တော်ကြီးကို မကြာမကြာဖွင့်ပူဇော်ပါ။

အိမ်နဲ့နီးတဲ့ဘုရားကို ခြေကျင်လျှောက်သွားပါ။ ဘုရားမှာ တံမြက်စည်းလှည်း၊ အမှိုက်ကောက်ပါ။ ဘုရားဝတ်ပြုပါ။ အပြန်မှာ ဆေးလှူပါ။ သတ္တဝါလေးတွေရဲ့အသက်ကို ဘေးမဲ့လွှတ်ပေးပါ။

ပညာရေးကံတွေကောင်းပါတယ်။ အနှောင့်အယှက် အခက်အခဲတွေကြားကနေ အောင်မြင်သွားပါလိမ့်မယ်။ ကိုယ်တိုင် စိတ်လေတာကိုသာ လျှော့ပါ။ စားချိန်သွား၊ အိပ်ချိန်အိပ်ပါ။

နိုင်ငံခြားမှာ ပညာသင်ချင်သူတွေဆိုရင် နိုင်ငံခြားပညာတော်သင်ခရီးတွေတောင်ရှိပါတယ်။ မသင်ရဘူးသေးတဲ့ပညာတွေ သင်ရမှာပါ။ အောင်မြင်ပါလိမ့်မယ်။

ချစ်တတ်တဲ့သူတွေကတော့ မထင်မှတ်ဘဲ အားပြိုင်သလိုမျိုးလေးတွေ ကြုံတတ်ပါတယ်။ စိတ်နှစ်ခွဖြစ်လာတတ်ပါတယ်။





တစ်ယောက်နဲ့တစ်ယောက် အကောင်းပြောနေရင်းကနေ နှိမ်သလိုခံစားရတာတွေဘာတွေ ဖြစ်လာတတ်ပါတယ်။ ငှက်လေးတွေကို ခဏခဏအစာကျွေးပါ။

အိမ်ထောင်ရှင်တွေ စကားမများဖြစ်အောင်နေပါ။ တစ်ယောက်နဲ့တစ်ယောက် ဆတ်ဆတ်ထိမခံ ဖြစ်နေတတ်ပါတယ်။ တစ်ယောက်တစ်ခွန်း မကျေလည်မှုတွေကနေ အိမ်ရောင်း၊ ကားရောင်း၊ ဆိုင်ရောင်း၊ မြေရောင်းတွေထိ ဖြစ်လာတတ်ပါတယ်။

နိုင်ငံခြားခရီးက နှစ်ကြိမ်၊ သုံးကြိမ် ကြိုးစားပြီးမှ အဆင်ပြေမှာပါ။

လုပ်ငန်းစတင်ချင်ရင် ကြာသပတေးနေ့ မနက် (၇) နာရီမှာ စတင်ပါ။

အကြောင်းကိစ္စရှိရင် နီးရာ ဘုရားစေတီတစ်ဆူဆူကိုသွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၇) တိုင်ထွန်းညှိပူဇော်ပြီးမှ သွားပါ။

ထီထိုးချင်ရင် စနေနံထီဆိုင်နဲ့ ၇၊ ၅၊ ၃ ဂဏန်းတွေ ကံစပ်နေပါတယ်။

ဒီနှစ်ထဲမှာ အဆောက်အအုံဆောက်ချင်တယ်ဆိုရင် စဉ်းစားပါ။ နံသင့်ပြီး ကံစပ်တဲ့ပုဂ္ဂိုလ်တွေနဲ့သာ တိုင်ပင်ပြီး သူတို့ကို ဦးဆောင်ခိုင်းပြီး ပြုလုပ်ပါ။ ကိုယ်ပဲ ဦးဆောင်မယ်ဆိုရင် လုပ်ငန်းလုပ်တဲ့အဖွဲ့ သုံးဆိုင်းလောက် ပြောင်းလုပ်ရတတ်ပါတယ်။ အ[illegible]များသွားပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနှစ်ထဲမှာ အိမ်၊ ခြံ၊ မြေအကျိုးဆောင်လုပ်ငန်းတွေ စလုပ်မယ်ဆိုရင် စဉ်းစားပါ။ ခရီးသွားလုပ်ငန်းတွေ စလုပ်မယ်ဆိုရင် စဉ်းစားပါ။ အနုပညာလုပ်ငန်းတွေ စလုပ်မယ်ဆိုရင် စဉ်းစားပါ။ နီးသင့်သူတွေနဲ့ပဲ တိုင်ပင်ကူညီ အကြံဉာဏ်တောင်းပြီး ပြုလုပ်ပါ။

ရွှေပျက်၊ အင်းပျက်၊ လက်ဖွဲ့ပျက်၊ အဆောင်ပျက်တွေရှိရင် စွန့်ပစ်ပါ။ မဝင်လာပါစေနဲ့။ ဘုရားဆောင်မှာ ရှုပ်မနေပါစေနဲ့။ ဘုရားဆောင်ရဲ့မီးလုံးတွေဟာ ဒီပြင်နေရာတွေထက် ပိုပြီးလင်းနေပါစေ။ မိသားစုအေးချမ်းအောင် မီးလင်းတာနဲ့ မျက်နှာသစ်၊ ဘုရားဝတ်ပြုပြီးတာနဲ့ ဘုရားရှင်ကို ယပ်တော်သွင်း ပူဇော်ပါ။

မိသားစုအိမ်ပူရင် သူခိုးကိန်းထိတတ်ပါတယ်။

ကိုယ့်နာမည်ဟာ သောကြာစ၊ တနင်္လာပိတ်မှည့်ထားတဲ့ သာခေါင်၊ သစ်ကူး၊ သောင်းခန့်၊ ဟန်ကိုး၊ ဟိန်းခင်လို နာမည်တွဲမျိုးဖြစ်နေပြီဆိုရင် ရန်လုံးဝမဖြစ်ပါနဲ့။ လောင်းကစားမလုပ်ပါနဲ့။ ဥပဒေနဲ့မကင်းတဲ့အလုပ်တွေ မလုပ်ပါနဲ့။ မေတ္တာများများပွားပါ။ လောဘမကြီးပါနဲ့။ စိတ်မတိုပါနဲ့။ ထင်တာတွေဖြစ်မလာဘဲ မထင်မှတ်တာတွေ ခဏခဏဖြစ်လာတတ်ပါတယ်။ အလုပ်လုပ်ရင်လည်း နှစ်မျိုးနှစ်ခွလုပ်နေရသလို ဖြစ်နေတတ်ပါတယ်။ ပင်ပန်းတတ်ပါတယ်။ အရာရာကို ရတနာမြတ် (၃) ပါးဂုဏ်ကျေးဇူးတော်ရဲ့အရိပ်ကိုခိုပြီးမှ စဉ်းစားပါ၊ ဆင်ခြင်ပါ၊ ချင့်ချိန်ပါ။ မင်္ဂလာတရားတော်နဲ့အညီနေပါ။ ဒါဆို အောင်မြင်ပါပြီ။ မဖူးဘူးသေးတဲ့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တွေကို ဖူးတွေ့ရပါပြီ။ တရားတန်ခိုးတော်ကြောင့် စိတ်





ချမ်းသာပါပြီ။ အချိန်ရရင် ရသလို ဓာတ်ကြီး (၄) ပါးဆွမ်းတော်ကပ်လှူပါ။

## သောကြာသားသမီးများ

အသက် ၁၄၊ ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈၊ ၈၆၊ ၉၄ ဆိုတဲ့နှစ်တွေကို ရောက်နေပြီဆိုရင်–

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် သောကြာနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် သောကြာစ၊ တနင်္ဂနွေပိတ်မှည့်ထားတဲ့ သူအံ့၊ သစ်အိမ်၊ သောင်းအုန်း၊ ဟိန်းအိ ဆိုတဲ့ နာမည်မျိုးတွေဆိုရင်တော့ မတိုင်ပင်ပါနဲ့တော့။

တနင်္လာလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် ရပ်ဝေးမှာနေတဲ့ မိတ်ဟောင်းဆွေဟောင်း တနင်္လာဆို ပိုအကျိုးပေးပါလိမ့်မယ်။ ဆူဆူပူပူနဲ့ အကျိုးပေးပါလိမ့်မယ်။

ကြာသပတေးက တစ်ကြိမ်၊ နှစ်ကြိမ်လောက်သာ အကျိုးပေးပြီး အဖျားရှူးသွားတတ်ပါတယ်။

တနင်္ဂနွေက အကျိုးပေးတယ်လည်းမဟုတ်၊ မပေးဘူးလည်းမဟုတ်။ အမြဲတမ်း ထိတွေ့ဆက်ဆံနေရတတ်ပါတယ်။

ကျန်တဲ့ နာမည်ရှင်တွေကတော့ ခင်ဖို့ကောင်းပါတယ်။ စီးပွားစပ်တူလုပ်မယ်ဆိုရင်သာ ကံမစပ်တော့တာပါ။

၃ ဂဏန်း အကျိုးမပေးပါဘူး။

ရှောင်ဖို့တွေကတော့ ဒီနှစ်ကမှစပြီး လူမျိုးခြားတွေနဲ့အလုပ်



www.burmeseclassic.com

www.burmeseclassic.com



တာလုပ်မယ်ဆိုရင် စဉ်းစားပါ။ အထည်အလိပ်လုပ်ငန်းတွေလုပ်မယ်ဆိုရင် စဉ်းစားပါ။ စက်ရုံတွေထောင်မယ်ဆိုရင် စဉ်းစားပါ။ စက်ပစ္စည်းဟောင်းတွေ ဝင်လာမယ်ဆိုရင် စဉ်းစားပါ။

တစ်နှစ်လုံးကတော့ မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သစ်သီးဆွမ်း၊ သကြားဆွမ်းတွေနဲ့ ပူဇော်ပြီး ကိုယ်နှစ်သက်ရာ ဘုရားရှိခိုးအမျိုးမျိုးကို အသံထွက်ပြီး ရှိခိုးပါ။ ဘုရားရှင်ကို သပိတ်နဲ့ ဆွမ်းကပ်ပါ။

အတိုက်အခံများလွန်းရင် သမ္ဗုဒ္ဓေဂါထာတော်ကို ပုတီးတစ်ပတ်စိပ်ပါ။ နေ့တစ်နေ့ကို အချိန်အားအောင် ယူပါ။ အဲဒီနေ့မှာ ဘုရား (၆) ဆူပြည့်အောင်သွားပါ။ ဘုရားတိုင်းမှာ သစ်သီး (၆) မျိုး၊ ဒါမှမဟုတ် ပန်းပေါင်းစုံ (၆) မျိုးနဲ့ ပူဇော်ပါ။

သံဃာတော်အရှင်သူမြတ်များကို ထီးမကြာခဏလှူပါ။

နံနက်စောစော အရုဏ်တက်မှာ ကြွလာတဲ့ သံဃာတော်အရှင်သူမြတ်တွေကို အရုဏ်ဆွမ်းလောင်းလှူပါ။ ခဏခဏ ဆွမ်းလောင်းလှူပါ။

ကျန်းမာရေးလိုအပ်ရင် သမ္ဗုဒ္ဓေ၊ သိရသ္မိမေဂါထာတွေကို အဓိဋ္ဌာန်ဝင်ပြီး ပုတီးစိပ်ပါ။ တာကလေး ခဏခဏလွှတ်ပေးပါ။ ဆေးခဏခဏလှူပေးပါ။ နွားစာခဏခဏကျွေးပါ။ ဆိတ်ကလေးတွေ ခဏခဏကျွေးပါ။ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းတွေပြုလုပ်ပါ။ လမ်းလျှောက်ပါ။ အကြောတွေတက်တာတို့၊ ဒူးဆစ်တွေနာတာတို့၊ ဆီးရောဂါတို့ကြောင့် စိတ်မကြည်လင်ဖြစ်တတ်ပါ





တယ်။ ဒါပေမယ့် မလိုအပ်ဘဲ ဆေးမထိုးပါနဲ့။ သူပြောလူပြောနဲ့ ဆေးမသောက်ပါနဲ့။

ပညာရေးကံတွေ ကောင်းပါတယ်။ အချိန်တွေ အလကားအပိုအားနေပြီး စာဘက်ကို ဂရုစိုက်မှုနည်းသွားတတ်တာကလွဲရင် အောင်မြင်ပါလိမ့်မယ်။

ရပ်ဝေးခရီးဂြိုဟ်တွေ ကောင်းပါတယ်။ မြင့်မြတ်တဲ့ဘုရားဖူးခရီးတွေကိုတောင် သွားရတတ်ပါတယ်။ အလုပ်နဲ့တွဲပြီးသွားရတဲ့ခရီးတွေလည်း ကံပွင့်ပါပြီ။

ချစ်တတ်သူတွေကတော့ စက်ပစ္စည်းဟောင်းလက်ဆောင်မပေးမိပါစေနဲ့။ နိုင်ငံခြားခရီးကိစ္စနဲ့ပတ်သက်ပြီး စကားများရတတ်ပါတယ်။

လုပ်ငန်းစတင်ချင်ရင် တနင်္ဂနွေနေ့ မနက် (၇) နာရီမှာ စတင်ပါ။

ထီ- သောကြာနံ၊ တနင်္ဂနွေနံထီဆိုင်တွေမှာ ၁၊ ၆၊ ၂၊ ၉ ဂဏန်းတွေနဲ့ ကံစပ်ပါတယ်။

ရပ်ဝေးအလှူ၊ မင်္ဂလာဆောင်သွားဖြစ်ရင် အဲဒီမှာ ထီထိုးခဲ့ပါ။

ကိုယ့်နာမည်ဟာ သောကြာစ၊ တနင်္ဂနွေပိတ်မှည့်ထားတဲ့ သူအောင်၊ ဟန်အိမ့်၊ သစ်အုန်းလို နာမည်တွဲမျိုး ဖြစ်နေရင်တော့ အနေအထိုင်ဆင်ခြင်ပါ။ ရန်မဖြစ်ပါနဲ့။ ဆိုင်ကယ်အကြမ်းစီးတာ အမြင့်က ခုန်ချတာမျိုးတွေ မလုပ်ပါနဲ့။ သူများပြဿနာတို့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးကြားမဝင်ပါနဲ့။ စကားပြောမခက်ထန်ပါနဲ့။ ကိုယ်ချင်းစာတရားထားပါ။

## သောကြာသားသမီးများ-

အသက် ၁၅၊ ၂၃၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃၊ ၇၁၊ ၇၉၊ ၈၇၊ ၉၅ ဆိုတဲ့နှစ်တွေ ရောက်နေရင်-

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် အင်္ဂါနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် အင်္ဂါစ၊ တနင်္ဂနွေပိတ်မှည့်ထားတဲ့ စံအုန်း၊ ဇော်အိ၊ စိုးအုံ့ ဆိုတဲ့ နာမည်တွဲမျိုးတွေ ဖြစ်နေရင်တော့ မတိုင်ပင်ပါနဲ့တော့။

သောကြာလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် သူက ခပ်မာမာပြောတဲ့ဆိုတဲ့အခါ စိတ်ဆိုးလို့မရပါဘူး။ သည်းခံပေးပါ။ စိတ်သဘောထားဖြူစင်သူ ဖြစ်နေပါလိမ့်မယ်။

တနင်္လာက အကျိုးပေးပေမယ့် သူကိုယ်တိုင် အလုပ်များတဲ့ တနင်္လာ ဖြစ်နေတတ်လို့ ကိုယ်တွေကလည်း အချိန်ပေးရပါလိမ့်မယ်။ စိတ်ရှည်ရပါလိမ့်မယ်။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်စရာကောင်းပါတယ်။ ဒါပေမယ့် အကြံဉာဏ်တော့မယူပါနဲ့။ စီးပွားလုပ်ရင်လည်း မရပါဘူး။

၇ ဂဏန်းနဲ့ ကံမစပ်ပါဘူး။

ရှောင်ဖို့တွေကတော့ ဒီနှစ်ထဲမှာ နိုင်ငံခြားသားတွေနဲ့အလုပ်လုပ်ဖို့ အစီအစဉ်ရှိတယ်ဆိုရင် စဉ်းစားပါ။ အထည်လုပ်ငန်းတွေလုပ်မယ်ဆိုရင် စဉ်းစားပါ။ နီလာကျောက် ဝင်လို့မရသလို ဘာကိစ္စကိုပဲလုပ်လုပ် အောင်မြင်ချင်ရင် စနေနာမည်ရှင်ကိုခေါ်သွားလို့ မရပါဘူး။

ရွှေလုပ်ငန်းတွေလုပ်မယ်ဆိုရင်လည်း စဉ်းစားပါ။ ရွှေဆိုင်ဖွင့်၊ ရွှေတူးလုပ်ငန်းတွေ အများကြီးအခက်အခဲရှိနိုင်ပါတယ်။

ကျောက်မျက်ရတနာလုပ်ငန်းလုပ်ရင် သူများကိုတစ်ဆင့်ပေးပြီး ရောင်းခိုင်းရတဲ့အခါ စနေ၊ ဗုဒ္ဓဟူးနာမည်ရှင်တွေနဲ့ဆိုရင် ကံမစပ်ပါဘူး။ သူတို့သည် စိတ်ချရသူများ ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် ကံသဘောအရ အကြောင်းတစ်ခုခုကြောင့် သူတို့လည်း ဘာမှမတတ်နိုင်ဖြစ်တတ်ပါတယ်။ ဥပမာ- ဈေးထိုးကျသွားတာမျိုး။

မြေဝယ်မယ်၊ မြေအရောင်းအဝယ်လုပ်မယ်ဆိုရင်လည်း အကျိုးပေးသူတွေကိုသာ ကြားခံပြုလုပ်ပါ။

တစ်နှစ်လုံးအတွက်ကတော့ မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သောက်တော်ရေ ကပ်လှူပူဇော်ပါ။ ဆွမ်း (၃) ပွဲ ကပ်လှူပူဇော်ပါ။ အကြော်နဲ့ မကြာခဏ ဆွမ်းတော်ကပ်လှူပါ။ အုန်းသီးလေးများကိုစိတ်၍ အုန်းသီးဖြင့် ဆွမ်းတော်ကပ်လှူပါ။

သရဏဂုံ (၃၀) ကို နေ့စဉ် ပုတီး (၁၀) ပတ်စိပ်ပါ။ လုံးဝအချိန်မရမှသာ (၅) ပတ်စိပ်ပါ။ လက်တွေ့ ထူးခြားအောင်မြင်လာပါမည်။ ရွတ်နိုင်၊ အချိန်ပေးနိုင်ပါက မဟာသရဏဂုံတော်ကြီး ရွတ်ဖတ်ပူဇော်ပါ။ အားချိန်ကိုရအောင်ယူ၍ တစ်လလျှင်-





www.burmeseclassic.com

www.burmeseclassic.com



ရွေးပြီး ငှင်းနေ့တွင် ဘုရား (၃) ဆူပြည့်အောင် သွားဖူးပါ။ ဘုရားတိုင်းတွင် သရဏဂုံ (၃၀) ပုကီးစိပ်ပြီး ဖယောင်းတိုင်များ ထွန်းညှိ ပူဇော်ပါ။

ကျန်းမာရေးလိုအပ်ရင် ငါးလေးများ၊ ငှက်လေးများကို ဘေးမဲ့လွှတ်ပေးပါ။ ငှက်လေးများကို အစာကျွေးပါ။ ဗောဇ္ဈင်္ဂသုတ်တော်ကို တစ်နေ့ (၁၀၈) ခေါက်ရအောင် ရွတ်ဆိုပူဇော်ပါ။ အာနာပါန (၁၅) မိနစ်၊ နာရီဝက် ရှုမှတ်ပါ။ ဗိုက်ရောဂါဝေဒနာရှိသူများ၊ ကိုယ်ဝန်ဆောင်များကို ပြည့်ဝသောအာဟာရများ၊ ငွေ လှူပေးပါ။ လိုအပ်တဲ့အားဆေးလှူပါ။

ရင်ထဲ၊ ဝမ်းထဲ ပြည့်တင်းကျပ်နေအောင် မစားပါနဲ့။ ဝမ်းဗိုက်ကို ထိခိုက်တဲ့အထိ ပြင်းထန်တဲ့ကစားနည်းတွေ ရှောင်ပါ။ အကြောနဲ့ပတ်သက်ပြီး ဂရုစိုက်ပါ။ အစိက ဒူးတွေမကောင်းတတ်ပါဘူး။ ဒါလည်း ဆေးခဏခဏလှူပေးရင် ရပါတယ်။ ပန်ကာလေ အရမ်းမခံဖို့ သတိထားပါ။

ပညာရေးကံတွေ ကောင်းပေမယ့် စိတ်က ဝေတေတေနဲ့ နှစ်ခွဖြစ်နေတတ်ပါတယ်။ ဖိဖိစီးစီး ကြိုးစားပါ။ အောင်မြင်ပါတယ်။ စာသင်သံဃာတော်အရှင်သူမြတ်တွေကို ပညာနဲ့ဆိုင်တဲ့ စာအုပ်တွေ လှူပါ။

ချစ်တတ်သူတွေကတော့ အကျိုးပေးကြပေမယ့် စိတ်ပိုင်းဆိုင်ရာ နူးညံ့သိမ်မွေ့ဖို့ပဲ လိုပါတယ်။ စကားပြောမကြမ်းပါနဲ့။ နိုင်ငံခြားသွားမယ့်ကိစ္စနဲ့ပတ်သက်ပြီး ခဏခဏ စကားများရတတ်





ပါတယ်။

နိုင်ငံရပ်ခြားတိုင်းတစ်ပါးကို သွားချင်သူတွေကတော့ သွားလို့ရပေမယ့် အကျိုးပေးမှုကျတော့ နည်းနေတာကို သတိပြုပါ။

အကြောင်းကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၃) တိုင်ထွန်း၊ သရဏဂုံရွတ် ရှိခိုးပြီးမှ သွားပါ။

လုပ်ငန်းစတင်ချင်ရင် တနင်္ဂနွေနေ့ မနက် (၇) နာရီမှာ စတင်ပါ။ ဒါမှမဟုတ် တနင်္ဂနွေနေ့ မနက် (၁၀) နာရီခွဲနဲ့ (၁၂) နာရီကြားမှာ စတင်ပါ။

ထီ- အင်္ဂါနံထီဆိုင်နဲ့ ၃၊ ၁၊ ၆ ဂဏန်းများနဲ့ ကံစပ်နေပါတယ်။

ဒီနှစ် လောဘမကြီးပါနဲ့။ သူများပြောစကားနားယောင်ပြီး ဟိုအလုပ်လုပ်ချင်၊ ဒီအလုပ်လုပ်ချင် မလုပ်ပါနဲ့။ ကိုယ်လုပ်နေတဲ့အလုပ်ကိုပဲ အာရုံစူးစိုက်ပြီးလုပ်ပါ။ ငွေမချေးပါနဲ့။ မနိုင်ဝန်မထမ်းပါနဲ့။ စိုက်ဆပ်ရတတ်ပါတယ်။ ကိုယ်ကချေးရင်လည်း ဆုံးတတ်ပါတယ်။ သူများငွေကြောင့် စိတ်ညစ်ရတတ်တဲ့နှစ်ပါ။ ငွေကြေးကိစ္စဆို တော်တော်ရှောင်ထားပါ။ လုပ်ငန်းအများကြီးမလုပ်ပါနဲ့။ ဟိုသွားပြီး အကျိုးမရှိဖြစ်တတ်ပါတယ်။ ကုသိုလ်ကောင်းမှုတွေသာ များများပြုရင်း လုပ်ငန်းအောင်မြင်မှုကို ရယူပါ။



www.burmeseclassic.com

www.burmeseclassic.com



## သောကြာသားသမီးများ

အသက် ၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂၊ ၈၀၊ ၈၈၊ ၉၆ ဆိုတဲ့နှစ်တွေ ရောက်နေပြီဆိုတာနဲ့-

ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အောင်မြင်လိုတဲ့ ဘယ်ကိစ္စပဲဖြစ်ဖြစ် ဗုဒ္ဓဟူးနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် ဗုဒ္ဓဟူးစ၊ တနင်္လာပိတ်မှည့်ထားတဲ့ ရန်နိုင်၊ ရှင်းကြည်၊ လင်းခက် ဆိုတဲ့ နာမည်တွဲမျိုးဆိုရင်တော့ မတိုင်ပင်ပါနဲ့တော့။

ကြာသပတေးလည်း အကျိုးပေးပါတယ်။ မိတ်ဆွေဟောင်းတွေထဲက ခင်မင်ခဲ့ဖူးတဲ့ ကြာသပတေးဆိုရင် ပိုကောင်းပါတယ်။

တနင်္ဂနွေက အကျိုးပေးပေမယ့် နည်းနည်းတော့ စိတ်ရှည်ရပါလိမ့်မယ်။ ခုတွေ့လိုက်၊ တော်ကြာမတွေ့လိုက် ဖြစ်တတ်လို့ပါ။

ကျန်တဲ့နာမည်ရှင်တွေက ခင်စရာကောင်းပါတယ်။ ဒါပေမယ့် စီးပွားကျတော့ အကျိုးမပေးတော့ပါဘူး။

၆ ဂဏန်းနဲ့ အကျိုးမပေးပါဘူး။

ရှောင်ဖို့တွေကတော့ ဒီနှစ်ထဲမှာ သစ်လုပ်ငန်းတွေ၊ စက်လုပ်ငန်းတွေ အစပျိုးမယ်ဆိုရင် စဉ်းစားပါ။ လုပ်နေကျဆိုရင်တော့ ထိခိုက်မှုမရှိပါဘူး။ စမယ်ဆိုရင်သာ စဉ်းစားပါ။ အနုပညာနဲ့ဆိုင်တဲ့ လုပ်ငန်းတွေဆိုရင်လည်း စဉ်းစားပါ။ ခရီးသွားလုပ်ငန်းနဲ့ဆိုင်တဲ့ လုပ်ငန်းတွေဆိုရင်လည်း စဉ်းစားပါ။ စပ်တူရှယ်ယာလုပ်မယ်ဆိုရင်လည်း လူများပြီး ပွဲမစည် ဖြစ်နေတတ်ပါတယ်။

ဒီနှစ်ထဲမှာ အိမ်ဆောက်မယ်ဆိုရင် နည်းနည်းတော့ ကသိ





ကအောက်နိုင်ပြီး ပြီးမှာမဟုတ်သေးပါဘူး။

အုတ်၊ သဲ၊ ကျောက်လုပ်ငန်းတွေ စမယ်ဆိုရင်လည်း စဉ်းစားပါဦး။

တစ်နှစ်လုံးအတွက်ကတော့ မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သောက်တော်ရေကပ်လှူပါ။ ယပ်တော်သွင်းပူဇော်ပါ။ ပြီးရင် ဂုဏ်တော်ကိုးပါးကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ ဝဇကြာဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ စဓဗဝ စမကြီး (၄) လုံးဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ ပရိတ်ရွတ်လေ့ရှိရင် ပရိတ်တွေရွတ်ပါ။ တစ်မျိုးမျိုးကို ထိထိရောက်ရောက် ရွတ်ဖတ် ပူဇော်ပါ။ မကြာမကြာ ခတ်ကြီး (၄) ပါးဆွမ်းတော် ကပ်လှူပါ။

ပြီးရင် ငှက်စာကျွေးပါ။ မကြာမကြာ ဆေးလှူပါ။ စိတ်ရောဂါဝေဒနာရှင်တွေကို ဆေး၊ အာဟာရ ခဏခဏလှူပေးပါ။

ကျန်းမာရေးလိုအပ်ရင် ရတနသုတ်တော်ကို အဓိဋ္ဌာန်နဲ့ရွတ်ပါ။ ထမင်းစားတိုင်း "ဖုဋ္ဌဿ" ဂါထာကို ရွတ်မန်းစားပါ။ ဝရိမိတ္တဇာလသုတ်နဲ့ ဗောဇ္ဈင်္ဂသုတ်ကို နေ့စဉ်မှန်မှန်ရွတ်ပေးပါ။ လမ်းများများလျှောက်ပေးပါ။ ငှက်လေးတွေကို အစာကျွေးပါ။ သေခဲ့လွှတ်ပေးပါ။ ဆေးခဏခဏလှူပေးပါ။ မျက်စိဝေဒနာရှင်တွေကို ဆေး၊ မျက်စဉ်း၊ မျက်မှန် လှူပေးပါ။ ကိုယ်တိုင်လည်း ရင်[illegible] အောင်နေပါ။ ရင်ထဲ၊ ဝမ်းထဲ လေအောင့်လေထိုးတတ်ပါတယ်။ ခန္ဓာကိုယ်အောက်ပိုင်း အအေးမခံပါနဲ့။ ခဏခဏ အစာ[illegible] တတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပညာရေး ဆက်တိုက်ကံကောင်းနေပါပြီ။ တခြားကံပွင့်ခြင်းတွေနဲ့အတူ ပညာရေးကံတွေ ဦးမော့လာပါပြီ။ ကြိုးစားပါ။ ထင်ထားတာထက် ပိုပြီးအောင်မြင်ပါလိမ့်မယ်။ ဘုရားရှင်ကို သောက်တော်ရေလှူပါ။

ချစ်တတ်သူတွေကတော့ မျက်နှာပွင့်ပြီးရင်းပွင့်ရင်းပါပဲ။ လာဘ်လည်းရွှင်၊ မျက်နှာလည်းပွင့်ပါပဲ။ ငှက်လေးတွေကိုသာ အစာကျွေးပါ။ ချစ်တတ်တဲ့စိတ်တွေက တစ်ခါတစ်ခါပွားပွားသွားတတ်တာလေးကိုသာ သစ္စာရှိရှိ ထိန်းချုပ်နိုင်ပါစေ။

အကြောင်းကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ ဂြိုဟ် (၈) ခွင်လုံးကနေပြီး ရွက်လှည့်နဲ့တွေ ဝေဝေဖြာဖြာနဲ့ ရေများများသပ္ပာယ်ပြီး ပူဇော်ပါ။ ဂြိုဟ် (၈) ခွင်လုံးကနေ ပူဇော်ပါ။ ပြီးမှ လိုရာကိုသွားပါ။

လုပ်ငန်းသစ်စတင်ချင်ရင် တနင်္လာနေ့ မနက် (၇) နာရီမှာ စတင်ပါ။

ထီ- ဗုဒ္ဓဟူးနံ့ထီဆိုင်နဲ့ ၄၊ ၈၊ ၂၊ ၅ ဂဏန်းတွေ အကျိုးပေးပါတယ်။

အတိုက်အခံတွေများလွန်းရင် ဘုရားရှင်ကို သောက်တော်ရေ နေ့တစ်ကြိမ်၊ ညတစ်ကြိမ်ကပ်ပြီး ယပ်တော်သွင်းပူဇော်ပါ။

ပြီးရင် 'ပဌမံ' ဂါထာကို ပုတီး (၂) ပတ်၊ (၃) ပတ် ရသလိုစိပ်ပါ။ ရန်များလွန်းနေရင် နေ့စဉ် (၁၀၀၀) ရအောင် သွားရင်းလာရင်း ရွတ်ပါ။ တစ်လ၊ နှစ်လလောက်ကြာရင် လက်တွေ့





သိပါလိမ့်မယ်။

ဒီနှစ်ကတော့ လုပ်ငန်းတွေစပြီး ပွင့်လာပါပြီ။ ဒါပေမယ့် ရှောင်ရန်ကိုရှောင်နိုင်ရင်၊ ဆောင်ရန်ကိုဆောင်နိုင်ရင် ပိုကောင်းပါတယ်။ အလုပ်နဲ့အတူ မျက်နှာပွင့်တာကို သွားရောထွေးလို့တော့ မဖြစ်ပါဘူး။ တစ်ခုခု အစားပေးရပါလိမ့်မယ်။

## သောကြာသားသမီးများ

အသက် ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇၊ ၆၅၊ ၇၃၊ ၈၁၊ ၈၉၊ ၉၇ ဆိုတဲ့နှစ်တွေ ရောက်ပြီဆိုရင်-

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် အင်္ဂါနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် အင်္ဂါစ၊ ကြာသပတေးပိတ်မှည့်ထားတဲ့ စံဘ၊ ညာဏ်မှူး၊ ဇော်မြိုင် ဆိုင်တဲ့ နာမည်တွဲမျိုး ဖြစ်နေရင်တော့ မတိုင်ပင်ပါနဲ့တော့။

သောကြာ အကျိုးပေးပါတယ်။ ရပ်ဝေးမှာနေထိုင်တဲ့မိတ်ဆွေတွေထဲက သောကြာ၊ ဒါမှမဟုတ် ခင်မင်ခဲ့ဖူးတဲ့သူတွေထဲက သောကြာဆိုရင်တော့ ပိုပြီးအကျိုးပေးပါတယ်။

စနေကတော့ ခက်ခက်ခဲခဲနဲ့ အကျိုးပေးပါတယ်။ သူ့ရဲ့ အကြံဉာဏ်၊ အကူအညီတွေယူတော့မယ်ဆိုရင်တော့ စိတ်ရှည်ရပါလိမ့်မယ်။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်စရာကောင်းပါတယ်။ ဒါပေမယ့် စီးပွားနဲ့ဆိုင်ရင် အကျိုးမပေးသလို အကြံဉာဏ်လည်း



www.burmeseclassic.com

www.burmeseclassic.com



မယူပါနဲ့။

၈ ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ရွှေဟောင်းရွှေပျက်တွေ၊ လက်ဖွဲ့တွေ မဝင်ရပါဘူး။ ရှိရင် စွန့်ထုတ်ပစ်ပါ။ ကျိုးပဲ့နေတဲ့ လက်စွပ်တို့၊ လက်ကောက်တို့၊ ဆွဲကြိုးတို့ရှိရင် ပြုပြင်လိုက်ပါ။ အဟောင်းတိုင်းတော့ မထားပါနဲ့။ ခုမှဝင်လာမယ့် ရွှေဟောင်းရွှေပျက်ဆိုရင်တော့ လက်မခံပါနဲ့။ ရတနာဆိုင်ဖွင့်မယ်ဆိုရင်လည်း အချိန်ယူလိုက်ပါဦး။ ကျောက်တွေလည်း ဝင်လို့မရပါဘူး။ ရတနာကျောက်ကစပြီး ကျောက်စိမ်းချီအထိ ဝင်လို့မရသေးပါဘူး။ ကျောက်ကို သူများနဲ့ ပေးလိုက်ပြီး ရောင်းနိုင်းမယ်ဆိုရင်လည်း စဉ်းစားပါ။

ဒီနှစ်ကစပြီး ငါးအလှမွေးလို့ မရသေးပါဘူး။ နဂိုမွေးပြီးသားရှိရင်တော့ ရပါတယ်။

တစ်နှစ်လုံးအတွက်ကတော့ မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို ဆွမ်း (၃) ပွဲ ကပ်လှူ ပူဇော်ပါ။ နှစ်သက်ရာဆွမ်းဟင်းများ၊ ဆွမ်းများနဲ့ ပူဇော်ပါ။ ပြီးရင် သရဏဂုံ (၃၀) ကို (၁၀) ပတ်ရအောင်စိပ်ပါ။ ဘယ်လိုမှမအားရင် (၅) ပတ်ရအောင်စိပ်ပါ။ တာဝန်တွေများပြားလွန်းလို့ နေ့မအားညမအား အလုပ်များလွန်းရင်တော့ ဘုရားဆောင်ရှေ့မှာ ပုဆစ်တုပ်ထိုင် လက်အုပ်ချီပြီး (၉) ခေါက်တော့ ရအောင်ရွတ်ပါ။

ပဋ္ဌာန်းနဲ့ မေတ္တသုတ်ကို ရွတ်နေကျအတိုင်း ရွတ်ပါ။

ပြီးရင် ငှက်လေးတွေကို အစာကျွေးပါ။





ကျန်းမာရေးလိုအပ်ရင် ဗောဇ္ဈင်္ဂသုတ်တော်နဲ့ ဝမိုမိတ္တာဗလ သုတ်တော်ကို အမြဲဒွန်နဲ့ရွတ်ပါ။ အစာစားတိုင်း၊ ရေသောက်တိုင်း သရဏဂုံ (၃၀) ကို ရွတ်မန်းပြီးမှ စားပါ၊ သောက်ပါ။ ယော သမယသုတ်တော်ကို ရွတ်နိုင်ရင် ရွတ်ပါ။ မရွတ်နိုင်ရင် အမွှန်း ပေးပါ။ ငှက်လေးတွေ၊ ငါးလေးတွေကို ခဏခဏ အစာကျွေးပါ။ ဘေးမဲ့လွှတ်ပေးပါ။ လေထိထားတဲ့ဝေဒနာရှင်တွေ၊ နှလုံးဝေဒနာ ရှင်တွေကို ဆေးလှူပေးပါ။

ကိုယ်တိုင်လည်း အဆာမခံပါနဲ့။ လေထိုးလေနာဖြစ်တဲ့ထိ အဆာမခံပါနဲ့။ လေတွေကျစ်ပြီး ချုပ်သွားတဲ့ကျန်းမာရေး မဖြစ်အောင် အထူး ဂရုစိုက်ပါ။

ပညာရေးကံတောင် ကောင်းနေပါပြီ။ ပညာတော်သင်ခရီး မှန်းထားသူတွေလည်း ဒီနှစ်မှာ အောင်မြင်ပါပြီ။

အတိုက်အခံများလွန်းရင် ပထမံဂါထာကို နေ့စဉ် (၃၀၀) ရအောင်ရွတ်ပါ။

ချစ်တတ်သူတွေကတော့ ဟိုပြောင်းလဲ ဒီပြောင်းလဲတွေ ဖြစ်တတ်ပါတယ်။ အလိုမကျမှုတွေ များလာတတ်ပါတယ်။ ဘာမဟုတ်တဲ့ကိစ္စကို အကြောင်းပြုပြီး လမ်းခွဲကြရတတ်ပါတယ်။ ဒါကြောင့် တစ်ဖက်သားရဲ့အားနည်းချက်လေးတစ်ခုကို အပြစ်ကြီးတစ်ခုလို မြင်လို့မကောင်းပါဘူး။ နားလည်မှုတွေပေးကြပါ။ ငှက်လေးတွေကို ခဏခဏအစာကျွေးပြီး ခွင့်လွှတ်တဲ့စိတ်လေးတွေ မွေးကြပါ။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းစတင်ချင်ရင် ကြာသပတေးနေ့ မနက် (၇) နာရီမှာ စတင်ပါ။

ထီ- အင်္ဂါနံထီဆိုင်တွေနဲ့ ၅၊ ၃၊ ၆၊ ၇ ဂဏန်းတွေ ကံစပ်ပါတယ်။

ဒီနှစ်ဟာ ကံကောင်းခြင်းတွေနဲ့ ပြည့်စုံနေတဲ့နှစ်ပါ။ ဘာကိုမဆို သတိဉာဏ်ပညာနဲ့ ဦးစီးပြီး ပြောရဆိုရ လုပ်ကိုင်ရမယ့်နှစ်ဖြစ်နေပါတယ်။ ဒါကြောင့် အာနာပါနကို နေ့စဉ် နာရီဝက်၊ တစ်နာရီ အချိန်ပေးပြီး ရှုမှတ်တာတို့၊ ဗုဒ္ဓနုဿတိဘာဝနာပွားများတာတို့ ပြုသင့်တဲ့နှစ်ပါ။ စိတ်လိုက်မာန်ပါစကား မပြောပါနဲ့။ စိတ်လိုက်မာန်ပါ ဒေါသမကြီးပါနဲ့။ မေတ္တာများများပွားပါ။ ကိုယ်နေနေတဲ့ မိဘရိုးရာ ဓလေ့ထုံးစံရှိတဲ့ ဒေဝပိုင်းဆိုင်ရာတွေ၊ ရုက္ခစိုးတွေ၊ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေကို မေတ္တာအထူးပို့ပြီး အမျှဝေပါ။ ထူးထူးခြားခြား အောင်မြင်လာပါလိမ့်မယ်။

⁂



# စနေသားသမီးများ

**စနေသားသမီးများ**

အသက် ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇၊ ၈၅၊ ၉၃၊ ၁၀၁ ဆိုတဲ့နှစ်တွေကို ရောက်လာပြီဆိုတာနဲ့-

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် သောကြာနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် သောကြာစ၊ ဗုဒ္ဓဟူးပိတ်မှည့်ထားတဲ့ သူဝေ၊ သောင်းလှ၊ သစ်ရှိန် ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေပြီဆိုရင်တော့ မတိုင်ပင်ပါနဲ့တော့။

စနေလည်း အကျိုးပေးပါတယ်။ မိတ်ဟောင်းဆွေဟောင်း စနေဆိုရင် ပိုပြီးအကျိုးပေးပါလိမ့်မယ်။

အင်္ဂါကတော့ အကျိုးပေးပေမယ့် ခုကောင်းလိုက်၊ တော်ကြာအဖျားရှူးသလိုဖြစ်သွားလိုက်ဖြစ်တတ်လို့ စိတ်တော့ရှည်ရပါလိမ့်မယ်။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်လို့ကောင်းပါတယ်။ ဒါပေမယ့် စီးပွားစပ်တူဆိုရင်တော့ အကျိုးမပေးတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



၁ ဂဏန်းဟာ အကျိုးမပေးပါဘူး။

ရှောင်ဖို့တွေကတော့ ဒီနှစ်ထဲမှာ အိမ်၊ ခြံ၊ မြေကိစ္စတွေ လုပ်မယ်ဆိုရင် အများကြီးစဉ်းစားပါ။ အိမ်ဝယ်မယ်၊ မြေဝယ်မယ် ဆိုရင်တောင် အရှုပ်အရှင်းတွေဖြစ်တတ်လို့ ကံစပ်တဲ့အကျိုးပေး နာမည်ရှင်တွေနဲ့ တိုင်ပင်ပြီးလုပ်ပါ။ အမွေခွဲတဲ့ကိစ္စတွေ မလုပ်သင့် ပါဘူး။ စက်ပစ္စည်းအဟောင်းတွေဝင်လို့မရပါဘူး။

အိမ်ထောင်ပျက်လာတဲ့သူတွေ၊ အမှုဖြစ်လာတဲ့လူတွေကို ညအိပ်လက်ခံမယ်ဆိုရင် မိသားစုတိုင်ပင်လိုက်ပါဦး။

အိမ်ဆောက်မယ်ဆိုရင် မနက်မိုးလင်းမျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သောက်တော်ရေကပ်လှူပါ။ ပြီးတာနဲ့ သမ္ဗုဒ္ဓေဂါထာ ကို ပုတီးတစ်ပတ်ရအောင်စိပ်ပါ။ သကြားဆွမ်း၊ သစ်သီးဆွမ်း မကြာမကြာကပ်လှူပါ။ လုပ်ငန်းစတင်ဖွင့်တဲ့နေ့တွေမျိုးဆိုရင် ပန်းပေါင်းစုံ (၆) မျိုးနဲ့ ဘုရားပူဇော်ပါ။

အတိုက်အခံများလွန်းရင် အိမ်မှာရှိတဲ့ စက်ပစ္စည်းအဟောင်း တွေ၊ အကျိုးအပဲ့တွေကို ထုတ်ပစ်ပါ။ အထူးသဖြင့် အိပ်တဲ့အိပ်ရာ နားမှာ စက်ပစ္စည်းအဟောင်းအစုတ်တွေ မရှိပါစေနဲ့။ ဖြစ်နိုင်သမျှ အချိန်ယူပြီး ၂၄ ပစ္စည်းကို နေ့စဉ် (၂၄) ခေါက်ရွတ်ပါ။ ဘုရား တွေမှာ မကြာခဏ တံမြက်စည်းသွားသွားလှည်းပါ။

ကျန်းမာရေးလိုအပ်ရင် ခဏခဏဆေးလှူပါ။ စာကလေး တွေ ခဏခဏလွှတ်ပေးပါ။ သတ်မယ့်ဆဲဆဲ ငါးလေးတွေ၊ ကဏန်း အရှင်လေးတွေကို ခဏခဏဝယ်ပြီး ဘေးမဲ့လွှတ်ပေးပါ။ မနက်





စောစော အရုဏ်ဆွမ်းခံကြွလာတဲ့ သံဃာတော်အရှင်သူမြတ်တွေ ကို အရုဏ်ဆွမ်း အမြဲလောင်းလှူပါ။ အိပ်ရေးဝအောင်အိပ်ပါ။ လမ်းများများလျှောက်ပါ။

တခြားဝေဒနာတွေထက်စာရင် ဆီးနဲ့ဆိုင်တဲ့ကျန်းမာရေးကို သာ ဂရုစိုက်ပါ။

ပညာရေးကောင်းပါတယ်။ တခြားကိစ္စတွေအတွက် အချိန် ပေးရတာများလွန်းပြီး ပညာရေးဘက်မပေါ့ပါနဲ့။ စာသင်သံဃာ တော် အရှင်သူမြတ်တွေကို ပညာနဲ့ပတ်သက်တဲ့စာအုပ်ဝယ်ပြီး ပူဇော်လိုက်ပါ။

ချစ်တတ်သူတွေကတော့ ငါးအရှင်လေးတွေ ခဏခဏလွှတ် ပေးပါ။

အကြောင်းကိစ္စရှိရင် ဘုရားတစ်ဆူဆူကိုအရင်သွားပါ။ ရုပ် ပွားတော်တစ်ဆူဆူရှေ့မှာ ရွက်လှတွေဝေနေအောင်လှူပြီးမှ လိုရာ ကိုသွားပါ။

လုပ်ငန်းစတင်ချင်ရင် သောကြာနေ့ မနက် (၇) နာရီမှာ စတင်ပါ။ နိုင်ငံခြားခရီးသွားချင်သူတွေ အဆင်ပြေပါပြီ။

ဒီနှစ်ကတော့ သူတစ်ပါးရဲ့အလှူတွေ၊ မင်္ဂလာဆောင်တွေမှာ ဝိုင်းဝန်းလုပ်ဆောင်ပေးရတတ်ပါတယ်။ အရမ်းလည်း မင်္ဂလာရှိပါ တယ်။ ဒါကြောင့် ကောင်းတဲ့စကားပဲပြောပါ။ အမင်္ဂလာစကား တွေ ရှောင်ပါ။

ဖြစ်နိုင်ရင် လစဉ် အားတဲ့ရက်တစ်ရက်ကို ရွေးပါ။ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



စေတီတစ်ဆူဆူကိုသွားပါ။ ကိုယ့်မွေးနံထောင့်ကနေစပြီး ဘုရားရှင်ကို ရေသပ္ပာယ်ပါ။ ဘယ်နှခွက်ဖြစ်ဖြစ် သပ္ပာယ်ပါ။ ပြီးရင် လက်ယာရစ်အတိုင်း ဂြိုဟ်တိုင်းမှာ သပ္ပာယ်သွားပါ။ တစ်ပတ်ပြည့်ရင် မွေးနံထောင့်မှာ နောက်တစ်ကြိမ် ထပ်ပြီးသပ္ပာယ်ပါ။ လစဉ်အားတဲ့တစ်ရက်မှာ ပြုလုပ်ပါ။ အချိန်မလိုပါ။

ဘုရားဖူးခရီးဝေးတွေ သွားဖို့ရှိပါတယ်။

ကံတွေနိမ့်နေရင်လည်း ဒီနှစ် ပြန်ဦးမော့လာပါပြီ။ ရတနာမြတ် (၃) ပါးရဲ့ဂုဏ်ကျေးဇူးတော်ကို ဦးထိပ်ထားပြီး အဓိဋ္ဌာန်တွေ ခဏခဏဝင်ပါ။ ထူးထူးခြားခြား အောင်မြင်လာပါလိမ့်မယ်။

ထီ- သောကြာနံထီဆိုင်မှာထိုးပါ။ ၆၊ ၃၊ ၇၊ ၄ ဂဏန်းတွေနဲ့ ကံစပ်ပါတယ်။

## စနေသားသမီးများ

အသက် ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈၊ ၈၆၊ ၉၄၊ ၁၀၂ နှစ်တွေကို ရောက်နေပြီဆိုရင်-

စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် အောင်မြင်ချင်ရင် တနင်္လာနာမည်ရှင်တွေနဲ့ တိုင်ပင်လိုက်ပါ။ အကူအညီတောင်းလိုက်ပါ။ အောင်မြင်ပါပြီ။

ဒါပေမယ့် တနင်္လာစ၊ စနေပိတ် မှည့်ထားတဲ့ ခန့်တိုး၊ ချစ်ဆွေး၊ ကျော်ထန် ဆိုတဲ့ နာမည်တွေမျိုးဆိုရင်တော့ မတိုင်ပင်ပါနဲ့တော့။





ကြာသပတေးလည်း အကျိုးပေးပါတယ်။

သောကြာကတော့ အကျိုးပေးပေမယ့် ခုတွေ့လိုက်၊ တော်ကြာမတွေ့လိုက်ဖြစ်တတ်လို့ စိတ်တော့ရှည်ပါ။

ကျန်တဲ့နာမည်ရှင်သူငယ်ချင်းတွေ၊ မိတ်ဆွေတွေကတော့ ခင်လို့ကောင်းပါတယ်။ စီးပွားရေးနဲ့ဆိုင်ရင်သာ အကျိုးမပေးတာပါ။

၃ ဂဏန်း အကျိုးမပေးပါဘူး။

ရှောင်ဖို့တွေကတော့ ဒီနှစ်ထဲမှာ သစ်နဲ့ပတ်သက်တဲ့ စက်လုပ်ငန်းမျိုး၊ သစ်စက်လိုမျိုး စပြီး လုပ်ကိုင်မယ်ဆိုရင် စဉ်းစားပါ။ ဆေးနဲ့ပတ်သက်တဲ့လုပ်ငန်းဆိုရင်လည်း အချိန်ယူစဉ်းစားပါ။ လုပ်လက်စဆိုရင်လည်း ဒီနှစ်ထဲမှာ အကျိုးပေးသူတွေနဲ့ တိုင်ပင်ပြီး ပြုလုပ်ပါ။ လိုအပ်ရင် အကြံဉာဏ်ယူပါ။ စက်ပစ္စည်းဟောင်းတွေတော့ မဝင်လာပါစေနဲ့။ သစ်ဟောင်းတွေလည်း ဝင်လို့မရပါဘူး။ ရွှေတူးမှာတို့၊ ရွှေဆိုင်ဖွင့်မှာတို့ဆိုရင်လည်း အချိန်ယူစဉ်းစားပါ။ လိုအပ်ရင် အကျိုးပေးသူတွေနဲ့ တိုင်ပင်ပြုလုပ်ပါ။

အိမ်ဆောက်လို့ရပါတယ်။ အကျိုးပေးသူတွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ကိုယ့်သဘောနဲ့ ကိုယ်ဆောက်ရင် အလုပ်သမားသုံးဆိုင်းလောက်ပြောင်းသွားပြီး လိုသည်ထက်ပိုကုန်သွားပါလိမ့်မယ်။

အိမ်ကိစ္စ၊ အလုပ်ကိစ္စတွေနဲ့ပတ်သက်ပြီး သူများကို အားမခဲပါနဲ့။

အင်းတွေ၊ လက်ဖွဲ့တွေ၊ အဆောင်တွေ မဝင်ပါစေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟစ်နှစ်လုံးအတွက်ကတော့ မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သောက်တော်ရေကပ်လှူပူဇော်ပါ။ ပြီးရင် ဂုဏ်တော် (၉) ပါးကို အမိဋ္ဌာန်ပုတီးစိပ်ပါ။ ဆွမ်းတော်ကို မည်သည့်ဆွမ်းနှင့်ကပ်ကပ် ရပါသည်။

အတိုက်အခံများရင် ဘုရားစေတီတစ်ဆူဆူကိုသွားပါ။ ရင်ပြင်တော်မှာ တံမြက်စည်းလှည်း၊ အမှိုက်ကောက်ပါ။ အိမ်မှာ သစ်ဟောင်း၊ သစ်ခွေးတွေရှိနေရင် စွန့်ထုတ်ပစ်ပါ။ အထူးသဖြင့် အိပ်ရာနားမှာ မထားပါနဲ့။

ကျန်းမာရေးလိုအပ်ရင် ဓာရဏပရိတ်တော်ကို အမိဋ္ဌာန်နဲ့ ရွတ်ပါ။ နမော (၅) ချက်ဂါထာကို ပုတီးစိပ်ပါ။

ဆေးလိုအပ်နေသူများနှင့် စကားစပ်မိတိုင်း ဆေးလှူပေးပါ။ ငှက်လေးများကို ဘေးမဲ့ပေးပါ။ ဦးခေါင်းဝေဒနာရှင်များနဲ့ဆုံတိုင်း လိုအပ်တဲ့အာဟာရများ၊ ငွေများလှူပေးပါ။

နံနက်စောစော အရုဏ်ဆွမ်းခံကြွတော်မူလာတဲ့ သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။

ပညာရေးကံကောင်းပါတယ်။ ဆက်ဆက်ပြီးကောင်းနေဦးမှာပါ။ စောစောအိပ်ပါ။ အာရုံကြောအနားပေးပါ။

အလုပ်လျှောက်ထားသူတွေ အလုပ်ရနိုင်ပေမယ့် ကိုယ်လုပ်ရမယ့်အလုပ်ကို ကြေးများတာမျိုး မရပါဘူး။ ရပ်ဝေးတွေဘာတွေမှာ တာဝန်ထမ်းဆောင်ရတတ်ပါတယ်။

ချစ်တတ်သူတွေကတော့ ကံတွေပွင့်နေပေမယ့် အင်္ဂါနံရှိတဲ့





မုန့်ဆိုင်လေးမှာ ထိုင်စားဖြစ်ရင် စကားနိုင်မလုကြဖို့ပဲ အရေးကြီးပါတယ်။

အကျိုးပေးတဲ့နံသင့်လုပ်ငန်းသစ် စတင်ချင်ရင် စနေနေ့ မနက် (၉) နာရီမှာ စတင်ပါ။

ထီဝါသနာပါရင် တနင်္လာနံထီဆိုင်နဲ့ ၂၊ ၉၊ ၅၊ ၇ ဂဏန်းတွေ အကျိုးပေးပါတယ်။

အကြောင်းကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်ရှေ့မှာ ဖယောင်းတိုင် (၇) တိုင်ထွန်းပြီးမှ လိုရာသွားပါ။

အကြောင်းကိစ္စရှိရှိ၊ မရှိရှိ လစဉ် တစ်လတစ်ကြိမ်သွားရင်လည်း ရပါတယ်။ အိမ်မှာရှိတဲ့ဘုရားဆောင်ကဘုရားမှာ ကနက္ကဒဏ်ပိတ်ထီးဖြူ ပူဇော်ထားလို့ နွမ်းနေ၊ မည်းနေရင် စွန့်ပြီး အသစ်လဲလှယ် ပူဇော်လိုက်ပါ။

ဘုရားစေတီမှာရှိတဲ့ ရုပ်ပွားတော်မြတ်များကိုမိုးပြီး ပူဇော်ထားတဲ့ ကနက္ကဒဏ်ထီးဖြူတွေထဲက နွမ်းနေတဲ့ထီးကို အသစ်နဲ့လဲလှယ်ပြီး ပူဇော်ချင်ရင်လည်း ပူဇော်ပါ။

အရေးကြီးတာက အိမ်မှာ အမြဲလိုလိုနေဖို့ လူပိုရောက်မလာဖို့ရယ်၊ စကားပြောမကြမ်းတမ်းဖို့ရယ်ပါဘဲ။

လောဘတော့မကြီးပါနဲ့။ ငွေကံပွင့်နေပါတယ်။ သူများကို လိုအပ်ရင် ကူညီလို့ရပါတယ်။ ငွေကစားတာမျိုးဆိုရင်သာ အ[illegible] မပေးတာပါ။



www.burmeseclassic.com

www.burmeseclassic.com



**စနေသားသမီးများ**

အသက် ၁၅၊ ၁၆၊ ၂၃၊ ၂၄၊ ၃၁၊ ၃၂၊ ၃၉၊ ၄၀၊ ၄၇၊ ၄၈၊ ၅၅၊ ၅၆၊ ၆၃၊ ၆၄၊ ၇၁၊ ၇၂၊ ၇၉၊ ၈၀၊ ၈၇၊ ၈၈၊ ၉၅၊ ၉၆ နှစ်တွေရောက်ပြီဆိုရင် -

စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အောင်မြင်လိုတဲ့ ဘယ်ကိစ္စမျိုးကိုပဲဖြစ်ဖြစ် လိုအပ်ရင် ကြာသပတေးနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ အကူအညီယူပါ။ ဒါပေမယ့် ကြာသပတေးစ၊ စနေပိတ်မှည့်ထားတဲ့ ဘတိုး၊ ပြုံးထန်၊ မြတ်နီ၊ မေနီ လိုနာမည်တွဲမျိုးဆိုရင်တော့ မတိုင်ပင်ပါနဲ့တော့။

တနင်္ဂနွေလည်း အကျိုးပေးပါတယ်။ ဖခင်လိုနေခဲ့ဖူးတဲ့ တနင်္ဂနွေ၊ မိတ်ဟောင်းဆွေဟောင်းတနင်္ဂနွေ၊ ရပ်ဝေးမှာနေတဲ့ တနင်္ဂနွေဆိုရင် ပိုကောင်းပါတယ်။

တနင်္လာကတော့ ပထမ အကျိုးပေးမလိုလို လူယုံဖြစ်ပြီးမှ သူကြောင့် စိတ်ဆင်းရဲမှုတွေ အများကြီးကြုံရတတ်လို့ သူ့ကိုတော့ အကျိုးပေးတယ်ပြောလို့မရတော့ပါဘူး။ ဒါကြောင့် စီးပွားရေးနဲ့ဆိုရှောင်ပါ။

ကျန်တဲ့ နာမည်ရှင်တွေကတော့ ခင်ဖို့ကောင်းကြပေမယ့် စီးပွားနဲ့ပတ်သက်လာရင် ကံမစပ်တော့ပါဘူး။

**၆ ဂဏန်းအကျိုးမပေးပါဘူး။**

ရှောင်ဖို့တွေကတော့ ဒီနှစ်ကမှစပြီး သစ်လုပ်ငန်းတွေလုပ်မယ်၊ သစ်ဆိုင်ဖွင့်မယ်ဆိုရင် ဆိုင်းငံ့ထားပါ။ သစ်စက်တွေထောင်





မယ်ဆိုရင်လည်း စဉ်းစားပါ။ အချိန်ယူပါ။ ခရီးသွားလုပ်ငန်းတွေကို ဒီနှစ်မှ စတင်မယ်ဆိုရင်လည်း စဉ်းစားပါ။

ကျောက်မျက်ရတနာလုပ်ငန်းတွေကို ဒီနှစ်မှ စလုပ်မယ်ဆိုရင်လည်း စဉ်းစားပါ။ ရွှေရတနာတူးဖော်ရေး၊ ရောင်းဝယ်ရေးနဲ့ဆိုင်တဲ့လုပ်ငန်းတွေကို ဒီနှစ်မှာစမယ်ဆိုရင်လည်း စဉ်းစားပါ။

တနင်္လာနာမည်ရှင်တွေ၊ သောကြာနာမည်ရှင်တွေကို အလုပ်အတွက်၊ ငွေအတွက် အာမခံပေးမယ်ဆိုရင် စဉ်းစားပါ။ အမှုအခင်းအတွက်ဆိုရင်တော့ ဘယ်သူ့ကိုမှ အာမခံမနေပါနဲ့တော့။

ကားစထောင်မယ်ဆိုရင်၊ ကားနဲ့ပတ်သက်တဲ့လုပ်ငန်းတွေစလုပ်မယ်ဆိုရင် အချိန်ယူပြီး စဉ်းစားပါ။ ကိုယ့်ကိုယ်ပိုင်ကားကို တနင်္လာ၊ သောကြာနာမည်ရှင်တွေကို မောင်းခိုင်းမယ်ဆိုရင် မိသားစုနဲ့တိုင်ပင်ပြီး တော်တော်လေးစဉ်းစားပါ။ ကားမောင်းအထူးဆင်ခြင်ပါ။

သူများငွေကြေးကိစ္စတွေကို ဘယ်လိုနည်းနဲ့မှ အာမမခံပါနဲ့။ ကိုယ့်မှာ ဆုံးရှုံးနစ်နာမှုတွေဖြစ်သွားတတ်ပါတယ်။ အားမနာပါနဲ့။ အားနာပါးနာပေးလိုက်ရပြီဆိုတာနဲ့ ဆုံးပြီသာမှတ်ပါ။ ငွေလုံးမချေးပါနဲ့။ တစ်ဆင့်ယူပြီး အတိုးတစ်ဖက်ကိုယူပြန်ချေးတဲ့အလုပ်ကို လုံးဝ မလုပ်ပါနဲ့။ အိမ်ပါ ရောင်းရတဲ့အထိ ဖြစ်သွား[illegible] တယ်။ ဖြစ်နိုင်ရင် အများနဲ့ဆိုင်တဲ့ငွေကြေးကိစ္စမှန်သမျှ [illegible] ငွေကြေးနဲ့ဆိုင်တဲ့ စာရင်းဇယားတွေကို ကိုင်တွယ်ရပါ[illegible] တောင် စာရင်းဇယားတွေ သေချာပြုလုပ်ပါ။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ခိုင်းပါနဲ့။

စပ်တူရှယ်ယာလုပ်ငန်းလုပ်ဖို့စဉ်းစားရင် လုံးဝ မလုပ်ပါနဲ့။

ကိုယ်မကျွမ်းကျင်တဲ့လုပ်ငန်းတွေမှာ ငွေကြိုပေးတာတို့၊ ငွေထည့်တာတို့ လုံးဝရှောင်ပါ။ မဲစုတယ်လို့ခေါ်ဝေါ်ကြတဲ့ နေ့စဉ်ငွေစုတဲ့ကိစ္စရှိရင်တောင် ဒီနှစ် သတိထားပါ။

ဒီနှစ်က ငွေကံဟာ အကြောင်းမရှိ အကြောင်းရှာပြီး အလွယ်တကူ ဝေါခနဲ ဝေါခနဲ ထွက်တတ်တာမို့ ရှာရတာခက်သလောက် အကုန်မြန်နေတတ်ပါတယ်။

ဘယ်သူ့ကိုပဲဖြစ်ဖြစ် ကိုယ်ကပဲ ပေးရကမ်းရ ထောက်ပံ့နေရတာကို သတိထားလိုက်ပါ။ ကိုယ့်အိမ်၊ ကိုယ့်ဆီကိုလာရင် အကြောင်းအမျိုးမျိုးနဲ့ အကူအညီလာတောင်းကြသူတွေသာ များနေပါလိမ့်မယ်။ ပေးကမ်းမယ့်သူ လာမှာမဟုတ်ပါဘူး။ ညည်းပြနေကြပါလိမ့်မယ်။

ကိုယ့်မိသားစုမှာလည်း ရှာလို့ဖွေလို့ အဆင်ပြေပြီဆိုရင် နေမကောင်းတွေဖြစ်ကြပြန်တာ တွေ့ရပါလိမ့်မယ်။

ဒါကြောင့်-

ငွေကြေးနဲ့ပတ်သက်လာရင် ရှာသမျှ မစုမိဘဲ ခြေထောက်ပေါက်သလို ထွက်နေတတ်တဲ့နှစ်ဖြစ်နေလို့ ရတနာမြတ် (၃) ပါးရဲ့အရိပ်တော်အောက်မှာ လောဘကင်းကင်းနဲ့ နေနိုင်အောင် ကြိုးစားပါ။ လောဘကြီးလေ၊ ထိလေ၊ ကုန်လေပါပဲ။

ရှိတဲ့လုပ်ငန်းတွေကိုသာ တစိုက်မတ်မတ် ကြိုးစားပြီး ပြု





လုပ်ပါ။

လုပ်ငန်းချဲ့ချင်ရင် ကိုယ်လုပ်နေတဲ့လုပ်ငန်းကိုပဲ ချဲ့ပါ။

ဥပမာ- စားသောက်ဆိုင်ရှိသူဟာ စားသောက်ဆိုင်ကိုပဲချဲ့ပါ။ ကားလုပ်ငန်းကို သွားမချဲ့ပါနဲ့။

လုပ်ငန်းတွေအဆင်ပြေလာပြီဆိုတာနဲ့ အလုပ်သမားကြောင့် စိတ်ညစ်စရာတွေ ဖြစ်လာရပြန်ပါတယ်။ အလုပ်သမားမမြဲတတ်ပါဘူး။

ဒါကြောင့် ခဏခဏ စိတ်မတိုပါနဲ့။ ဒေါသမကြီးပါနဲ့။ ကိုယ်ချင်းစာစိတ်နဲ့ပဲ ကြည့်ပါ။ မေတ္တာစိတ်နဲ့ပဲ ကြည့်ပါ။ အောင်မြင်နေပါလိမ့်မယ်။ အခက်အခဲတွေကြားက အောင်မြင်နေပါလိမ့်မယ်။

ဘယ်သူ့ကို ဘယ်လိုပဲလုပ်ကိုင်ရှာဖွေကျွေးကျွေး၊ မြှောက်စားမြှောက်ပေးပေး အဲဒီလူတွေက ပြန်ပြီး ပမာမခန့်လုပ်တာ၊ မထီမဲ့မြင်လုပ်တာတွေကြောင့် ကိုယ်ဟာ သြဇာမရှိတော့တဲ့လူတစ်ယောက်လို ခံစားလာရပြီး စိတ်ကျတတ်ပါတယ်။

ဒီအချိန်မှာ အဆာခံတာတို့၊ အချိန်နဲ့မစားချင်တာတို့ဖြစ်ပြီး အစာအိမ်ဝေဒနာဖြစ်တတ်ပါတယ်။ ရှောင်ပါ။

အလုပ်လုပ်ရင် ဟိုပြောင်းချင် ဒီရွှေ့ချင်တွေ ဖြစ်တတ်ပါတယ်။

ပြောင်းလည်း မထူးပါဘူး။ မိသားစုအတွင်းမှာ နေရထိုင်ရတာ မွန်းကျပ်လာလို့ ရှိသမျှ အကုန်ရောင်းချင်စိတ်တွေဖြစ်ပြီး ရောင်းဖြစ်သွားပါလိမ့်မယ်။ ကြွေးတွေဆပ်ချင်လို့ရောင်းရတဲ့အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တွေဖြစ်တတ်တဲ့နှစ်ဖြစ်နေလို့ အများပိုင်ငွေတွေကို သတိထားနိုင်းခဲ့တာပါ။

ဒီနှစ်ဟာ ငွေကြေးနဲ့ပတ်သက်ပြီး လောဘမကြီးဘဲ စားလည်း ဘုရား၊ သွားလည်း ဘုရား၊ အိပ်လည်း ဘုရားဖြစ်နေရင်-

အဓိဋ္ဌာန်တွေ မကြာမကြာဝင်နေရင်-

ဘုရားစေတီတွေကို မကြာမကြာသွားပြီး တံမြက်စည်းလှည်းလိုက်၊ အမှိုက်ကောက်လိုက်တွေလုပ်နေရင်-

အစစအရာရာ ဆက်ပြီးအဆင်ပြေနေပါလိမ့်မယ်။

ဒါပေမယ့် အင်းတွေ၊ အဆောင်တွေ၊ လက်ဖွဲ့တွေ လုံးဝမဝင်ပါစေနဲ့။ နိုက်တတ်ပါတယ်။ ပိုဆိုးလာတတ်ပါတယ်။

အဟောင်းအပျက်တွေရှိရင်တောင် စွန့်ပစ်ပါ။

ဘုရားဆောင်ရှင်းနေပါစေ။ လင်းထိန်နေပါစေ။ မီးလုံးတွေမကျွမ်းပါစေနဲ့။

ဒီနှစ်ဟာ အဲဒီလို လောကီပိုင်းတွေမှာသာ စိတ်ညစ်ရပေမယ့် တရားထူးတရားမြတ်တွေရအောင် ကျင့်ကြံ အားထုတ်နိုင်ပြီး တကယ်လည်း တရားထူးတရားမြတ်တွေရမယ့်နှစ်ပါ။ တရားပြပေးတဲ့ ကျေးဇူးရှင်ဆရာများနဲ့ ဆုံတွေ့ သင်ကြားရပါလိမ့်မယ်။ သီလ၊ သမာဓိကြီးမားတဲ့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တွေကို ဖူးတွေ့ရတတ်ပါတယ်။ မရဘူးသေးတဲ့အသိတွေ၊ ပညာတွေ ရပါလိမ့်မယ်။ တရားများများရှုမှတ်ပါ။ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများနေပါ။

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာ





သစ်တော်ရေ၊ သောက်တော်ရေကပ်လှူပါ။ ပြီးရင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကိုရွတ်ပါ။ ဓမ္မစကြာရွတ်ပါ။ မဟာသမယသုတ်ရွတ်ပါ။ ဖြစ်အောင်ရွတ်ပါ။ ပြီးရင် မေတ္တာများများပို့၊ အမျှဝေပါ။ ပရိတ်ရွတ်နေကျဆိုရင်လည်း ရွတ်ပါ။ ဆွမ်းတော်ကို ဘာနဲ့ကပ်ကပ်ရပါတယ်။ ဖြစ်နိုင်ရင် တစ်လတစ်ခါ ခွတ်ကြီး (၄) ပါးဆွမ်းကပ်လှူပါ။ အရုဏ်ဆွမ်းခံကြွတဲ့ သံဃာတော်အရှင်သူမြတ်တွေကို အရုဏ်ဆွမ်း မကြာခဏ လောင်းလှူပါ။

ဘာမှရွတ်လေ့မရှိရင် တရားရှုမှတ်ပါ။

အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကြီးတွေကို ဦးဆောင်ပြီးပူဇော်ပါ။ လုပ်နိုင်ခွင့်မသင့်ရင် ကုသိုလ်ပြုပါဝင်ပါ။ လုပ်အားလှူပါ။

ခွေးလေးတွေ၊ ငှက်လေးတွေကို ခဏခဏ အစာကျွေးပါ။

ကျန်းမာရေးညံ့ရင် ငါးအရှင်လေးတွေ၊ ကဏန်းအရှင်လေးတွေကို ဈေးမဆစ်ဘဲဝယ်ပြီး ဘေးမဲ့လွှတ်ပေးပါ။ လိုအပ်ရင် ကြက်အရှင်ကို ဈေးမဆစ်ဘဲဝယ်ပြီး လွှတ်ပေးပါ။ ဆေးခဏခဏလှူပေးပါ။ သံဃာတော်အရှင်သူမြတ်များ ဘုရားဖူးကြွမည့်ခရီးအတွက် ဆုံတိုင်း ကုသိုလ်ပြုလှူပေးပါ။

ပညာရေးကံတွေ တောက်လျှောက်ကောင်းလွန်းနေပါပြီ။ ဘယ်လိုမှမျှော်မှန်းမထားတဲ့ပညာတွေ သင်ကြားရပါလိမ့်မယ်။

ချစ်တတ်ကြသူတွေကတော့ ငှက်လေးတွေ၊ ငါးလေးတွေကို ခဏခဏအစာကျွေးပါ။ တနင်္လာနေ့မှာမည် မုန့်ဆိုင်လေးတွေမှာ မုန့်ထိုင်စားပြီး စကားပြောဖြစ်ရင် ငွေကြေးနဲ့ပတ်သက်တာတွေ လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



မပြောမိပါစေနဲ့။

အကျိုးပေးတဲ့လုပ်ငန်းသစ် စတင်ချင်ရင် စနေနေ့ မနက် (၉) နာရီတိတိမှာ စတင်ပါ။

ထီ- ကြာသပတေးနံ့ထီဆိုင်နဲ့ ၇၊ ၅၊ ၁ ဂဏန်းတွေ ကံစပ်နေပါတယ်။

ကိုယ့်နာမည်ဟာ စနေစပြီး ကြာသပတေးပိတ်တဲ့ တင်ပိုင်၊ ထွန်းမြ၊ ထက်ပို ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေပြီဆိုရင်တော့-

ရန်မဖြစ်ပါနဲ့။ လောင်းကစားလုံးဝမလုပ်ပါနဲ့။ ဥပဒေနဲ့ငြိစွန်းစေမယ့်ကိစ္စမှန်သမျှ လုံးဝ ရှောင်ပါ။

အသောက်အစားကင်းပြီး ကျင့်ကြံအားထုတ် ရွတ်ဖတ်သရဇ္ဈာယ်မှု များများပြုပါ။

ဘုရားရိပ်၊ တရားရိပ်၊ သံဃာရိပ်ကိုသာ ခိုလှုံပါလေ။

ဖြူအောင်စိတ်ကိုထားရင်းနဲ့ အောင်မြင်မှုတွေ များစွာ ရယူလာနိုင်ပါလိမ့်မယ်။

အကြောင်းကိစ္စရှိရင် ဘုရားကို အရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၇) တိုင်ထွန်းပြီးမှ လိုရာကိုသွားပါ။ နှုတ်က ဂုဏ်တော်များ မပြတ်ရွတ်သွားပါ။

**စနေသားသမီးများ**

အသက် ၉၊ ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇၊ ၆၅၊ ၇၃၊ ၈၁၊ ၈၉၊ ၉၇ ဆိုတဲ့နှစ်တွေကိုရောက်ပြီဆိုရင်-





ဘယ်လိုကိစ္စမျိုးကိုပဲဖြစ်ဖြစ် အောင်မြင်ဖို့ တိုင်ပင်တော့မယ်ဆိုရင် သောကြာနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။

ဒါပေမယ့် သောကြာစ၊ တနင်္ဂနွေပိတ်မှည့်ထားတဲ့ သာအိုး၊ သစ်အိမ်၊ သူအုံ ဆိုတဲ့ နာမည်တွဲမျိုးတွေ ဖြစ်နေပြီဆိုရင်တော့ မတိုင်ပင်ပါနဲ့တော့။

ဗုဒ္ဓဟူးနာမည်ရှင်တွေလည်း အကျိုးပေးသလို-

စနေနာမည်ရှင်တွေလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် စနေစပြီး အင်္ဂါပိတ်မှည့်ထားတဲ့ ထားစံ၊ တင်ဇွဲ၊ နွဲ့ဆိုး ဆိုတဲ့နာမည်တွဲမျိုးဖြစ်နေရင် အကျိုးမပေးပြန်ပါဘူး။ ပြီးတော့ စနေက အလုပ်များတဲ့လူမျိုးဖြစ်နေတတ်လို့ ကိုယ်က အကူအညီလိုရင် စိတ်ရှည်ပါ။

ကျန်တဲ့နာမည်ရှင်တွေနဲ့ကတော့ ခင်လို့ရပါတယ်။ စီးပွားစပ်တူလုပ်မယ်ဆိုရင်၊ အကူအညီတောင်းမယ်ဆိုရင်သာ အကျိုးမပေးတာပါ။

၅ ဂဏန်း အကျိုးမပေးပါဘူး။

ရှောင်ဖို့တွေကတော့ ဒီနှစ်ထဲမှာ မြေဝယ်လို့မရပါဘူး။ ဝယ်ပြီးတာနဲ့ မလိုလားအပ်တဲ့ကိစ္စတွေ ဆက်တိုက်ဝင်လာတတ်ပါတယ်။ ပြီးတော့ မြေဆုံးတတ်၊ ထွက်တတ်ပါတယ်။ အရှုပ်အရှင်းရှိနေတဲ့ မြေကို ဝယ်မိလျက်သား ဖြစ်နေတတ်ပါတယ်။

အမွေကိစ္စ လုံးဝ မလုပ်ပါနဲ့။

အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေရောင်းတဲ့ အိမ်ဆောက်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းလုပ်ငန်းကို ဒီနှစ်မှ စလုပ်မယ်ဆိုရင် စဉ်းစားပါ။

အမှုအခင်းဖြစ်နေသူကို လုံးဝ အာမမခံပါနဲ့။

ရန်စရှိနေသူနဲ့ သွားအတူလာအတူ မလုပ်ပါနဲ့။

ရန်လုံးဝမဖြစ်ပါနဲ့။ သူများကြားမှာ မညပ်အောင် နေပါ။

စပ်တူရှယ်ယာ လုံးဝ မလုပ်ပါနဲ့။

သူများကိစ္စတွေကို ကူညီပေးမယ်ဆိုရင် ကြားမညပ်မယ့် အနေအထားကနေသာ ကူညီပေးပါ။

အိမ်ဆောက်ရင်တောင် အပြီးမသတ်ဘဲ အချိန်ဆွဲဆောက်ပါ။

တစ်နှစ်လုံးအတွက်ကတော့ မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သစ်သီးဆွမ်း၊ သကြားဆွမ်း ကပ်လှူပူဇော်ပါ။ ပဋ္ဌာန်း၊ ပရိတ် စသည့် နေ့စဉ် ရွတ်ဆိုနေကျ ဘုရားရှိခိုးများကို အသံထွက်ပြီး ရှိခိုးပါ။ ပုတီးစိပ်နေကျအတိုင်း စိပ်ပါ။

အတိုက်အခံများလွန်းရင် ဘုရားစေတီတစ်ဆူဆူကို ခြေကျင် လမ်းလျှောက်သွားပြီး ရင်ပြင်တော်မှာ တံမြက်စည်းလှည်းပါ။ အမှိုက်ကောက်ပါ။ ပြီးမှ သမ္ဗုဒ္ဓေ (၁၀၈) ခေါက် ထိုင်ရွတ်ပါ။ သံဃာတော်အရှင်သူမြတ်များကို ထီးမကြာခဏလှူပေးပါ။ ဘုံတထိန်ပွဲမှာ ထီးများလှူပေးပါ။ သာသနာစောင့်နတ်မင်းကြီးတွေ၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုးနတ်တွေ၊ ရိုးရာနတ်တွေကို မေတ္တာ အထူးပို့၊ အမျှဝေဖို့ လုံးဝ မမေ့ပါနဲ့။

ကျန်းမာရေးလိုအပ်ရင် ရတနသုတ်တော်ကို အမြဲဋ္ဌာန်နဲ့ရွတ်ပါ။ ဆေးလိုအပ်သူများကိုတွေ့တိုင်း ထိရောက်တဲ့ဆေး၊ ထိရောက်တဲ့အာဟာရ လှူပေးပါ။

ငှက်လေးများ၊ ငါးလေးများကို မကြာမကြာ ဘေးမဲ့ပေးပါ။ မကြာမကြာ လမ်းလျှောက်ပြီး ဘုရားကိုသွားပါ။ တံမြက်စည်း သွားလှည်းပါ။

အကြောနဲ့ပတ်သက်တဲ့ဝေဒနာကို ဂရုစိုက်ပါ။ ဒူးတွေနာတတ်ပါတယ်။ အိပ်မပျော်တွေ ဖြစ်တတ်ပါတယ်။

ပညာရေးကံတွေကောင်းပေမယ့် ကိုယ်တိုင် ပေါ့လျော့တတ်လို့ ခုကောင်းနေရာက တော်ကြာညံ့လိုက်ဖြစ်တတ်ပါတယ်။ ပုံမှန်ကြိုးစားပါ။ အောင်မြင်ပါတယ်။ လမ်းထွက်မများရင် ပြီးတာပါပဲ။

ချစ်တတ်သူတွေကတော့ မျက်မမြင်၊ မျက်စိဝေဒနာရှင်တွေကို လိုအပ်တဲ့ဆေး၊ လိုအပ်တဲ့အာဟာရ၊ ငွေ လှူပေးပါ။

နိုင်ငံခြားခရီးစဉ်းစားရင် နှစ်ကြိမ်၊ သုံးကြိမ်ပြုလုပ်ပြီးမှ ထွက်ရတတ်ပါတယ်။

အကျိုးပေးတဲ့လုပ်ငန်းသစ် စချင်ရင် သောကြာနေ့ မနက် (၇) နာရီမှာ စတင်ပါ။

ထိ– သောကြာနံ့ထိဆိုင်နဲ့ ၆၊ ၇၊ ၁၊ ၄၊ ၈ ဂဏန်းတွေ အကျိုးပေးပါတယ်။

နာမည်ဟာ စနေစပြီး အင်္ဂါပိတ်မှည့်ထားတဲ့ တင်ခွဲ၊ ထွန်းစ၊ ထိန်ညို ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေပြီဆိုရင် ရန်လုံးဝမဖြစ်ပါနဲ့။ လောင်းကစား လုံးဝမလုပ်ပါနဲ့။ သူများကိစ္စတွေကို လုံးဝ အာမမခံပါနဲ့။ အသောက်အစားရှောင်ပါ။ ဘာသာတရားကိုင်းရှိုင်းပါ။





ပညာရွှေတောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်စီး လုံးဝ မကြမ်းပါနဲ့။

**စနေသားသမီးများ**

အသက် ၁၀၊ ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄၊ ၈၂၊ ၉၀၊ ၉၈ ဆိုတဲ့နှစ်တွေမှာဆိုရင်-

အောင်မြင်လိုတဲ့ ဘယ်ကိစ္စမျိုးကိုပဲဖြစ်ဖြစ် တနင်္ဂနွေနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် တနင်္ဂနွေစ၊ အင်္ဂါပိတ်မှည့်ထားတဲ့ အုန်းဖွဲ၊ အေးညို၊ အိမ့်ဇံ ဆိုတဲ့ နာမည်တွဲမျိုး ဖြစ်နေရင်တော့ မတိုင်ပင်ပါနဲ့တော့။

အင်္ဂါက ကောင်းလိုက်၊ မကောင်းလိုက်ဖြစ်တတ်ပေမယ့် တိုင်ပင်လို့တော့ ရပါတယ်။ အကူအညီရနိုင်ပါတယ်။

စနေက ကောင်းပေမယ့် ခုကောင်းလိုက်၊ တော်ကြာ အဖျားရှူးသွားသလို ဖြစ်နေတတ်ပါတယ်။

ဗုဒ္ဓဟူးကတော့ ခုဟုတ်တော့မလိုဖြစ်လိုက်၊ တော်ကြာမဟုတ်လိုက်၊ နောက်ပြန်ဟုတ်လိုက်နဲ့ ဖြစ်နေတတ်တာမို့ စိတ်တော့ရှည်ပါ။

ကျန်တဲ့နာမည်ရှင်တွေနဲ့ကတော့ ခင်လို့ရပါတယ်။ ခင်စရာလည်း ကောင်းကြပါတယ်။ စီးပွားသာ စပ်လို့မရတာပါ။

၅ ဂဏန်း အကျိုးမပေးပါဘူး။

ရှောင်ဖို့တွေကတော့ ဒီနှစ်ထဲမှာ မြေမဝယ်ပါနဲ့။ မြေရောင်းမြေဝယ်မလုပ်ပါနဲ့။ အရှုပ်အရှင်းတွေ အများကြီးဖြစ်သွားတတ်ပါ





တယ်။ ဆုံးရှုံးတဲ့အထိ ဖြစ်တတ်ပါတယ်။ အခွေ့ကိစ္စတွေ စဆောင်ပါနဲ့။ လုပ်တာနဲ့ ရှုံးတတ်ပါတယ်။

ဒီနှစ်ကမှစပြီး ကျောက်မျက်ရတနာလုပ်ငန်းတွေလုပ်မယ်ဆိုရင်တော့ စဉ်းစားပါ။ သူများစားဖို့ချည်း ဖြစ်နေတတ်ပါတယ်။ ကားမောင်းတာကို တော်တော်ဆင်ခြင်ပါ။

ငွေကြေးကို တစ်ဖက်ကယူပြီး တစ်ဖက်ကိုပြန်ပေးရတဲ့စီးပွားရေးလုပ်ငန်း လုံးဝရှောင်ပါ။ ကိုယ်စိုက်ရတာချည်း ဖြစ်သွားပါလိမ့်မယ်။ ငွေကြေးလောဘကြီးလို့မရပါဘူး။ လောဘကြီးလေ၊ ထိလေပါပဲ။ ငွေကြေးနဲ့ပတ်သက်ပြီး သူများကို အာမခံတာ လုံးဝရှောင်ပါ။ ဘာမဆိုင်ညာမဆိုင် ကိုယ်ခံရပါလိမ့်မယ်။ ဘယ်ငွေကြေးကိစ္စကိုမဆို ရှောင်ပါ။

တစ်နှစ်လုံးကတော့ မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သောက်တော်ရေကပ်လှူပါ။ ပြီးရင် အုန်းသီးကိုအစိတ်အစိတ်လေးတွေလုပ်ပြီး ဖြစ်စေ၊ ခြစ်ပြီး ဖြစ်စေ ဘုရားဆွမ်းတော်ကပ်လှူပါ။ ခဏခဏပြုလုပ်ပါ။ တစ်လကို လေး၊ ငါးကြိမ်ကပ်လှူပါ။ ပြီးတာနဲ့ ရက္ခစိုးကြီးတွေကို အထူး မေတ္တာပို့ အမျှဝေပါ။

မနက်တိုင်း ငှက်လေးတွေကို အစာကျွေးပါ။

ကျန်းမာရေးလိုအပ်ရင် ငါးလေးတွေ၊ ကဏန်းလေးတွေကြက်အရှင်လေးတွေကို ခဏခဏ ဘေးမဲ့လွှတ်ပေးပါ။

သရဏဂုံ (၃၀) ကို နေ့တိုင်း ပုတီး (၁၀) ပတ် မရရအောင်



www.burmeseclassic.com

www.burmeseclassic.com



စိပ်ပါ။ မေတ္တာသုတ်ရွတ်ပြီး ရုက္ခစိုးကြီးတွေကို မေတ္တာအထူးပို့ပေးပါ။

ပညာရေးကံတွေကောင်းပေမယ့် ခဏခဏ ငိုက်မျဉ်းနေတတ်ပါတယ်။ အိပ်ရေးဝဝအိပ်ပါ။ ဗိုက်ထဲမှာ လေတအားပွစေမယ့်အစာတွေ မစားပါနဲ့။

ချစ်တတ်သူတွေကတော့ ခိုလေးတွေကို ခဏခဏ အစာကျွေးပါ။ ငွေကြေးနဲ့ပတ်သက်တဲ့ကိစ္စတွေ မပြောမိပါစေနဲ့။ ရေစပ်နားက ဗုဒ္ဓဟူးနာမည်ရှိတဲ့ မုန့်ဆိုင်လေးတွေမှာထိုင်မိရင် ငွေကြေးနဲ့ပတ်သက်ပြီး စကားများတတ်လို့ ဆင်ခြင်ပါ။

အိမ်ထောင်ရှင်တွေအနေနဲ့ သူ့ဆွေမျိုးဘက်၊ ကိုယ့်ဆွေမျိုးဘက်တွေနဲ့ ပတ်သက်ပြီး ငွေကြေးကိစ္စတွေ ပေါ်တတ်ပါတယ်။ ငွေကြေးကြောင့် စကားများရတတ်ပါတယ်။ လုပ်ငန်းတွေလုပ်နေရင်လည်း သူများကလာဆွယ်တဲ့လုပ်ငန်းတွေ ထပ်လုပ်ချင်တဲ့စိတ် မဖြစ်ပါစေနဲ့။ ငွေတွေကုန်သွားပြီး ဘာမှမဟုတ်ဖြစ်တတ်ပါတယ်။

အကျိုးပေးတဲ့လုပ်ငန်း စချင်ရင် အင်္ဂါနေ့ မနက် (၇) နာရီမှာ စတင်ပါ။

ထီ- တနင်္ဂနွေနံထီဆိုင်နဲ့ ၁၊ ၃၊ ၄၊ ၈ ဂဏန်းတွေအကျိုးပေးနေပါတယ်။

ကိုယ့်ပတ်ဝန်းကျင်မှာ ကိုယ်ဝန်ဆောင်အမျိုးသမီးများကိုတွေ့လို့ရှိရင် ခွန်အားဖြစ်စေတဲ့အာဟာရ၊ ထိရောက်တဲ့ငွေ လှူပေးပါ။ ကလေးမွေးခါနီးဆိုရင် ကလေးအတွက် အနီးတွေပါ ဝယ်





ပေးပါ။

ချစ်သူတွေ မျက်နှာပွင့်တတ်ကြပေမယ့် အလွန်အကျွံမျက်နှာပွင့်တာမျိုးတော့မဖြစ်အောင် ထိန်းပါ။

**စနေသားသမီးများ**

အသက် ၁၁၊ ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉၊ ၆၇၊ ၇၅၊ ၈၃၊ ၉၁၊ ၉၉ ဆိုတဲ့နှစ်တွေကိုရောက်ပြီဆိုရင် -

အောင်မြင်လိုတဲ့ ဘယ်လိုကိစ္စမျိုးကိုပဲ ဖြစ်ဖြစ် တနင်္လာနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါတောင်မှ တနင်္လာစ၊ ဗုဒ္ဓဟူးပိတ်မှည့်ထားတဲ့ ကျော်ဝ၊ ခင်လှ၊ ခိုင်ရွှန်း ဆိုတဲ့ နာမည်တွဲမျိုးတွေ ဖြစ်နေရင်တော့ မတိုင်ပင်ပါနဲ့တော့။

အင်္ဂါလည်း ကောင်းပါတယ်။ အကျိုးပေးပါတယ်။ ဒါပေမယ့် အလုပ်များနေတဲ့အင်္ဂါမျိုး ဖြစ်နေတတ်လို့ သူနဲ့ဆုံဖို့ရှိရင် အချိန်တွေ အများကြီးပေးရပါလိမ့်မယ်။ စိတ်ရှည်ရပါလိမ့်မယ်။

သောကြာက အကျိုးပေးတယ်ဆိုပေမယ့် ခက်ခက်ခဲခဲနဲ့ပဲ အကျိုးပေးတတ်ပါတယ်။ ဒါတောင် မိတ်ဟောင်းဆွေဟောင်းမှပါ။

ကြာသပတေးကျတော့ ဆုံလိုက်၊ မဆုံလိုက်နဲ့ ဖြစ်နေတတ်ပါတယ်။

ကျန်တဲ့နာမည်ရှင်တွေက ခင်ဖို့ကောင်းပေမယ့် တိုင်ပင်ဖို့၊ အကူအညီတောင်းဖို့၊ စီးပွားစပ်ဖို့ကျ အကျိုးမပေးတော့ပါဘူး။

၇ ဂဏန်း လုံးဝ အကျိုးမပေးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖို့တွေကတော့ နိုင်ငံရပ်ခြားနဲ့ပတ်သက်ပြီး အလုပ်လုပ်မယ့်ကိစ္စတွေ၊ နိုင်ငံခြားသားတွေနဲ့ အလုပ်လုပ်ဖို့ကိစ္စတွေဆိုရင် အချိန်အများကြီးယူပြီး စဉ်းစားပါ။ အိမ်၊ ခြံ၊ မြေလုပ်ငန်းတွေ ခုမှ စတင်မယ်ဆိုရင်လည်း အချိန်ယူပြီး စဉ်းစားပါ။ အိမ်ဆောက်မယ်ဆိုရင်တောင် အချိန်ယူပြီးမှ အကျိုးပေးတဲ့ နာမည်ရှင်နဲ့ တိုင်ပင်ပြီးလုပ်ပါ။ သုံးပြီးသားသစ်တွေ၊ မီးကျွမ်းသစ်တွေ မဝယ်မိပါစေနဲ့။ သစ်ဟောင်းတွေရှောင်ပါ။ (သစ်ဟောင်းရောင်းဝယ်ရေး လုပ်ငန်းတွေကိုတော့ မဆိုလိုပါဘူး။) သစ်စက်စထောင်မယ်ဆိုရင် အချိန်ယူပါဦး။

နေထိုင်မကောင်းရင်၊ ရန်များလွန်းလာရင် အင်းပျက်တွေ၊ အိုးကွဲတွေ အကုန်စွန့်ထုတ်ပစ်ပါ။

တစ်နှစ်လုံးအတွက်ကတော့ မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သောက်တော်ရေကပ်လှူပါ။ ယပ်တော်သွင်းပါ။ ဂုဏ်တော်၊ ဂုဏ်တော်ကွန်ချာ၊ ဂုဏ်တော်စက်ဝန်း ပုတီးစိပ်ပါ။ ပန်း၊ ဆီမီး၊ ရေချမ်း ပုံမှန် ပူဇော်ပါ။ ပုံမှန် ဆွမ်းတော်ကပ်ပါ။

အလှူကြီးဟာ၊ မင်္ဂလာကြီးဟာတွေ ကောင်းလွန်းနေပါတယ်။ ကြီးမားတဲ့ကုသိုလ်ပြုအလှူကြီးတွေ လှူဖြစ်ပါလိမ့်မယ်။ အဲဒီလို အလှူကြီးမျိုးတွေမှာလည်း ဦးဆောင်ကုသိုလ်ပြုရတတ်ပါတယ်။ ကားဝယ်ဖို့စီစဉ်ထားရင် ဝယ်ဖြစ်ပါပြီ။ မင်္ဂလာရှိရှိနေလေ၊ စီးပွားတက်လေဖြစ်မယ့်နှစ်ပါပဲ။ အမင်္ဂလာစကားတွေရှောင်ပါ။

ဆေးခဏခဏလှူပေးပါ။





စိတ်ကျန်းမာရေးဆေးရုံ ဒါမှမဟုတ် စိတ်ကျန်းမာရေးနဲ့ဆိုင်တဲ့ ကုသရာနေရာမျိုးတွေမှာ ဆေးဝါးလှူပေးပါ။ အာဟာရတွေလှူပေးပါ။

ရင်ပြည့်တဲ့ထိ မစားပါနဲ့။ ခဏခဏရင်ပြည့်တတ်ပါတယ်။ ရင်ထဲ၊ ဝမ်းထဲမှာ လေတွေရှိပြီး ဘာဖြစ်လို့ဖြစ်မှန်းမသိ ဖြစ်နေတတ်ပါတယ်။ အမှန်က လေတွေပါပဲ။ အအေးမခံပါနဲ့။

ကျန်းမာရေးလိုအပ်ရင် ပရိမိတ္တဇာလသုတ်ကို တစ်နေ့ (၉) ခေါက်ရွတ်ပါ။ စာကလေး ခဏခဏလွှတ်ပေးပါ။

ပညာရေးကံတွေ ကောင်းပါတယ်။ ပြန်ဦးမော့လာပါပြီ။ ကြိုးစားလေ၊ အောင်မြင်လေပါပဲ။ အလုပ်နဲ့ပတ်သက်ပြီး ဖြေဆိုရရင်လည်း ကောင်းပါတယ်။

ချစ်တတ်ကြသူတွေကတော့ မျက်နှာအပွင့်လွန်နေတတ်ပါတယ်။ သစ္စာရှိကြဖို့ပဲ လိုပါတယ်။ ငှက်စာလေးတွေ ခဏခဏ ကျွေးကြပါ။

အကြောင်းကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၉) တိုင်ထွန်းညှိပူဇော်ပြီးမှ လိုရာကိုသွားပါ။

အကျိုးပေးလုပ်ငန်း စတင်ချင်ရင် တနင်္လာနေ့ မနက် (၇) နာရီမှာ စလိုက်ပါ။

ထီ- တနင်္လာနံထီဆိုင်တွေနဲ့ ၂၊ ၉၊ ၃၊ ၄ ဂဏန်းတွေ အကျိုးပေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနှစ်ဟာ ငွေကံတွေ စပွင့်လာသလို မျက်နှာလည်းပွင့်လာတဲ့နှစ်ပါပဲ။ ဒါကြောင့် သစ္စာရှိဖို့၊ သိလလုံဖို့ပဲ လိုပါတယ်။ အပျော်များလွန်းတဲ့ သူငယ်ချင်းတွေ လာလာခေါ်တိုင်း မလိုက်မိဖို့ဘဲ ကိုယ့်ကိုယ်ကိုယ် ဆုံးမပါ။ စီးပွားတွေတက်လာပါလိမ့်မယ်။ ကျင့်ကြံအားထုတ်ပါများရင်းနဲ့ ဝေးလံတဲ့ဒေသ ဘုရားဖူးခရီးရှည်မျိုးတောင် သွားရတတ်ပါတယ်။ မြတ်တဲ့ခရီးတွေပါ။

**စနေသားသမီးများ**

အသက် ၁၂၊ ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆၊ ၈၄၊ ၉၂၊ ၁၀၀ ဆိုတဲ့နှစ်တွေမှာဆိုရင်–

စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အောင်မြင်လိုတဲ့ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် ကြာသပတေးနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် ကြာသပတေးစ၊ အင်္ဂါပိတ်မှည့်တဲ့ ပြုံးခွဲ၊ မြဖံ၊ ဖြိုးညဏ် ဆိုတဲ့ နာမည်တွဲမျိုးတွေဆိုရင်တော့ မတိုင်ပင်ပါနဲ့တော့။

ဗုဒ္ဓဟူးကလည်း အကျိုးပေးပေမယ့် သူကိုယ်တိုင် သွားသွားလာလာများပြီး အလုပ်များတဲ့ဗုဒ္ဓဟူးဖြစ်နေလို့ ကိုယ်က အချိန်ပေးရပါလိမ့်မယ်။

တနင်္ဂနွေလည်း အကျိုးပေးပါတယ်။

ကျန်တဲ့နာမည်ရှင်တွေကိုတော့ ခင်ပါ။ ခင်ဖို့ကောင်းတဲ့သူချည်းပါပဲ။ စီးပွားစပ်ရင်သာ မရတာပါ။ အကူအညီတောင်းရင်သာ မရနိုင်တာပါ။





၂ ဂဏန်း အကျိုးမပေးပါဘူး။

ရှောင်ဖို့တွေကတော့ ဒီနှစ်ထဲမှာ ကျောက်တူးမှာတို့၊ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတို့ လုပ်မယ်ဆိုရင် စဉ်းစားပါ။ အချိန်ယူပါ။ ချက်ချင်း ထမလုပ်ပါနဲ့ဦး။ ကားဂိတ်လုပ်ငန်းတွေ၊ ကားလုပ်ငန်းတွေလုပ်မယ်ဆိုရင်လည်း မိသားစု အချိန်ယူပြီး တိုင်ပင်လိုက်ပါဦး။ သူပြောလူပြောနဲ့ မလုပ်ပါနဲ့။

ခရီးသွားလုပ်ငန်းတွေ လုပ်မယ်ဆိုရင်လည်း စဉ်းစားပါဦး။ သစ်လုပ်ငန်းတွေလုပ်မယ်ဆိုရင်လည်း အချိန်ယူပါဦး။ အဆောင် ကျောက်ပဲဖြစ်ဖြစ်၊ ရိုးရိုးကျောက်ပဲဖြစ်ဖြစ် ဝင်လို့မရပါဘူး။

တစ်နှစ်လုံးအတွက်က မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သောက်တော်ရေကပ်ပါ။ ပေါက်ပေါက်၊ မုန့်လုံးရေပေါ်ဆွမ်းများနဲ့ ကပ်လှူပါ။ ပြီးရင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော် ရွတ်ပါ။ ပရိတ်ရွတ်ပါ။ မေတ္တာသုတ်ရွတ်ပြီး မေတ္တာဘာဝနာပွားများပါ။ မဟာဝေဒဗ္ဗမန္တန်ကို တစ်ပတ်တစ်ကြိမ် အဓိဋ္ဌာန်နဲ့ရွတ်ပါ။

အတိုက်အခံများလွန်းရင် ပထမံဂါထာကို ပုတီး (၂) ပတ်၊ (၃) ပတ် ရသလိုစိပ်ပါ။ ဖုဋ္ဌဿဂါထာတော်ကိုစိပ်ပါ။

ဘုရားစေတီကို ခြေကျင်သွားပြီး ရင်ပြင်တော်မှာ တံမြက်စည်းလှည်းပါ။ ငှက်လေးတွေ အစာကျွေးပါ။

ကျန်းမာရေးအတွက် လိုအပ်ရင် ငါးအရှင်လေးတွေ၊ ငှက်အရှင်လေးတွေ လွှတ်ပေးပါ။ လိုအပ်ရင် ကြက်အရှင်ကိုဝယ်ပြီး ဘေးမဲ့လွှတ်ပေးပါ။ ဆေးလှူပါ။ ပရိမိတ္တဇာလသုတ်၊ ဇဟာရွှင်



www.burmeseclassic.com

www.burmeseclassic.com



သုတ်တော်တွေကို အစိဋ္ဌာန်နဲ့ရွတ်ပါ။ လမ်းများများလျှောက်ပါ။

ရင်ထဲ၊ ဝမ်းထဲမှာ လေကျပ်၊ လေထိုး၊ လေနာသလိုဖြစ်တတ်လို့ အစာကို အချိန်နဲ့စားပါ။

ပညာရေးကံတွေ အကောင်းဆုံး အကျိုးပေးနေပါတယ်။ ဒီထက်မကတောင် မြင့်မားတဲ့ ပညာရပ်တွေ သင်ကြားရပါလိမ့်မယ်။ အလုပ်စာမေးပွဲတွေဖြေဆိုရင်လည်း အောင်မြင်ပါလိမ့်မယ်။

အလုပ်ရဖို့ဖြေဆိုမယ်၊ ဒါမှမဟုတ် ရာထူးတိုးတွေဖြေဆိုမယ်ဆိုရင်လည်း အောင်မြင်ပါပြီ။

ချစ်တတ်သူတွေကတော့ ဒီနှစ်ထဲမှာ ခဏခဏ စိတ်ဝမ်းကွဲတတ်ပါတယ်။ စကားခဏခဏများတတ်ပါတယ်။ ငှက်ကလေးတွေ၊ ငါးလေးတွေကို အစာများများကျွေးပါ။ တနင်္လာနံမှန့်ဆိုင်လေးမှာ နှစ်ယောက်ထိုင်မုန့်စားဖြစ်ရင် ခရီးဝေးသွားတဲ့အကြောင်းတွေ သိပ်မပြောမိပါစေနဲ့။

ရပ်ဝေးခရီးတွေအတွက်ဆိုရင်လည်း စဉ်းစားပါ။

အကောင်းဆုံးအကျိုးပေးတဲ့လုပ်ငန်းသစ် စချင်ရင် အင်္ဂါနေ့မနက် (၇) နာရီမှာ စတင်လိုက်ပါ။

ထီ- ကြာသပတေးနံ့ထီဆိုင်တွေနဲ့ ၅၊ ၄၊ ၈၊ ၃ ဂဏန်းတွေ ကံစပ်နေပါတယ်။

ဒီနှစ်ထဲမှာ နံနက်စောစော အရဏ်ဆွမ်းခံကြွတော်မူလာတဲ့ သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။ အမြဲလိုလိုလှူပါ။ သရဏဂုံ (၃၀) ကို အဓိဋ္ဌာန် ခဏခဏဝင်ပါ။





ကိုယ့်နာမည်ဟာ စနေစပြီး ဗုဒ္ဓဟူးပိတ်မှည့်ထားတဲ့ တင်ဝ၊ ထွန်းရဲ၊ ထားလူ ဆိုတဲ့ နာမည်တွဲမျိုးတွေ ဖြစ်နေပြီဆိုရင်တော့ ဘာလောင်းကစားမှ မလုပ်ပါနဲ့။ ဥပဒေနဲ့ငြိစွန်းတာ ဘာမှမလုပ်ပါနဲ့။ ရန်မဖြစ်ပါနဲ့။ ဘယ်သူ့ကိုမှ အာမမခံပါနဲ့။ ဘာသာတရားရဲ့ အရိပ်အောက်မှာ ရိုးသားစွာကြိုးစားပြီး အောင်မြင်မှုတွေရယူပါ။

❋



www.burmeseclassic.com

www.burmeseclassic.com

# ထပ်မံစကားဆိုခြင်း

ဆောင်ရန်၊ ရှောင်ရန်လေးတွေနဲ့ပတ်သက်ပြီး အတိုင်းအတာတစ်ခုအထိ ကျေနပ်အားရကြပါစေလို့ ဆုတောင်းပါတယ်။

ရတနာမြတ် (၃) ပါးဂုဏ်ကျေးဇူးတော်တွေကိုပဲ အမိကထားပြီး ဆောင်ရွက်ရတာတွေ များပါတယ်။

ကုသိုလ်ပြုတာတွေများတော့ ကောင်းကံတွေ အလိုလိုတည်ဆောက်ပြီးသား ဖြစ်နေပါပြီ။

ဘုန်းကံတက်ချင်လို့ပဲဖြစ်ဖြစ်၊ ပညာရေးကံကောင်းချင်လို့ပဲဖြစ်ဖြစ်၊ စီးပွားတက်ချင်လို့ပဲဖြစ်ဖြစ် ရတနာမြတ် (၃) ပါးကို ကပ်လှူပူဇော်ခြင်းဟာ (၇)ရက်သားသမီးတိုင်းပြုသင့်တဲ့ ကုသိုလ်ကြီးတွေပါပဲ။

နံ့သင့်တာလေးတွေကိုရွေးပြီးလှူတာ၊ ဆွမ်းတော်ကပ်တာပြုထားတာဟာ ကုသိုလ်ကို ထပ်ပြီးအားဖြည့်ပေးတဲ့သဘောပါ။ နေ့စဉ် ကိုယ်တိုင် ပူဇော်နေလေ့ရှိတဲ့ ဆွမ်းတော်များ ကပ်လှူနိုင်လည်း ရပါတယ်။ ဒီကုသိုလ်ကြီးတွေကို ပြောင်းလဲဖို့ မဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ နံ့သင့်ကုသိုလ်တွေနဲ့ ထပ်အားဖြည့်ပေး၊ ပါရမီဖြည့်ပေးလိုက်တဲ့သဘောပါ။

နေ့တစ်နေ့ကို ဒီလို ကောင်းကံတွေနဲ့ စတင်လိုက်တဲ့အတွက် မကောင်းတဲ့ကံတွေဟာ ကိုယ့်ဆီတောင် မရောက်တော့ပါဘူး။ ဝေးဝေးကနေ လွှင့်သွားပါပြီ။ မပျက်ပြယ်ရင်တောင် အားပျော့သွားပါပြီ။

ဒါကြောင့်-

မနက်မိုးလင်းတာနဲ့ ကောင်းကံတွေကိုပြုဖို့ ပြသခဲ့တာ ဖြစ်ပါတယ်။

နိုင်ငံခြားပဲသွားချင်သွားချင်၊ စာမေးပွဲပဲဖြေဖြေ၊ အလုပ်ပဲ အဆင်ပြေချင်ပြေချင်၊ ကျန်းမာရေးပဲကောင်းချင်ကောင်းချင် အဲဒီကောင်းကံတွေကိုသာပြုပါ။ အောင်မြင်မှုတွေ ဝေဖြာလာပါလိမ့်မယ်။

တစ်ခုခုလုပ်ရတာ အခက်အခဲဖြစ်နေပြီဆိုရင် နံ့သင့်အကျိုးပေးလို့ ပြထားတဲ့ နာမည်ရှင်တွေနဲ့သာ အကူအညီတောင်းတာ၊ တိုင်ပင်တာ၊ အကြံဉာဏ်ယူတာပြုလုပ်ပါ။ အောင်မြင်ပါလိမ့်မယ်။

ဒီနံ့တော့ ငါလုပ်နေကျအလုပ်ပဲ။ ခု ဒီနှစ် မကောင်းတော့ပါလား ဆိုပြီး စိတ်ဓာတ်ကျဖို့ မဟုတ်ပါ။ သတိလေးနဲ့ ရှောင်သင့်တာကိုရှောင်ပြီး ဆောင်သင့်တာကို ဆောင်ဖို့သာ အကြံပြုထားတာပါ။

ညံ့နေတဲ့နှစ်ဆိုရင် ပိုရှုတ်ဖတ်ပါ။ ပိုကျင့်ပါ။





ညံ့တဲ့နှစ်မျိုးတွေမှာ သူများက နှိမ်လေ၊ ကိုယ့်အတွက် အကောင်းဆုံးယတြာဖြစ်နေလေပါပဲ။ ပိုတောင် ကျေးဇူးတင်ရပါဦးမယ်။

အကျိုးမပေးဘူး၊ ပေးတယ် ဆိုတာ မိဘ၊ မိသားစု ထည့်မတွက်ပါနဲ့။ သူစိမ်းတွေကိုသာ ဆိုလိုတာပါ။

ညံ့ရင် ဒီလိုလေးတွေရှောင်၊ ဒီလိုကိစ္စမှာ ဒီလိုအကျိုးပေးသူနဲ့ တိုင်ပင်ပြီးပြုလုပ်။ ဒီသဘောပါပဲ။ ညံ့တယ်၊ လုပ်လို့မဖြစ်ဘူး ဆိုပြီး ဘာမှစိတ်ဓာတ်ကျစရာအကြောင်း မရှိပါဘူး။ ရှောင်တတ်အောင်သာ ပြထားတဲ့သဘောပါ။

တချို့ဆို အရမ်းညံ့ပါတယ်ဆိုတဲ့နှစ်တွေမှာ ရာထူးတိုးသွားတာတွေ၊ ငွေအစုလိုက်အပုံလိုက်ဝင်တာတွေ၊ အိမ်ပိုင်ဖြစ်သွားတာတွေ ရှိပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ သူတို့ကို ညံ့ပြီလို့ ပြောလိုက်တာနဲ့ သူတို့တွေဟာ ကိုယ့်ကိုယ်ကိုယ်နှိမ့်ချ၊ လောဘသတ်၊ တခြားသူတွေထက် ပိုရှုတ်၊ ပိုကျင့်၊ ပိုအဓိဋ္ဌာန်တွေဝင်ကြတော့လို့ပါပဲ။

တကယ် အတုယူလောက်သူတွေပါ။

ဒါကြောင့်-

ညံ့တယ် ဆိုတာ ရှောင်တတ်အောင် ပြထားခြင်းသာ ဖြစ်ပါတယ်။

ဆိုကြပါစို့-

ညံ့တယ်၊ ငွေကံမကောင်းဘူး ဆိုတဲ့ နှစ်တွေမှာ ကိုယ့်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



အကျင့်သီလကြောင့် ငွေတွေဝင်လာပြီဆိုတာနဲ့ လက်ထဲမှာမထားပါနဲ့တော့။ ဘဏ်မှာအပ်လိုက်တာတို့၊ လုပ်ငန်းထဲ ထည့်လိုက်တာတို့ လုပ်လိုက်ပါ။ ဒါဟာ လက်ထဲ ငွေမရှိတော့တာနဲ့ အတူတူပါပဲ။ ဒီလိုမှမဟုတ်ရင် အဲဒီငွေတွေဟာ ခေါင်းစဉ်အမျိုးမျိုးနဲ့ ကုန်သွားပါလိမ့်မယ်။

ဒီလိုသဘောမျိုးတွေပါ။

ကြိုတင်သိရှိရန် ဆိုတဲ့ ရှေ့ဆုံးက စကားစုလေးတွေရယ်၊

ထပ်မံစကားဆိုခြင်း ဆိုတဲ့ အခု စကားစုလေးတွေရယ်ကို အထပ်ထပ် ပြန်ပြန်ဖတ်ကြည့်ပြီးတာနဲ့ ဆောင်ရန်၊ ရှောင်ရန်တွေကို စတင်လို့ရပါပြီလို့ မင်္ဂလာစကားဆိုရင်း…။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com